

www.burmeseclassic.com
ဘုန်းကြီးနေရာ
သတ်၍မသေ သေ၍မသတ် ဘုံကြိုးပြတ်ရှာသူ
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၄၈၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၀၆၀၅၀၉

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၀၊ ဖေဖော်ဝါရီလ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ
ရွှေပဒေသာအော့ဖ်ဆက်
အမှတ်၃၁/၃၃၊ ၅၃လမ်း
ဗိုလ်တထောင်မြို့နယ်၊

ဖြန့်ချေး - ၁၂၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅. ၈၃

ဘုန်းမီးနေလ

သတ်ရျှမသေ၊ သေရျှမသတ်၊ ဘုံကြီးပြတ်ရွာသူ / ဘုန်းမီးနေလ ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၀၉ ။
၁၉၃ စာ၊ ၁၂. ၃ × ၁၈ စင်တီ ။
(၁) သတ်ရျှမသေ၊ သေရျှမသတ်၊ ဘုံကြီးပြတ်ရွာသူ

BURMESE CLASSIC .com

## အခန်း ( ၂ )

ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီး၏တစ်နေရာတွင် သုသာန်ကွေ့တစ်ခုရှိ၏။ ထိုသုသာန်ကွေ့မှာ ညောင်လေးပင်နှင့် တောင်ငူလမ်းပိုင်းအတွင်းမှာ တည်ရှိလေသည်။

ထိုသုသာန်ကွေ့မှာ ခေတ်အဆက်ဆက်ကတည်းက နာမည်ကြီးခဲ့၏။ ကောင်းသောကျော်ဇောခြင်းမဟုတ်၊ မကောင်းသောကျော်ဇောခြင်းမျိုးနှင့် ထိုရပ်ဝန်းကျင်နယ်ပယ်တစ်ခွင်မှာ ထင်ရှားခဲ့ခြင်းဖြစ်လေသည်။

ထိုသုသာန်မှာ မြို့ကလေးတစ်မြို့၏ မြောက်ဘက်အရပ်အစွန်မှာ တည်ရှိပြီး၊ သုသာန်ရှေ့နားရောက်ကာမှ ကားလမ်းကြီး



www.burmeseclassic.com

www.burmeseclassic.com



က ကွေ့ချိုးသွားရလေသည်။ ရထားလမ်းနှင့်ကားလမ်း ပြိုင်နေသလိုဖြစ်ရာကနေ သုသာန်ကွေ့ကျမှ ကားလမ်းက ရထားလမ်းဘက်ကွေ့ချိုးပြီး ဖြတ်ကျော်သွားခြင်းပင်။

ထို့ကြောင့် ထိုသုသာန်နှင့်မနီးမဝေးမှာ သံလမ်းတံခါးပိတ်တစ်ခုလည်းရှိနေ၏။ ရထားနှင့်ကား တိုက်မိမှာစိုးသောကြောင့် ဤဂိတ်တံခါးကို မြို့စွန်နှင့်ဝေးရာမှာဖြစ်လင့်ကစား တမင်လာတပ်ဆင်ထားခြင်းဖြစ်သည်။

သံလမ်းကူးဂိတ်တံခါးကို မြို့ငယ်လေးဘူတာရုံမှာ အလုပ်လုပ်ခဲ့ဖူးသော ပင်စင်စားအဘိုးကြီးအရွယ်လင်မယားတို့ စောင့်ကြပ်ကြရ၏။ ရထားလာလျှင် ဂိတ်တံခါးပြေးပိတ်ရ၏။ ယခင်ခေတ်မှာတော့ အချက်ပြကိရိယာတိုင်မြင့်ကြီးကို လှမ်းကြည့်ပြီး၊ အလံထောင်မထောင်လှမ်းကြည့်ကာ ရထားလာမလာကို သိရနိုင်၏။ ယခုခေတ်မှာတော့ ဖုန်းတပ်ဆင်ထား၍ ရထားလာချိန်ကို ကြိုတင်သိပြီး ဂိတ်ပိတ်ထားနိုင်၏။

ဂိတ်နှင့်သုသာန်ကွေ့က ခြေလှမ်းသုံးဆယ်လောက်သာ ရှိ၏။ သုသာန်ဘေးမှာရှိသောကွေ့မို့ လူတွေက သုသာန်ကွေ့ဟု အလွယ်ခေါ်ကြရာမှ အမည်တွင်သွားခြင်းဖြစ်သည်။

'သုသာန်ကွေ့' နာမည်ကြီးရခြင်းမှာ တစ်နှစ်တစ်ခါ (သို့





မဟုတ်) နှစ်နှစ်တစ်ခါ (သို့မဟုတ်) သုံးနှစ်တစ်ခါ ကားမှောက်တတ်ခြင်း၊ ကားတိုက်ခံရခြင်း၊ ရထားတိုက်ခံရခြင်း အစရှိသောအန္တရာယ်တွေ ဖြစ်ပေါ်တတ်ခြင်းပဲဖြစ်သည်။

တိတိပပဆိုရလျှင် သုံးနှစ်အတွင်း ဤနေရာမှာ လူအသေအပျောက်ကျိန်းသေရှိတတ်ခြင်းပင်။ အစဉ်အလာသမိုင်းကြောင်းကို ပြန်တွက်ကြည့်လျှင်လည်း သုံးနှစ်တစ်ကြိမ်ဖြစ်ခဲ့တာချည်းပင်။

သုံးနှစ်လွန်သည်အထိ ဘာမှမဖြစ်ခဲ့သောနှစ်ရယ်ဟူ၍မရှိ။ ထိုသို့ဖြစ်ရခြင်းကို ဒေသခံလူတွေက အမျိုးမျိုးဝေဖန်ထင်ကြေးပေးတတ်ကြ၏။

"ဒီကွေ့က. . . တစ်နှစ်ကို အနည်းဆုံးတစ်ယောက်နှုန်းနဲ့ သုံးနှစ်အတွင်း လူသုံးယောက်လောက်ကို အက်ဆီးဒင့်မျိုးစုံနဲ့ ကိစ္စတုံးပစ်တတ်တယ်။ အမြဲသတိထားနေကြ. . .။ ဒီကွေ့ဘက်ကို မြို့ထဲကလူတွေ ဖြတ်သွားဖြတ်လာလုပ်တိုင်း ဘုရားစာရွတ်ဖတ်သွားကြရင် ပိုအန္တရာယ်ကင်းလိမ့်မယ်"

"အဲဒီကွေ့က သုသာန်သင်္ချိုင်းမှာ. . . အဲ့ဒီဇရပ်ပျက်ကြီးကလည်း နာမည်ကြီးပဲ။ သရဲပေါင်းစုံ ခိုလှုံကျက်စားတဲ့နေရာကြီးပေါ့"

"အိုဗျာ. . . သုသာန်ကွေ့ကိုရှောင် အိုတောင်မသေဘူး။ မီးစာကုန်ဆီခန်းပြီး ကံကုန်မှသာသေလိမ့်မယ်။ သုသာန်ကွေ့ကဘေး



www.burmeseclassic.com

www.burmeseclassic.com



မီးစာမကုန်ဆီမခန်းခင် ကံအနိမ့်ကြီးနိမ့်တာနဲ့ တန်းခနဲခေါ်တော့တာပဲ။ ဒါကြောင့်ရှောင်ဗျ. . . ရှောင်ကြ. . . ရှောင်ဟ”

အဲဒီလိုတွေ လူပြောသူပြော်များပြီး သတင်းကြီးတတ်တဲ့ သုသာန်ကွေ့ဟာ တစ်နှစ်မှာတစ်ခါဆိုတဲ့အဖြစ်ကို အမြစ်ချိုးပြီး တော်လှန်လိုက်တဲ့ကိစ္စဆိုးတစ်ခု ဖြစ်ပေါ်လာတော့လေရဲ့။

ဒီကိစ္စဆိုးကြီးဆိုတာက သုသာန်ကွေ့မှာ ညဘက်ရောက်တိုင်း အခြောက်ကြမ်းနေပါသတဲ့။ ဘယ့်နှယ့်ဘယ်လိုဖြစ်ရတာလဲပေါ့။

အရင်က ဒီဒေသကလူတွေကို သိပ်မလုပ်ဘူး။ ဖြစ်လိုက်ရင် တခြားဒေသကလူတွေချည်းပဲ။ ဖြတ်သွားဖြတ်လာဧည့်သည်တွေ သေကြကြရတာများတယ်။ ဒီဒေသခံတချို့ပါပေမယ့် ဧည့်သည်တွေလောက် မများလှဘူး။

ခုမတော့ ဒီဒေသခံတွေဘက်ကို အခြောက်ကြမ်းတော့မတဲ့။

လူတွေရဲ့ပါးစပ်ဆိုတာ သူ့ထက်ကဲပြီး ပိုစိတ်ဝင်စားအောင်ချဲ့ကားပြောတတ်တယ်လေ။

လှုပ်တာ၊ လှန့်တာ၊ ခြောက်တာနည်းနည်း။ လူတွေရဲ့ပါးစပ်က လှုပ်ဖွ၊ လှန့်ဖွ၊ ခြောက်ဖွပြီး ဖွပစ်လိုက်တဲ့သတင်းစုံကြီးက ပိုလန့်၊ ပိုထိတ်၊ ပိုချောက်ချားစရာကြီးဖြစ်ရတာက ခပ်များများဖြစ်





နေတော့တာပါပဲ။

ဟုတ်မဟုတ်၊ မှန်မမှန်၊ ယုတ္တိယုတ္တာရှိမရှိဆိုတာကိုဖြင့် စာဖတ်ပရိသတ်ကြီးမှ အကဲဖြတ်တော်မူကြပါလေတော့။

✠ ✠ ✠



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

ညနေခြောက်နာရီ. . .။

မိုးလေးတဖွဲဖွဲရွာနေ၏။ ကောင်းကင်တခွင် မှိုင်းညို့မှောင်ရီနေသည်။ သုသာန်ကွေ့လမ်းသားမှာ အလယ်မို့မောက်ပြီး ဘေးနှစ်ဖက်မှာ နိမ့်စောင်းနေ၏။ မိုးရေစွတ်စိုသဖြင့် ပြောင်ချောနေလေသည်။

ရန်ကုန်ဘက်မှ မောင်းနှင်လာသော 'မန်းရွှေလွင်' မှန်လုံအမြန်ယာဉ်မှာ အပြင်းမောင်းချလာ၏။ သုသာန်ကွေ့နားရှိ မီးရထားလမ်းကူးတံခါးမပိတ်မီ အမြန်ဖြတ်ကျော်ဖို့ လီဗာဖိနင်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ. . . ဝေါ. . . ဝူး"

သုသာန်ကွေ့လမ်းကို ကားစတီယာရင်ဆွဲအကွေ့မှာ ကားဘီးတွေ ပြောင်ချောသောလမ်းသားပေါ်မှာ စလစ်ဖြစ်ပြီး ကားတစ်စင်းလုံး လမ်းဘေးကိုတိမ်းမှောက်သွား၏။

"အမယ်လေး! "

"အား. . ."

"ကယ်တော်မူကြပါ. . ."

"ဝုန်း! ဒုန်း! ခွမ်း! ဒိုင်း! "

လမ်းပခုံးဘေးမှာ လူတစ်ရပ်ခန့်နက်သောချောက်ရှိနေ၏။ မြေသားဖို့ထားသောလမ်းအမြင့်ပေါ်မှ ကားတစ်စီးလုံးထိုးကျပြီး ဘေးစောင်းမှ ပက်လက်လန်ကာ ကားဘီးတွေ မိုးပေါ်ထောင်ပြီး လည်ပတ်သွား၏။

"ဟာ! ကားမှောက်ပြီဟ"

ဂိတ်စောင့်အဘိုးကြီးက ဂိတ်တံခါးပိတ်ရင်း အလန့်တကြား အော်ပြောလိုက်မိ၏။ အဘိုးကြီးအသံကြောင့် အဘွားကြီးက ဟင်းချက်နေရာမှ နောက်ဘက်တံခါးပေါက်တွင် ခေါင်းပြူပြီးလှမ်းကြည့်ကာ. . .

"ဘုရား. . . ဘုရား. . . ဘုရား"





တိမ်းမှောက်နေသောကားကြီးရဲ့ဘီးတွေ လည်ပတ်နေရာက ရပ်တန့်သွား၏။ ကားထဲမှာ ညည်းတွားသံ၊ အော်ဟစ်အကူအညီတောင်းသံ၊ ငိုယိုသံတွေ လုံးထွေးပေါ်ထွက်လာ၏။

အဘိုးကြီးက ဝေါက်လှည့်ဖုန်းဖြင့် အကြောင်းကြားလိုက်၏။ ဘူတာမှတစ်ဆင့် ဆေးရုံနှင့် ရဲစခန်းကို ဖုန်းဆက်အကြောင်းကြားပေး၏။ ထိုမှတစ်ဆင့် ကြက်ခြေနီတွေဆီ။

နာရီဝက်အတွင်းမှာ သက်ဆိုင်ရာတွေ ရောက်လာကြ၏။ ဖြတ်သွားဖြတ်လာကုန်တင်ယာဉ်တွေကလည်း ရပ်တန့်ပြီး ကားထဲမှာ ညှပ်ပိတ်နေသူတွေကို မှန်ခွဲပြီး ခဲရခဲဆစ်ဆွဲထုတ်ပေးကြ၏။

"ကယ်ကြပါ. . . ကယ်တော်မူကြပါရှင့်"

"လာပြီ. . . လာပြီ။ အားတင်းထား. . . ဘာမှမဖြစ်တော့ဘူး"

"အမယ်လေး. . . နာလိုက်တာ"

"အား. . . ကျွတ်. . . ကျွတ်"

"ဒီဘက်မှန်ကိုခွဲ၊ အထဲမှာ ထိုင်ခုံနဲ့ညှပ်နေတဲ့လူကိုဆွဲထုတ်။ မြန်မြန်လုပ်ကြ"

ကယ်ဆယ်ရေးအဖွဲ့တွေ ကယ်တင်လိုက်ကြလို့ ခရီးသည်အတော်များများကို အသက်ရှင်လျက်နဲ့ပြန်ကယ်နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာနည်းနည်းရတဲ့လူ. . .

ဒဏ်ရာများများရတဲ့လူ. . .

ဒဏ်ရာပြင်းထန်တဲ့လူ. . .

သေရေးရှင်ရေးစိုးရိမ်ရတဲ့လူ. . .

သေလူကတော့ သုံးယောက်. . .

ဒရိုင်ဘာက စတီယာရင်ညှပ်ပြီး သေသွားတယ်။ အလန့်တကြားနဲ့ ထရပ်တဲ့ခရီးသည်လည်း ညှပ်ရိုက်ခံရသလိုဖြစ်ပြီး သေသွားတယ်။ မိန်းမပျိုလေးတစ်ယောက်ကတော့ နှလုံးရောဂါသည်မို့ အလန့်လွန်ပြီး နှလုံးသွေးရပ်,သေသွားတာ။ ထိခိုက်ပွန်းပဲ့ဒဏ်ရာလောက်ကလွဲရင် ကြီးကြီးမားမားဒဏ်ချက်မရှိဘဲ သေသွားရတာ။

သေရေးရှင်ရေးစိုးရိမ်ရတဲ့လူက နှစ်ယောက်။ အသက်ငါးဆယ်အရွယ်အပျိုကြီးနှစ်ယောက်ပေါ့။

ပြင်းပြင်းထန်ထန်ဒဏ်ရာရသူက သုံးယောက်။ ခြေကျိုး၊ လက်ကျိုး၊ နံရိုးကျိုးကုန်ကြတာ။ ကျန်တာတွေကတော့ စိုးရိမ်စရာမရှိတဲ့ဒဏ်ရာတွေပါ။

အဲ့ဒီမှန်လုံအမြန်ယာဉ်မှောက်တာ လူသုံးယောက်ကတော့ ပွဲချင်းပြီးသေသွားတယ်။ သေရေးရှင်ရေး ဆေးရုံတင်ထားရတဲ့လူတွေကတော့ ဘုရားတရားမြဲမြဲလို့ အသက်ပြန်လုလိုက်နိုင်တာနဲ့





ပြန်ရှင်ကုန်ကြတယ်။

ဒရိုင်ဘာနောက်ခုံမှာ ထိုင်လိုက်လာတဲ့ အကူယာဉ်မောင်းကတော့ ဒီယာဉ်တိမ်းမှောက်ရတဲ့ဖြစ်စဉ်နဲ့ပတ်သက်ပြီး သက်ဆိုင်ရာကို သူကိုယ်တွေ့မျက်မြင်ရှင်းပြတဲ့အခါမှာတော့. . .

“ရန်ကုန်ကနေ နေ့လယ် (၂)နာရီမှာ ထွက်လာတာပါ။ ဒီမြို့လေးရောက်တော့ ညနေ (၆)နာရီထိုးနေပြီ။ မိုးကာလဆိုတော့ ည (၆)နာရီဟာ မမှောင်သေးပါဘူး။ (၇) နာရီလောက်မှ မိုးချုပ်တာပါ။ မြင်ကွင်းက ရှင်းရှင်းလင်းလင်းရှိပါသေးတယ်။ ဒီကွေ့နားရောက်တော့ ဆံပင်စုတ်ဖွားနဲ့ ထဘီကြောင်ကျား၊ ရင်ဖုံးအကျီဟပြဲနဲ့မိန်းမကြီးတစ်ယောက် ကျွန်တော်တို့ကားကို ရုတ်တရက်တားလိုက်တယ်။ လမ်းအတိုင်းသွားနေရင်းက ကားအနားရောက်မှ ဖျတ်ခနဲ ကားရှေ့မှာ ကားရားကြီးပိတ်ရပ်ပြီးတားလိုက်တာ. . .။ အဲ့ဒါကို ဒရိုင်ဘာကမြင်လို့ တိုက်မိမှာစိုးလို့ စတီယာရင်ကိုဆွဲကွေ့ပြီးထိန်းလိုက်တာ စောင်းဖြစ်နေတဲ့လမ်းသားပေါ်မှာ ဘေးဘက်ကိုအယူများလို့ ကားဝိတ်နဲ့စလစ်ဖြစ်ပြီး မှောက်သွားရတာ။ အဲ့ဒီမိန်းမကိုသာ မရှောင်လိုက်ရင် မှောက်မှာမဟုတ်ဘူး။ လူတိုက်မှုဖြစ်ရင် ဒရိုက်ဘာ့အနေနဲ့ မလွယ်ဘူးမဟုတ်လား. . .။ ဒရိုင်ဘာက စိုးရိမ်တကြီးနဲ့ဆွဲကွေ့လိုက်ရတော့ မှောက်ရော။ ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်တော်ပါ မသေတယ်"

ဟိုင်းဝေးအကူဒရိုင်ဘာလိုပဲ ရှေ့ခန်းမှာ ထိုင်လိုက်လာတဲ့ စပယ်ရာကလည်း အဲဒီမိန်းမကြီးကို ထိတ်လန့်ဖွယ်ရာမြင်တွေ့လိုက်ရကြောင်းကို အစစ်ဆေးခံတယ်။

ဒီသတင်းက ပျံ့နှံ့သွားပြီး ဒီသုသာန်ကွေ့သချိုင်းဇရပ်မှာ တောထင်တောင်ထင် ထင်ကုန်ကြတယ်။

တွေးတတ်တဲ့လူတွေကတော့ သူတို့ကား အမှုပေါ်အောင်လို့ တမင်ဆင်ခြေပေးတာလို့ ဝေဖန်ကြတယ်။ ရထားသံလမ်းဂိတ်စောင့်တဲ့အဘိုးကြီးကတော့ သူ့ဘာသာသူ စလစ်ဖြစ်ပြီး၊ လမ်းဘေးချော်ရာက တိမ်းမှောက်သွားရတာပါတဲ့။

ဘယ်လိုပဲဖြစ်ဖြစ်. . . အဲဒီလိုယာဉ်မှောက်မှုကြောင့် လူသုံးယောက် သေသွားတယ်။ ဒီတစ်နှစ်စာငြိမ်းသွားပြီ ဒီနေရာလို့တွက်ဆနေကြတုန်းမှာပဲ နောက်တစ်လအကြာမှာ ဒီကွေ့ရဲ့လမ်းဘေးအိုင်မှာ ကွန်ပစ်ပြီး ငါးဖမ်းနေတဲ့အဘိုးကြီးတစ်ယောက်ကို ဇိမ်ခံကားတစ်စီးက အရှိန်ပြင်းပြင်းနဲ့ဝင်တိုက်သွားလို့ ထပ်သေပြန်တယ်။

ဘယ်လိုဖြစ်ရပြန်တာလဲပေါ့။ တိုက်ဆိုင်မှုပဲဖြစ်မှာပါပေါ့။ ဒေသခံလူတွေက ဒီလိုလေး ခပ်ပေါ့ပေါ့ယူဆလိုက်ကြတယ်။





သိပ်မကြာဘူး. . .

နောက်သုံးပတ်မှာ မန္တလေးဘက်ကလာတဲ့ ဟိုင်းလတ်လူစီးယာဉ်နဲ့ ရန်ကုန်ဘက်ကလာတဲ့ ကုန်တင်ဒိုင်နာကားတစ်စင်း ခေါင်းချင်းဆိုင် အောင်းထည့်လိုက်တာ၊ လူနှစ်ဦးသေပြီး ကျိုးပဲ့ဒဏ်ရာရသူ ခြောက်ဦးအထိရှိခဲ့ရပြန်တယ်။

"ဒီကွေ့က လူစားတယ်"

"ဒီနေရာက ပိုကြမ်းလာတယ်"

"ဒီနှစ်ထဲမှာပဲ လူခြောက်ယောက် ရှောသွားရပြီ။ ဒီကွေ့က မလွယ်တော့ဘူး"

ဒေသခံတွေ ဒီလိုဝေဖန်ကောင်းနေကြတုန်း နောက်နှစ်ပတ်အကြာမှာပဲ ဒိုင်နာခေါင်းခန်းမှာ စီးလာတဲ့ကျောင်းဆရာမလေးတစ်ယောက် ထပ်သေရပြန်တယ်။

ဒရိုင်ဘာကော့ ယာဉ်မောင်းကြမ်းပြီး၊ ဂိတ်ပိတ်တဲ့နေရာနားအရောက်မှာ ဘရိတ်ကို အကြမ်းပတမ်းဆောင့်အုပ်လိုက်ရာ ခေါင်းခန်းအလယ်မှာ လက်လွတ်ထိုင်လာတဲ့ ဆရာမလေးခမျာ တံခါးနဲ့ ဆောင့်လိုက်တဲ့အရှိန်ကြောင့် လူတစ်ကိုယ်လုံး ကားရှေ့မှန်ကို ဖောက်ပြီး ကားရှေ့ကို ကျွမ်းပစ်ကျသွားတယ်။

ခေါင်းနဲ့ ကတ္တရာလမ်းနဲ့ ပြင်းထန်စွာရိုက်မိပြီး နေရာမှာတင်



www.burmeseclassic.com

www.burmeseclassic.com



ပွဲချင်းပြီးသေခဲ့ရတာလေ။

သုံးနှစ်အကြာတုန်းက လူသုံးဦး. . .

တစ်လအကြာမှာ လူတစ်ဦး. . .

သုံးပတ်အကြာမှာ လူနှစ်ဦး. . .

နှစ်ပတ်အကြာမှာ နောက်တစ်ဦးဆိုတော့ ဒီကွေ့ကို ဒေသခံတွေ အထိတ်လန့်ကြီး ထိတ်လန့်ကုန်ကြတယ်။ ဒီမြို့ခံဖြစ်တဲ့ ကွန်ပစ်တဲ့အဘိုးကြီးရယ်၊ မြို့ကားဂိတ်က တက်လိုက်ပြီး ခရိုင်မြို့ကြီးကို ဈေးဝယ်သွားတဲ့ မြို့လေးထဲက ဆေးဆိုင်ပိုင်ရှင်လူကြီးရယ်။ မြို့လေးမှာ နေအိမ်ရှိပြီး ကားလမ်းဘေးရွာလေးတစ်ရွာက မူလတန်းကျောင်းမှာ စာသင်ဖို့သွားတဲ့ဆရာမလေးရယ်။ မြို့ခံသုံးဦးအထိပါသွားတော့ ဒီကွေ့ကိုအတော်လန့်ကုန်ကြတယ်။

ဒါ တိုက်ဆိုင်မှုမဖြစ်နိုင်တော့ဘူး။ မျက်စိနဲ့မမြင်ရတဲ့ ပရလောကထဲက လောကသားတွေရဲ့ ဖန်တီးစီရင်မှုပဲဖြစ်ရမယ်။ ဒီလိုတွေ တွေးတောဝေဖန် ထိတ်လန့်လာကုန်ကြတော့တာပေါ့။

ဟုတ်တယ်လေ. . .

သေသွားခဲ့တာကလည်း အစိမ်းသေတွေဆိုတော့ ဒီကွေ့လေးမှာ နွားရိုင်းသွင်းချိန်ကစပြီး ခြောက်တဲ့လှန့်တဲ့ဇာတ်လမ်းတွေက စ,ကုန်ပြီ။ ဇာတ်လမ်းတွေက ဇာတ်ကြမ်းတွေချည်းပဲ။ ဘယ်သူမှ





တော့ ကိုယ်တိုင်မမြင်ဖူးကြဘူး။

တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားကြရတဲ့သတင်းတွေပေါ့။ မိန်းမတစ်ယောက်က ရွာတွေမှာ ရေခဲချောင်းလိုက်ရောင်းတဲ့ ဖိုးတုတ်ကြီးရဲ့ဘီးကို ကွေ့မှာဆွဲထားလို့တဲ့။ ဖိုးတုတ်ကြီးဆိုတာ စက်ဘီး ဘယ်လောက်ပဲနင်းနင်း ရှေ့ကိုမရွေ့တော့ဘူး။ နောက်က ဆွဲထားတယ်ထင်လို့ ဆတ်ခနဲလှည့်ကြည့်လိုက်တော့ ခေါင်းမပါတဲ့ခန္ဓာကိုယ်ကြီးက စက်ဘီးနောက်ဘီးကိုမြောက်အောင် မ,ပြီးဆွဲထားသတဲ့။

"ဟုတ်လိမ့်မယ်. . .။ ဝက်သားတွေ ခေါင်းရွက်ဗျပ်ထိုးလိုက်ရောင်းတဲ့မသေးတင်လေ၊ ရွာစဉ်လှည့်ပြီးလိုက်ရောင်းရာက ရောင်းမကုန်တဲ့ဝက်သားတွေ တောင်းထဲထည့်ပြီး ကတ္တရာလမ်းအတိုင်းမြို့ကိုပြန်လာတာ။ အဲ့ဒီကွေ့ကိုရောက်တော့ နောက်ကနေ တောင်းဆွဲပြီး. . . တောင်းထဲက ဝက်သားတွဲကြီးကို အတင်းလုသွားသတဲ့။ မသေးတင်ဆိုတာ ကြောက်လွန်းလို့ အဲ့ဒီနေရာမှာတင် သေးဖြန်းဖြန်းပါရော. . ."

တစ်ယောက်တည်းမောင်းလာတဲ့ဇိမ်ခံကားတွေက သုသာန်ကွေ့ကို ဇာတ်မသိတော့ အဲ့ဒီနား လူသူရှင်းတယ်။ ချုံပုတ်တွေချည့်ပဲဆိုပြီး ပေါက်တောလုပ်ပါလေရော။ ကားပေါ်ကို ပြန်တက်တော့



www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်းမှာ လူသုံးယောက် လိုက်လာတယ်။ တစ်ယောက်မှ ခေါင်းမပါဘူး။ ဒါနဲ့လန့်အော်ပြီး မောင်းပြေးလာတယ်။ မြို့ထဲ ရောက်တော့မှ ဘုန်းကြီးကျောင်းထဲ မောင်းဝင်ပြီး ဘုန်းဘုရားတွေ ကိုလျှောက်ထားကာ ပရိတ်ရေ တောင်းသောက်ရတော့တယ်။

ဒီလိုမျိုးပါးစပ်သတင်းတွေကတော့ တစ်ဆင့်စကားတစ်ဆင့် နားနဲ့ ပြန့်ကား ပွားများသွားတော့တာပဲ။ သုသာန်ကွေ့ကတော့ ပိုနာမည်ကြီးသွားတာပေါ့။

အဲ့ဒီသတင်းတွေက မြို့ပြမှာ စာရေးနေတဲ့မောင်ဘုန်းဆီ ကို ရောက်ရှိလာတယ်။ သုသာန်ကွေ့နားက မြို့ကလေးမှာ မောင် ဘုန်းရဲ့သူငယ်ချင်းက မြို့စွန်ထွက်ပြီး စားသောက်ဆိုင် ဖွင့်ထား တယ်။ မြို့ပြလာတိုင်း မောင်ဘုန်းရဲ့တိုက်ခန်းမှာ လာတည်းတတ် တယ်။

မောင်ဘုန်းရဲ့တိုက်ခန်းက မြို့ထဲမှာ။ နေတာကလည်း တစ် ယောက်တည်း။ အသက်ကလည်း နှစ်ဆယ်ကျော်။ လူပျိုလူလွတ် ဆိုတော့ မောင်ဘုန်းဆီမှာ တည်းခိုရတာ လွတ်လပ်လို့ လာတည်း တာပေါ့။ မောင်ဘုန်းရဲ့သူငယ်ချင်း ဖိုးညီကလည်း အသက်အစိတ်နဲ့ စီးပွားရေးကို ဖိဖိစီးစီးလုပ်ကိုင်နိုင်နေတဲ့သူ။ အိမ်ထောင်စောစော ပြုပြီး စီးပွားရေးလုပ်နေသူ။





"ဒီတစ်ခေါက်တော့ မင်းနဲ့အတူ အလည်လိုက်ရလိမ့်မယ်"

"ဘာဖြစ်လို့လဲ မောင်ဘုန်း။ ထူးထူးခြားခြားပါလား"

"သုသာန်ကွေ့ဆိုတာကြီးကို လေ့လာစူးစမ်းဖို့ပေါ့ကွာ"

"ဩော်. . . ဟော်, မင်းက အဲ့ဒါမျိုးတွေ လိုက်လေ့လာနေ တဲ့လူဆိုတော့ ရေငတ်တုန်းရေတွင်းထဲကျဖြစ်ရပြီပေါ့ကွာ။ ကြည့် လည်းလုပ်ဦးနော်. . .။ ဒီတစ်ပွဲကတော့ တကယ်ကြမ်းတဲ့နေရာ၊ ခြောက်သည်ဆို ပိုခိုက်တဲ့နေရာ"

"ဘာပဲဖြစ်ဖြစ် ငါလိုက်မယ်ကွာ"

"လိုက်ကွာ. . . နေထိုင်စားသောက်ရေးကိုတော့ ငါတာဝန် ထား။ စိတ်ကြိုက်သာ လေ့လာပေတော့။ မင်းဆီကိုချည်း ငါလာ ညှင်းနေတာကြာပြီ။ ဒီတစ်ခါ မင်းကို ငါတစ်လှည့်ပြုစုရမှာပေါ့။ ငါ့မိန်းမကတော့ ငါ့သဘော။ မင်းလေ့လာတဲ့ဟာတွေဆို သိပ်စိတ် ဝင်စားတာကွ"

"အေးပါ. . . မင်းမိန်းမသိချင်တာတွေ ပုံပြောသလိုကို ငါ ပြောပြပါ့မယ်။ စိတ်ချ"

ဒီလိုနဲ့ မောင်ဘုန်းတစ်ယောက် ဖိုးညီနဲ့ လိုက်ဖြစ်ခဲ့တော့ တယ်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"မင်းတို့မြို့လေးက. . . ကားစီးရတာ ခါးညောင်းတဲ့အထိ ကို စီးရတာပဲနော်။ လမ်းမှာလည်း မရပ်ဘူး"

"ဟိုက်ဝေးရှည်ရင် ရပ်ပါတယ်။ ငါတို့မြို့က ဇကောဇကခရီး လောက်ဖြစ်နေတာကိုး"

မောင်ဘုန်းတစ်ယောက် ဖိုးညီတို့မြို့လေးကို ကားထိုးဆိုက် တာနှင့် ခါးဆန့်ရင်းပြောလိုက်ခြင်းဖြစ်၏။ မြို့ရောက်တော့ မြို့ထဲ က ဖိုးညီတို့မိဘအိမ်ကို ခဏဝင်ဖြစ်ပြန်သည်။ ဖိုးညီမိဘတွေက မြို့မျက်နှာဖုံးတွေပေ့ါ။ ဖော်ရွေခင်မင်ကြပါတယ်။ ဧည့်ဝတ်လည်း ကျေပွန်ကြပါတယ်။ မြို့ထဲမှာပဲ တည်းခိုခိုင်းနေလေရဲ့။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်ဘုန်းက ဖိုးညီရဲ့စားသောက်ဆိုင်ဖွင့်ထားရာက မြို့စွန်မှာပဲ တည်းခွင့်ပြုဖို့ အဖန်ဖန်ခွင့်တောင်းမှပဲ အားနာပါးနာနဲ့ ခွင့်ပြုလိုက်ကြတယ်။

မြို့စွန်ကို ဖိုးညီရဲ့ဆိုင်ကယ်လေးနဲ့ လိုက်လာလိုက်တယ်။ ဖိုးညီက သူ့ဆိုင်ကယ်ကို သူ့မိဘအိမ်မှာ အပ်ထားပြီး မြို့ထဲကားဂိတ်ကနေ မြို့တော်ကို စီးလာခဲ့တာကိုး။ မြို့တော်က ပြန်ရောက်တော့ မိဘအိမ်မှာထားတဲ့ဆိုင်ကယ်ကို ပြန်ယူလာခဲ့ခြင်းပင်။

မြို့ထဲနှင့်မြို့ပြင်က သုံးမိုင်ခန့်ဝေးကွာ၏။ မြို့ပြင်ကဆိုင်ကိုရောက်တော့ ဆိုင်ရှေ့မှာ ဆိုင်ကယ်ထိုးရပ်ရင်း. . .

"ဟော့ဒါ. . . ငါ့ဆိုင်ပဲ"

"သားနားလှချည်လား"

"စိတ်ကြိုက်ပြင်ဆင်ခြယ်သထားတာလေကွာ"

ဟိုက်ဝေးပွိုင့်ဆိုတဲ့စားသောက်ဆိုင်လေးက အတော်ကြီးကို သားနားသပ်ရပ်နေ၏။ ဘီယာဆိုင်ပါ တွဲဖွင့်ထားပြီး စင်တင်တေးဂီတပါ တွဲဖက်ထားသေး၏။

"သူများတွေက သရဲခြောက်ခံရမှာ ကြောက်ကြတယ်။ မင်းကတော့ ပြောင်းပြန်ကြီးဖြစ်နေပါလား မောင်ဘုန်းရာ"

"ဘာလို့လဲ"





"မင်းက တမင်ကိုလိုက်ပြီး သရဲခြောက်ခံချင်တဲ့ကောင်ကို"

"ပရလောကအကြောင်းကို စိတ်ဝင်စားလို့ပါ. . .။ သခ်ဳိရလောကသားတွေကို အမျှပေးဝေချင်တယ်။ ပြီးတော့ အဲ့ဒီလောကမှာ ဘယ်လိုတွေရှိတယ်။ ဘယ်လိုတွေ နေထိုင်ကြတယ်။ ဘယ်လိုတွေ စားသောက်ကြတယ်။ တမလွန်ဘဝကိုလေ့လာချင်လို့ပါ"

"အပါယ်ဘုံဘဝက ဒုက္ခချည်းပဲ၊ ဘာဆန်းလို့လဲ။ တမလွန်မှာ ကောင်းရာသုဂတိရှိသလို၊ မကောင်းရာဒုဂတိလည်း ရှိနေတာပဲ။ အပိုအလုပ်တွေပါကွာ. . .မင်းလိုက်ချင်လွန်းလို့သာ ငါခေါ်လာရတယ်။ အဲ့ဒီလေ့လာရေးအလုပ်ကြီးတော့ အားမပေးချင်ဘူး။ ငါ့ဆီမှာ အနားယူပြီး အေးအေးဆေးဆေးပြန်တာပဲကောင်းပါတယ်။ သရဲတစ္ဆေ၊ ဖုတ်ပြိတ္တာတွေအကြောင်းရေးနေလို့ ကိုးကားချင်ရင်လည်း စာအုပ်စာတမ်းတွေထဲမှာ ရှာရေးလိုက်ပေါ့။ ကိုယ်တွေ့မျက်မြင်ကြုံချင်တယ်ဆိုပြီး အရဲမကိုးနဲ့၊ သဘက်ကြီးတွေ၊ ကျွတ်ကျွတ်မြည်အောင်ဝါးစားတဲ့ နှစ်ချို့သရဲကြီးတွေနဲ့ကြုံမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"မကြောက်တတ်လို့ ဒီအလုပ်ကိုလုပ်နေတာပေါ့ကွာ။ သရဲတစ္ဆေတွေက ခြောက်လှန့်ရုံပဲလုပ်ကြတာပါ"

"အံမယ်. . . ကိုယ့်လူ။ သဘက်ကြီးတွေကျတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကောင်လုံးကိုတောင် လက်စတုံးပစ်တတ်ကြတယ်"

"အဲ့ဒါက တိရစ္ဆာန်ပါ။ သူတို့ထက် ပါဝါမြင့်တဲ့လူကို အဲ့ဒီလို လုပ်လို့ဘယ်ရမှာလဲ"

"အဲ့ဒါက မင်းအထင်ကိုး. . . မောင်ဘုန်းရ။ တစ္ဆေသရဲတွေ တိုက်ပွဲဝင်ပေးကြတဲ့ရာဇဝင်တွေ ရှိခဲ့တယ်ဆိုတာလည်း မမေ့နဲ့။ သရဲရှာရင်း ဘီလူးနဲ့တိုးမှ. . ."

"တော်စမ်းပါ. . . ဖိုးညီရာ။ မင်းကြောက်တတ်တိုင်း ငါ့ကို လာခြောက်မနေနဲ့။ မြင်းအလုပ်မြင်းလုပ်၊ ဆင်အလုပ်ဆင်လုပ်တာပဲ ကောင်းပါတယ်"

"အေးပါ. . . ငါကြောက်တတ်ရင် ဒီလိုနေရာမျိုးမှာ ဆိုင်လာဖွင့်ပါ့မလား။ မကြောက်တတ်လို့ လာဖွင့်ရဲတာပေါ့"

"မကြောက်တတ်ရင်လည်း. . . ပြီးတာပါပဲ။ ငယ်ငယ်ကလို အလောင်းအစားလုပ်ပြီး သင်္ချိုင်းထဲ ညဘက်တစ်ယောက်တည်း သွားရဲလားဆိုတာမျိုးတွေတော့. . . စိန်ခေါ်မလုပ်ချင်တော့ဘူး။ ကလေးကလားအလုပ်တွေ။ ဒါပေမဲ့ သင်္ချိုင်းထဲတော့ တစ်ယောက်တည်း. . . သွားလေ့လာပြီးမယ်။ မောင်ဘုန်းက မင်းထက် သတ္တိသွေးနီရဲတယ်ဆိုတာ ပြချင်လို့ကွ"

"ဟား. . . ဟား. . . ဟား. . . ဟား"





ဖိုးညီရဲ့လှောင်ရယ်သံတွေနဲ့ စကားဝိုင်းကိုအဆုံးသတ်လိုက်ရတော့၏။ ဆက်ပြောနေလျှင် ဆက်ငြင်းရဖို့ပဲရှိတော့မည်လေ။ တခြားအကြောင်းတွေသာ ဖောင်းပေးပြီးပြောဖြစ်ရတော့၏။

"ကဲ. . . လာ, မင်း လေ့လာချင်တဲ့နေရာကို ငါညွှန်ပြမယ်။ သတ္တိရှင်ကြီးမောင်ဘုန်းရေ"

"လုပ်လာပြန်ပြီ. . . ခနဲ့တဲ့စကားက စလာပြန်ပြီ။ မင်းဆိုင်လေးက မိုက်တယ်ကွ။ လေတဖြူးဖြူးနဲ့ သဘာဝအဲယားကွန်း တပ်ပေးထားသလိုပဲ"

"ငါ့ဆိုင်ကို အပန်းဖြေလို့ကောင်းအောင် လုပ်ထားတာပဲ။ ငါ့ဆိုင်ကနေ ကိုက် (၁၀၀) လောက်မှာ. . . သုသာန်ကွေ့ရှိတယ်။ ဟော့ဟိုးမှာ. . . လှမ်းမျှော်ကြည့်လိုက်၊ ချုံဆွယ်ခင်တန်းကွေ့လေးဟာ သုသာန်ကွေ့ပဲ"

ဖိုးညီညွှန်ပြရာ ရပ်မျှော်ကြည့်လိုက်တော့ နောက်ခံမိုးသားမှိုင်းမှိုင်းနှင့် ဆိုင်းဆိုင်းပျပျမြင်လိုက်ရသည့် ချုံတန်းပိတ်ဆွယ်လေးတွေ လေသွေ့ရာ ဝှေ့ယိမ်းနေကြ၏။ မောင်ဘုန်း လှမ်းကြည့်နေတုန်းမှာပင် ဆိုင်ထဲမှ ဝိတ်တာသုံးလေးဦး အပြင်ထွက်လာ၏။

"ဘော့စ်. . . ပစ္စည်းသယ်စရာပါသေးလား"

"ကုန်ကားနဲ့ လာချလိမ့်မယ်၊ အပ်ထားခဲ့ပြီးပြီ။ ဒီခရီးအောင်



www.burmeseclassic.com

www.burmeseclassic.com



အိတ်မဲယူသွား။ လက်တစ်ဆွဲစာအိတ်တစ်လုံးတော့ ငါ့အဖေအိမ်မှာ အပ်ထားခဲ့တယ်။ တစ်ယောက်လောက် ဆိုင်ကယ်နဲ့သွားယူလိုက်ကွာ။ မမျိုးရော. . .”

“အစ်မ ရှိပါတယ်။ ရေပိုက်တွေပြင်နေတာ လိုက်ကြီးကြပ်ပေးနေတယ်”

ဖိုးညီဆီကအိတ်ကို ဝိတ်တာတစ်ယောက်က လှမ်းယူသွား၏။ ကျန်တစ်ယောက်က မောင်ဘုန်းရဲ့အိတ်ကိုလှမ်းယူ၏။ နောက်တစ်ဦးက ဖိုးညီစီးလာသည့်ဆိုင်ကယ်ပေါ် တက်ခွပြီး မြို့ထဲဘက်ကို စီးချသွား၏။

ဆိုင်ဝင်းမှာ ပေ (၈၀) ပတ်လည်ခန့် ကျယ်ဝန်း၏။ ခေတ်မီအပြင်အဆင်များနှင့် သားနားသပ်ရပ်နေသည်။ ဖိုးညီက သူ့ဇနီးကိုသွားခေါ်လာပြီး မောင့်ဘုန်းနှင့်မိတ်ဆက်ပေး၏။

“ပယောဂကုဆရာကြီးဘုန်းကိုတွေ့ရတာ ဝမ်းသာပါတယ်”

“ဗျာ. . .”

ဖိုးညီက သူ့ဇနီးကို ဘယ်လိုပြောပြီးခေါ်လာသည်မသိ။ သူ့ဇနီးက တွေ့တာနှင့် နှုတ်ဆက်စကားဆိုလိုက်ပုံမှာ မောင်ဘုန်းအတွက် ပြုံးလန့်သွားစရာ။

ဖိုးညီက ဖြစ်ပစ်စပ်ရယ်ရင်း. . .





“ဂမ္ဘီရတို့၊ အကြားအမြင်တို့၊ သရဲတစ္ဆေလိုင်းတို့ဆို ငါ့ဇနီးက သိပ်စိတ်ဝင်စားတာ။ မင်းကို ပယောဂကုဆရာကြီးဆိုမှ တန်းခနဲအထင်ကြီးသွားတော့မှာပေါ့။ ဒါကြောင့် တမင်ထွင်ပြောပြီးမိတ်ဆက်ခိုင်းလိုက်တာလေကွာ”

“ဟာ. . . ဖိုးညီ သက်သက်မဲ့ လျှောက်နောက်နေတာပါ။ ကျွန်တော်က ပယောဂကုဆရာမဟုတ်ပါဘူး။ ဘာဆရာမှလည်းမဟုတ်ပါဘူး။ ရိုးရိုးသာမန်လူပါ”

“ဟုတ်လား. . . အဲ့ဒါပဲကြည့်တော့၊ ရှင့်သူငယ်ချင်းကြောင့် ကျွန်မ ချောက်ကျရပေါင်းများပြီ။ ဖအေနာမည်ခေါ်ရင် စိတ်ဆိုးတတ်တဲ့ သူ့သူငယ်ချင်းကျော်ကျော်အောင်ဆိုတဲ့လူနဲ့ တစ်ခါက မိတ်ဆက်ပေးတော့လည်း ဒီလိုပဲ။ အဲ့ဒါ ‘ကိုယ့်သူငယ်ချင်းနာမည်က ဘောကြီးတဲ့။ သူ့နာမည်ခေါ်ပြီးမိတ်ဆက်ရင် သိပ်သဘောကျတာ’ ဆိုလို့ ကျွန်မမှာ အဟုတ်မှတ်ပြီး ‘တွေ့ရတာ ဝမ်းသာပါတယ် ကိုဘောကြီး’ လို့ မိတ်ဆက်လိုက်တာ။ ကျော်ကျော်အောင်ဆိုတဲ့လူ မျက်နှာကြီးမည်းတက်ပြီး ခွီးခွမ်းနဲ့ ဒေါသတွေ တရှုးရှုးထွက်ကုန်ရော။ ကျွန်မက ‘ဘာဖြစ်လို့လဲ’ မေးတော့ ‘ဘောကြီးဆိုတာ ကျုပ်အဖေနာမည်ဗျ’ တဲ့။ ဒီတော့မှ ကျွန်မလည်း မနည်းတောင်းပန်လိုက်ရတယ်။ အခုလည်းလုပ်ပြန်ပြီ. . . ဟင်း”



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့နောက်တာပါ မိန်းမရာ။ ဒီအတိုင်းမိတ်ဆက်ရတာ ရိုးနေလို့ အဆန်းထွင်မိတ်ဆက်ပေးလိုက်တာပါ။ ဒီကောင့်နာမည်က မောင်ဘုန်းတဲ့။ လျှို့ဝှက်သည်းဖို ဂမ္ဘီရ ရင်သိမ့်တုန် ချောက်ချောက်ချားချားဝတ္ထုတွေရေးပြီး စာအုပ်ထုတ်ဝေတာနဲ့ အလုပ်ဖြစ်နေတဲ့စာရေးဆရာပေါ့။ နာမည်ကြီးနေပြီ။ သူ့ကလောင်နာမည်ကို ဇကောလောက်စာလုံးကြီးတွေနဲ့ ရေးထိုးထားတယ်လေ"

ဖိုးညီကပြောပြီး ရယ်မောသရော်နေပြန်၏။ ခက်ပြီ။ မောင်ဘုန်းခမျာ ခေါင်းသာကုတ်နေရတော့၏။ ဖိုးညီဇနီးက ဖိုးညီကို တံတောင်နဲ့တွက်ကာ မျက်စောင်းထိုးနေ၏။ ပြီးမှ. . .

"ကျွန်မနာမည် အေးမြတ်သူပါ။ ရှင့်သူငယ်ချင်းက အစအနောက်သန်တော့ ရှင်အနေရခက်နေပြီနဲ့တူတယ်"

"ဟုတ်ကဲ့. . . ရပါတယ်။ သူ့အကြောင်းကိုသိပြီးသားပါ"

"ဒီမှာလွတ်လွတ်လပ်လပ်နေ။ ဘာမှအားမနာနဲ့နော်"

"ကျေးဇူးတင်ပါတယ်"

"အခုအလုပ်ရှုပ်နေလို့ ညကျမှ အေးအေးဆေးဆေးစကားပြောကြတာပေါ့။ ခုတော့ ခရီးပန်းလာမှာပဲ။ နားနားနေနေအခန်းထဲမှာ သွားနေပါလား"

"ဟုတ်ကဲ့"





ဖိုးညီက. . .

"မိန်းမ လုပ်စရာရှိတာသွားလုပ်။ ဒီကောင်ကြီးနေဖို့ အခန်းထဲ လိုက်ပို့လိုက်ဦးမယ်"

"ငါ့အတွက် သီးသန့်မစီစဉ်ပါနဲ့"

"ရပါတယ်။ နောက်ဘက်အဆောင်အပေါ်ထပ်မှာ ဝရန်တာနဲ့ဘာနဲ့ တည်းခိုခန်းတွေရှိတယ်။ မင်းကို ရှုခင်းကောင်းတဲ့အခန်းတစ်ခန်းမှာ ထားပေးမှာ။ တွေးလို့လည်းကောင်း၊ စာရေးလို့လည်းကောင်းပေါ့ကွာ။ ပန်းခြံနဲ့ အလှစိုက်ပင်တွေကတော့ ဒီခြံဝင်းထဲမှာပဲ တွေ့ရလိမ့်မယ်။ အရှေ့ဘက် တစ်မျှော်တစ်ခေါ်ကတော့ လယ်ကွင်းတွေနဲ့ ရွာစုလေးတွေ တွေ့ရလိမ့်မယ်။ ဟိုးက. . . မှိုင်းမှိုင်းပျပျကြီးလှမ်းတွေ့နေရတာ အရှေ့ရိုးမပေါ့။ အနောက်ဘက်ကိုကြည့်ရင် အနောက်ရိုးမကိုတွေ့ရလိမ့်မယ်"

ဖိုးညီခေါ်သွားရာ လိုက်ပါရင်း၊ ဖိုးညီပြောသမျှကို ခေါင်းတညိတ်ညိတ်လုပ်နေရတော့တယ်။ အပေါ်ထပ်လေသာဆောင်လေးက နေချင့်စဖွယ်ချစ်စရာလေး။ အရှေ့ရိုးမမှိုင်းပျပျကို တွေ့ရသလို၊ အနောက်ရိုးမကျောကြီးကိုလည်း ထင်းနေအောင်လှမ်းတွေ့ရတယ်။ အလွန်ကြီးမားတဲ့ကျွန်းပင်ကြီးတွေကိုတောင် သွားကြားထိုးတံလေးတွေ ထောင်ထားသလို လှမ်းတွေ့ရလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာလေးက အိတ်တွေကို အခန်းထဲသွင်းပြီး နေရာချထားပေး၏။ အခန်းလေးကလည်း ရှင်းသန့်နေ၏။ မွေ့ရာခုတင်တစ်ယောက်အိပ်စင်နှင့် စာရေးစားပွဲခုံလည်းရှိ၏။ ဝမ်းဒိုး ရေခဲသေတ္တာနှင့် ဗီရိုနံရံကပ်လေးလည်းရှိ၏။ မတ်တတ်ပန်ကာနှင့်ဆယ့်လေးလက်မတီဗွီတစ်လုံးပါ ထည့်ပေးထားပြန်၏။

"မင်းဟာက. . . ဟိုတယ်(လ်)၊ မိုတယ်(လ်)တွေလိုပါပဲလား။ ပြည့်စုံအောင် စီစဉ်ပေးထားတယ်နော်။ ငါတော့ လာသာလာခဲ့ရတယ်။ ဒီလောက်ဇိမ်ကျကျတည်းခိုရလိမ့်မယ်လို့ လုံးလုံးကိုမထင်ခဲ့မိဘူး။ ခုတော့. . . မောင်ဘုန်းမပြန်နိုင်ဖြစ်ရမယ့်ကိန်းတော့ဆိုက်ပြီနဲ့တူပါရဲ့"

"ဒီခေတ်ရဲ့ဝန်ဆောင်မှုလေးတွေပေါ့ကွာ။ ဟိုင်းဝေးခရီးသည်တွေအတွက် စေတနာထားပေးတော့ ငါ့ဆိုင်ကို တစ်ခါတည်းခိုပြီးတိုင်း တသသအမှတ်ရသွားကုန်တယ်။ လူသတင်းလူချင်းဆောင်ပြီး လမ်းညွှန်ပေးကြလို့ ခရီးထွက်တဲ့ရာသီဆိုရင် ဒီအခန်းတွေ လူအပြည့်ပဲ။ နှစ်ဆယ့်လေးနာရီ ရုပ်သံဖမ်းကြည့်လို့ရတယ်။ လိုအပ်ရင် ဘဲ(လ်)နှိပ်ပြီး ဝိတ်တာကိုခေါ်လိုက်. . . ကြိုက်ရာမှာကြားပြီး စားသောက်နိုင်တယ်"

"ဂွဒ်တယ်. . . လုံးဝကို ဂွဒ်ရှယ်ပဲ။ အကောင်းကြိုက်သူအားလုံးအတွက် ဂွဒ်ချိုက်ပေါ့ကွာ"

"ဘာလဲ. . . နေကြာစေ့ စားချင်လို့လား"

"မဟုတ်ပါဘူး. . . ဘီယာအေးအေးလေးသောက်ပြီး ဒီနေ့တော့ ခပ်ရီရီလေးနဲ့ တစ်ဝနှပ်ပစ်လိုက်ချင်လို့"

"မင်းပြောတာ နောက်တောင်ကျနေပြီ။ ညနေ ဆည်းဆာဝိုင်းဖွဲ့ဖို့ လေသာဆောင်မှာ ပြင်ဆင်ခိုင်းထားပြီးပြီ။ အနောက်ရိုးမထဲ နေဝင်ချိန်အလှအပကို ဘီယာအမြှုပ်ထလေးစုပ်ပြီး မင်းတစ်ဝကြီးရှုစားရတော့မှာပါ"

"ကောင်းလိုက်တဲ့အိုင်ဒီယာ။ မင်းကတော့ ငါ့ကိုတစ်သက်မမေ့စရာလေးတွေ ဖန်တီးပေးတော့မှာနဲ့တူတယ်"

"မောင်ဘုန်းရာ, မမြောက်လည်းသောက်ရမှာပါ။ အမြည်းကတော့ ကြက်သားလုံးကြော်၊ ဘဲကင်နဲ့ မြေပဒေသာကြော်တွေ၊ ကော်ပြန့်အစာသွပ်တွေပေါ့ကွာ. . . ချဉ်ငန်စပ်လေးနဲ့ တို့စားပြီးဘီယာနဲ့ တို့(စ်)လုပ်ကြတာပေါ့"

လေ့လာရေးခရီးထွက်လာသည့် မောင်ဘုန်းခမျာ ဇိမ်ခံပြီးကံတွေကြီးနေတာနှင့် မူလခရီးစဉ်ကိုပင် ခပ်မေ့မေ့ချင်ချင်ဖြစ်သွားမိ၏။

သို့ပြား. . .







www.burmeseclassic.com

www.burmeseclassic.com



လေသာဆောင်ပေါ်မှ ရှေ့ကားလမ်းအတိုင်း လှမ်းကြည့်လိုက်သောအခါ (ဆိုင်က အနောက်ဘက်ကို မျက်နှာမူထားသည့်ဆိုင်ဖြစ်နေ၏။) ဘေးစောင်းနေရာမှ လှမ်းမြင်နေရသည့် ကားလမ်းကွေ့ကို ဘွားခနဲတွေ့လိုက်ရသည်နှင့်. . .

သုသာန်ကွေ့အကြောင်းကို တဖျပ်ဖျပ်တွေးမိလာစေပြန်၏။ ဒီကွေ့မှာဖြစ်ပျက်သမျှ ဘယ့်နှယ်ဘယ်လိုကြောင့်များ ကန့်လန့်ကိုးလို့ကြီး ပါနေရပြန်တာလဲ?

✠ ✠ ✠



## အခန်း ( ၄ )

တစ်ရက်အနားယူပြီး နောက်တစ်နေ့ညနေဘက်မှာတော့ သုသာန်ကွေ့ဘက်ကို မောင်ဘုန်းတစ်ယောက်တည်း လမ်းလျှောက်ထွက်ခဲ့၏။ အလေ့ကျပေါက်ပင်တွေ ထူထပ်သော သုသာန်ဝင်းထဲမှာ အုတ်ဂူသစ်၊ အုတ်ဂူဟောင်းတွေ စီရိနေ၏။ လက်ဝါးကပ်တိုင်အမှတ်အသားတွေလည်းပါသည်။ တရုတ်အုပ်ဂူကြီးတွေလည်းပါသည်။ လူမျိုးပေါင်းစုံ၊ ဘာသာဝင်ပေါင်းစုံမြုပ်နှံသော သင်္ချိုင်းကြီးဖြစ်၏။ အလျားအနံ ခြောက်ဧကပတ်လည်ခန့်ကျယ်၏။

သင်္ချိုင်းဇရပ်မှာ အသစ်ပြင်ဆောက်ထားသည်။ သင်္ချိုင်းထဲဘာသွားလုပ်တာလဲဟုမေးလျှင် ညနေ နေဝင်ရီတရောမှာ [illegible]ရဲ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေတွေ မြူးတတ်သည်ဆို၍ သရဲတစ္ဆေမြင်ရလိုမြင်ရငြား သွားလေ့လာခြင်းပဲဖြစ်သည်။

ဇရပ်ပေါ်မှာ တစ်ယောက်တည်း လျှောက်ကြည့်ရင်း ညနေနေဝင်ချိန်ကို စောင့်နေမိ၏။ သင်္ချိုင်းရဲ့တချို့မြေနေရာတွေက ခပ်မွမွဖြစ်ပြီး တွင်းတိမ်တိမ်တူးပြီး မြှုပ်ထား၍ ခွေးတွေယက်ဖော်ခဲ့ထားရပဟန်တူ၏။

လူသေအရိုးတွေ ဟိုနေရာဒီနေရာမှာ တွေ့နေရ၏။ လက်ဖျံရိုး၊ ခြေသလုံးရိုးနှင့် အရိုးခေါင်းတွေလည်း မြင်ရ၏။

"ဝုန်း! ဒုန်း! ဒုန်း! "

လန့်သွား၏။ ဘာသံပါလိမ့်။ ဇရပ်သွပ်မိုးတစ်ချပ်သံ ကွာလပ်နေ၍ လေတိုက်သောအခါ ထုတ်မြားတန်းကို ရိုက်ခတ်မိသံဖြစ်နေ၏။

သရဲတစ္ဆေ နာနာဘာဝတွေကို တွေ့ဖူးချင်လို့ တစ်ယောက်တည်း အရဲစွန့်ရောက်လာသည့်မောင်ဘုန်းမှာ တစ်ယောက်တည်းဆိုတဲ့အသိနှင့် အားငယ်စိတ် ဝင်လာမိ၏။

တစ်ယောက်တည်း သွားရဲတယ်။ သတ္တိကောင်းတယ်ဆိုတဲ့ မှတ်ချက်ပြုခံရတာမျိုးကိုလည်း လိုချင်ပြန်သေး၏။ အဆိုးဆုံးကတော့ ကိုယ့်စိတ်က ကိုယ့်ကိုပြန်ခြောက်လှန့်နေခြင်းပင်။





ဘယ်နေရာက ဘွားခနဲ ကိုယ်ရောင်ပြလိုက်လေမလဲ။ မြေကြီးထဲက ထိုးဖောက်ထလာလေမလား။ အုတ်ဂူကို ရိုက်ဖွင့်ထလာလေမလားစသဖြင့် အမျိုးမျိုးစိတ်လှုပ်ရှားမှုက ဖိစီးနေ၏။

'ယောက်ျားပဲ ဘာလို့ကြောက်ရမှာလဲ။ အလွယ်ပြောရရင် လူသေရင် သရဲဖြစ်တာ ဘာဆန်းလို့လဲ။ အမှန်တော့ ဒီသေသူတွေဟာ မြင်ရတဲ့ရုပ်ခန္ဓာကြီးကို စွန့်သွားကြရရှာတာ။ သူတို့မှာ သာမန်မျက်စိနဲ့မမြင်နိုင်တဲ့ နာမ်ခန္ဓာတွေ ရှိနေကြသေးရဲ့'

'ရုပ်အကောင်အထည်မမြင်ရတဲ့ ပရလောကသားတွေဟာ သူတို့ဒုက္ခရောက်နေကြလို့ လူတွေကို အကူအညီတောင်းချင်ကြတယ်။ တချို့ကတော့ စနောက်တာပေါ့။ တချို့ကတော့ သူတို့မကြိုက်တာလာလုပ်လို့ ခြောက်လှန့်ကြတယ်'

မောင်ဘုန်းတွေးနေရင်း မောင်ဘုန်းရဲ့မျက်ဝန်းထောင့်မှာ အရိပ်တစ်ရိပ် ဖြတ်ပြေးသွားတယ်။ လှစ်ခနဲပဲ။ မြန်လွန်းလို့ ဘာမှန်းတောင် မသိလိုက်ရဘူး။

ဘယ်ဘက်မျက်ဝန်းထောင့်။ ပြီးတော့. . . ညာဘက်မျက်ဝန်းထောင့်ဘက်မှာ လှစ်ခနဲ၊ ရိပ်ခနဲ တွေ့လိုက်ရတယ်။ ဆတ်ခနဲလှည့်ကြည့်လိုက်တော့ မှန်သားလို ကြည်လင်နေသလိုလို၊ ပြဒါးလို လူအကောင်အထည်လိုလိုဟာမျိုး တွေ့လိုက်သလိုလိုနဲ့ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်းမှာပဲ ပျောက်သွားပြန်ရော။

လုပ်လာကြပြီ။ ပြသလာကြပြီ၊ လူတွေက သချိုင်းမှာ သရဲမရှိဖူးတဲ့။ သချိုင်းမှာ သရဲရှိတဲ့အပြင် သူတို့ရဲ့အထိန်းအချုပ်တွေတောင် ရှိကြသေးတယ်။

ဒါကြောင့်မို့ လူသေလို့ မြှုပ်ပြီး၊ ရက်လည်ဆွမ်းသွတ်တဲ့အခါမှာ သစ်ခက်လေးနဲ့မြေပုံကိုပုတ်ပြီး ဆိုင်ရာတွေဆီမှာ ခွင့်တောင်းခေါ်ကြရတယ်။

တချို့ကတော့ သချိုင်းစောင့်ဆီမှာ ခွင့်တောင်းပြီး သေသူရဲ့ဝိညာဉ်ကို ပြန်ခေါ်လာကြရတာတဲ့။ ဒီဓလေ့ဟာ နယ်တွေမှာ ခုချိန်အထိ ခေတ်စားနေတုန်းပဲ။

အခုလို ရိပ်ခနဲ၊ ရိပ်ခနဲ တွေ့လိုက်ရတာတွေဟာ စိတ်ထင်လို့ပဲလား။ ပရလောကသားတွေက စတင်ခြောက်လှန့်နေတာလား။

ဒီအတွေးနဲ့ မောင်ဘုန်း ကြက်သီးတွေ ဖြန်းခနဲထသွားမိ၏။ ခေါင်းနားပန်လည်း ကြီးထွက်သွား၏။ ကိုယ့်ခေါင်းကိုယ် ပြန်စမ်းကြည့်တော့ ထူအမ်းအမ်းကြီးဖြစ်နေပြန်သည်။

စိတ်ထဲ မသိုးမသန့်ဖြစ်လာသည်။ အချိန်ကလည်း နွားရိုင်းသွင်းချိန်ရောက်လာပြီ။ တကယ့်တကယ်အခြောက်ခံရမယ်ဆိုတော့ တစ်ယောက်တည်းမို့ အားငယ်သွားမိ၏။





ကိုယ့်ကိုယ်စောင့်နတ်ပါ အားငယ်သွားခြင်းဖြစ်၏။

မထိတ်သာမလန့်သာ အခြောက်ခံရပြီး လိပ်ပြာလွင့်နေလျှင်တောင်မှ ကူဖော်လောင်ဖက်က အနားမှာမရှိ။ ဇရပ်ထဲကထွက်ပြီး လျှောက်လာတော့. . .

"ဖတ်"

"ဖတ်"

"ဖလပ်"

"ဖလပ်"

နောက်ကလိုက်လာသည့်ခြေသံကို ကြားရပြန်၏။ ဆတ်ခနဲလှည့်ကြည့်လိုက်တော့ ဘယ်သူမှမရှိ။

မဟုတ်သေးပါဘူး။ မောင်ဘုန်းတစ်ယောက် သူ့ခြေထောက်ကိုငုံ့ကြည့်မိ၏။ ကွင်းထိုးဖိနပ်စီးထားလို့ ဖနောင့်နဲ့ဖိနပ် ပြန်ရိုက်မိပြီး မြည်နေတာလား။ ဒီလိုအသံမြည်အောင် သူ့မစီးတတ်။ ဆက်လျှောက်ကြည့်၏။

"ကျွိ"

"ကျွိ"

"ကျွိ"

ဖိနပ်သံကျွိကျွိကို ထပ်ကြားရပြန်၏။ ကြက်သီးတွေ ဖြန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထရပြန်သည်။ ကတ္တရာလမ်းပေါ် အမြန်ရောက်အောင် လျှောက်လိုက်သည်။

မြက်ခင်းစပ်စပ်နားအထိ လိုက်မြည်နေ၏။ ကတ္တရာလမ်းပေါ်ရောက်တော့ မမြည်တော့။ ရှေ့ဆယ်ကိုက်မှာ ကားမကြာခဏမှောက်သော သချိုင်းကွေ့ကြီးက ရှိနေ၏။

မိန်းမတစ်ယောက် ချုံထဲကဖြတ်ထွက်လာတာ အတိုင်းသားတွေ့လိုက်ရ၏။ မောင်ဘုန်းမျက်စိနှင့် တပ်အပ်မြင်လိုက်သည့်ခဏရင်တွေလှိုက်တုန်သွားရတော့၏။ ဘယ်လိုဖြစ်သွားတာပါလိမ့်။

"ဟင်! "

"ဟာ! "

ထွက်ရပ်လာသောမိန်းမမှာ ခေါင်းမပါတော့။ မောင်ဘုန်းအံတင်းပြီး အလန့်မလွန်အောင် ထိန်းလိုက်ရ၏။ အကြည့်လွှဲလိုက်ရသည်။ မသိမသာပြန်ကြည့်လိုက်တော့ ခေါင်းပြန်တွေ့ရ၏။ ခုနက ဟိုဘက်ကိုကျောပေးပြီး ခေါင်းစိုက်ငုံ့နေလို့ (လည်ပင်းချိုးပြီး) ခေါင်းကိုမမြင်လိုက်ရခြင်းပဲဖြစ်မည်။ ဒီလိုအချိန်ကြီး ဒီလိုနေရာမှာ ဘာလုပ်နေတာပါလိမ့်။ ခေါင်းမွေးဆံပင်တွေက စုတ်ဖွားဖွားနှင့်။ စိတ်မနှံ့သည့်အရူးမအသွင် ပေါ်လွင်နေ၏။ ဝတ်စားထားသည့်အင်္ကျီနှင့်ထဘီမှာလည်း အရောင်လွင့်နေပြီ။ ဟောင်းနွမ်းပြီး





နွမ်းဖတ်နေသောထိုမိန်းမမှာ အသက်သုံးဆယ်ခန့်ရှိ၏။

မောင်ဘုန်းကို လှမ်းကြည့်နေ၏။ ဒီကွေ့က ချုံထဲမှာ တပိုတပါးသွားတာများလား။ ဒါမှမဟုတ် မဟုတ်မဟတ်လုပ်စားနေတဲ့မိန်းမများလား။ ကိုယ်လုံးကိုယ်ပေါက်က မဆိုး။ ဒီလိုနေရာမျိုးအကြောင်းကို ခတ်မသိဘဲနှင့် လူရှင်းသည်ဆိုပြီး တစ်ပါးသူနဲ့လာပျော်ပါးနေတာလား။ အဲ့ဒီလိုဆို အဲ့ဒီနှစ်ယောက်လုံး ဒီနေရာအကြောင်းကို မသိလို့ဖြစ်လိမ့်မည်။

ဒီအတွေးနှင့် ကားရှင်းမရှင်းတစ်ချက်ကြည့်လိုက်ပြီး လမ်းကူးရင်းနှင့် ခုနမိန်းမကို လှမ်းကြည့်လိုက်၏။

"ဟာ! "

ခုနနေရာမှာ မရှိတော့။ ပျောက်ချင်းမလှပျောက်သွား၏။ လူရောဟုတ်ရဲ့လား။ နာနာဘာဝများလား။ မဖဲဝါလား။ မဖဲဝါဆိုရင်တော့ ဒီလောကကြီးစုတ်ပြတ်နေမှာမဟုတ်။ အအုပ်အထိန်းမို့ သူ့ဟာနှင့်သူ သားသားနားနားရှိချင်ရှိဦးမည်။ နတ်ကနားပွဲနောက်ဆုံးနေ့ နောက်ဆုံးအချိန်မှာ မဖဲဝါကို သားစိမ်းငါးစိမ်းကျွေးတဲ့ဓလေ့ရှိ၏။ ထိုမဖဲဝါဝင်စီးသူကတော့ ဝတ်ကောင်းစားလှဝတ်ထားတတ်၏။

တစ်ဖက်လမ်းပေါ်ကိုရောက်တော့ နောက်ကလိုက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်သံ ပျောက်သွား၏။ ခုနမိန်းမလည်း မရှိတော့။ နောက်ကို လှည့်ကြည့်တော့လည်း လူသူရှင်းလင်းနေ၏။ ကားအသွားအလာပင် မတွေ့ရတော့။ ခပ်လှမ်းလှမ်း ကိုက်ငါးဆယ်ကျော်အကွာမှာတော့ ရထားလမ်းဂိတ်တံခါးပိတ်နေသည့် ဂိတ်စောင့်အဘိုးကြီးကို တွေ့ရ၏။ အားတက်သွားမိသည်။

✠ ✠ ✠



## အခန်း ( ၅ )

ဖိုးညီတို့ဆိုင်ကို ပြန်ရောက်သည်နှင့် ညမှောင်နေလေပြီ။ ဘယ်လိုရယ်ဖြစ်သည်မသိ။ ဖိုးညီပေးလိုက်သောစီးကရက်ကို လမ်းမှာ ဖွာလာဖြစ်ပြီး ဆိုင်သို့ပြန်ရောက်သည်နှင့် လူက မဟန်နိုင်ဘဲ အရမ်းအိပ်ချင်လာမိသည်။ ညစာပင်မစားနိုင်တော့။

"ဖိုးညီ ငါအိပ်တော့မယ်ကွာ။ မျက်ကြောတွေ အရမ်းစင်းနေတယ်။ သွေးလေးပြီး အိပ်ချင်နေတယ်"

"မင်း သချိုင်းထဲသွားတာဆို"

"အေး"

"ဘာတွေ့ခဲ့လဲ။ မဖဲဝါနဲ့တွေ့ခဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ဘူး။ မိန်းမတစ်ယောက်ပဲ တွေ့ခဲ့တယ်"

"အဲ့ဒါ မဖဲဝါဖြစ်မှာပေါ့ကွ"

"မဟုတ်ပါဘူးကွာ"

"မဟုတ်လည်းနေကွာ။ ညစာလေးတော့စားဦး။ စားပြီးမှ အိပ်"

"မစားနိုင်တော့ဘူး"

"ဒါဆိုလည်း သဘော"

ဒီလိုနဲ့ မောင်ဘုန်းလည်း အိပ်ခန်းထဲရောက်အောင် မနည်းတက်ပြီး အိပ်ရာဝင်မိလိုက်၏။ နောက်တစ်နေ့ မိုးလင်းတော့မှပဲ နိုးလာ၏။ အပြင်ထွက်ဖို့ တံခါးဖွင့်ကြည့်တော့ တံခါးဖွင့်မရ။

တံခါးထုပြီး အပြင်ကလူကို အော်ဟစ်အကူအညီတောင်းရတော့၏။ တံခါးလောဒ့်ကျနေတာကို လာဖွင့်ပေးကြ၏။ ဖိုးညီတို့လင်မယားနှင့် ဝိတ်တာလေးနှစ်ဦးပါ ဝိုင်းပြုံပြီး ကျွန်တော့်ကိုစူးစူးစမ်းစမ်းထိတ်ထိတ်လန့်လန့်ကြည့်နေကြခြင်းပင်။

"တော်သေးတာပေါ့။ တံခါးလောဒ့်ကျနေတာ လာဖွင့်ပေးလို့"

"ငါတို့ တမင်ချထားတာကွ။ မင်းစိတ်ပြန်ကောင်းလာပါပြီနော်. . . မောင်ဘုန်း"





"ငါဘာဖြစ်လို့လဲ"

"မင်းတကယ်မသိဘူးလား။ ဒါမှမဟုတ်. . . တမင်မသိချင်ယောင်ဆောင်နေတာလား"

"ဘာတွေပြောနေတာလဲ"

ဒီမှာတင် ဖိုးညီရဲ့ဇနီးက ဝင်ပြောလာ၏။

"ရှင် ညက သောင်းကျန်းလိုက်တာရှင်။ ခုံတွေဆောင့်ကန်၊ ပန်းကန်တွေခွဲနဲ့ ညစာစားပွဲတစ်ခုလုံး ပြောင်းဆန်အောင် သောင်းကျန်းဖျက်ဆီးပစ်လိုက်တယ်လေ"

"ဟာ! မဟုတ်ရပါဘူး။ ညက ဒီအခန်းထဲမှာပဲ အိပ်နေတဲ့ဟာကို။ မဟုတ်တာဗျာ"

"ရှင်မညာပါနဲ့။ ဟော့ဒီဝိတ်တာနှစ်ဦး သက်သေရှိတယ်"

"ဟုတ်တယ်ဗျ။ ညက ကိုဘုန်း သရဲပူးလာသလိုပဲ။ အခန်းထဲကနေ ည(၉)နာရီခွဲလောက်မှာဆင်းလာပြီး စားမယ်၊ ဝါးမယ်၊ အားလုံးကုန်အောင်စားမယ်။ ငါ့ကိုကျွေးကြစမ်း။ အခုအမြန်ကျွေးကြစမ်းဆိုပြီး ထ,စားတာများ ဘီလူးစီးနေသလိုပဲ။ အသားစိမ်းတွေ အတင်းတောင်းတယ်။ မပေးလို့ဆိုပြီး အကုန်ရိုက်ချိုးသောင်းကျန်းတော့တာပဲ။ စားပွဲထိုးကုလားလေးဆိုရင် ကိုဘုန်းတစ်ချက်ထိုးတာခံလိုက်ရလို့ မျက်ကွင်းကြီးညိုပြီး အိပ်ရာထဲကတောင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး"

"ကျွန်တော်တို့ဝိတ်တာလေးငါးယောက် ဝိုင်းချုပ်ပြီး . . . ဒီအခန်းထဲ ပြန်သွင်းထားလိုက်ရတယ်။ လော့ခ်ပါ ချထားလိုက်ရတယ်။ အခန်းထဲရောက်မှ ပြန်ငြိမ်သွားတယ်"

မောင်ဘုန်းတစ်ယောက် အံ့ဩလွန်း၍ ဘာပြန်ပြောရမယ်မှန်းတောင် မသိတော့။ ညက အိပ်ရေးဝဝအိပ်ခဲ့တာသာ သူသိ၏။ ခေါင်းထဲမူးရီပြီး အိပ်ပျော်ခဲ့ရခြင်းဖြစ်သည်။ အိပ်နေရာကနေ ယောင်မှားပြီး ထလမ်းလျှောက်တတ်သောရောဂါမျိုးလည်း မောင်ဘုန်းမှာမရှိ။

"ငါ . . . ငါတော့ဘာမှမသိဘူး၊ အိပ်ပျော်နေတာပဲ။ အဲ့ဒီလိုတကယ်ဖြစ်ခဲ့တယ်ဆိုရင် မင်းတို့လင်မယားကို အရမ်းအားနာတာပဲကွာ။ တောင်းပန်ပါတယ် . . . ငါသိသိကြီးနဲ့ တမင်လုပ်ခဲ့တာမဟုတ်ပါဘူး"

ဖိုးညီက ခေါင်းတဆတ်ဆတ်ညိတ်ပြပြီး . . .

"ဟုတ်ပါတယ် . . . ငါတို့ကလည်း မင်း အပမှီလာတယ်လို့ပဲ ထင်ထားကြတာပါ။ နောက်ဆို သချိုင်းထဲမသွားနဲ့"

"အေးကွာ၊ ငါလည်းဘာဖြစ်သွားမှန်းကိုမသိပါဘူး။ ဟူး"

ဖိုးညီရဲ့ဇနီး အေးမြတ်သူက . . .





"ညကဆိုလည်း ကိုဘုန်းမျက်လုံးပြူးနီနီကြီးနဲ့ အံကြိတ်လိုက်တာ၊ သွားတွေ မှဲ့ထွက်မတတ်ပဲ။ ကြောက်ဖို့လန့်ဖို့ကောင်းလိုက်တာရှင်"

ဟုပြောလေရာ . . .

ဖိုးညီကပါ . . .

"မင်း ညကသချိုင်းထဲမှာ ဘာတွေဖြစ်ခဲ့သလဲ"

မောင်ဘုန်းလည်း ဟုတ်တိုင်းမှန်ရာ အရိပ်လှစ်ခနဲ၊ ခြေသံတဖျပ်ဖျပ်၊ မိန်းမတစ်ယောက် အစရှိသဖြင့် တွေ့ကြုံခဲ့ရတာတွေ ပြောပြလိုက်၏။

"ငါ့တစ်သက်မှာ ဒါမျိုးတစ်ခါမှမကြုံခဲ့ဖူးဘူး။ ကိုယ်တိုင် ဒီလိုဖြစ်ခဲ့ရတာဆိုတော့လည်း အံ့ဩလို့မဆုံးဘူး"

ဟုပြန်ပြောလိုက်၏။

အေးမြတ်သူက . . .

"နောက်ဆို သချိုင်းထဲမသွားပါနဲ့တော့ရှင်"

ဟုပြောလေသည်။

မောင်ဘုန်းက 'ဆင်ခြင်ပါ့မယ်ဗျာ' ဟုပြန်ပြောလိုက်လေ၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

အဲ့ဒီတစ်နေ့လုံး မောင်ဘုန်း ဘယ်မှမသွားဘူး။ ဖိုးညီတို့ဆိုင်မှာ ဟိုက်ဝေးဘတ်(စ်)ကားကြီးနားချိန်မှာ ဗိုင်းကူလုပ်ပေးနေမိ၏။ ညရောက်တော့ လူကျနေ၍ ည (၁၀)နာရီထိုးမှ ထမင်းစားကြရ၏။

ပြီးလျှင်ဆိုင်ရှေ့မှာ ပက်လက်ကုလားထိုင် တစ်ယောက်တစ်လုံးစီနှင့် ဘီယာတစ်ဂျားကို ငါးမုန့်ကြော်တစ်ပွဲနှင့် ထိုင်ဆွဲနေဖြစ်ကြသည်။

သချိုင်းကွေ့ဘက်ကို မျက်နှာအတူတူ လှည့်ထိုင်ပြီးစကားပြောဖြစ်နေကြစဉ်. . .

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ! "

"ဘာလဲ"

"ဟိုမှာ. . . ဟိုမှာ"

"ဟင်! "

သချိုင်းထဲက မီးလုံးကြီးတစ်လုံးတက်လာ၏။ ကြည့်နေရင်းမှာပင် နောက်တစ်လုံးထပ်တက်လာ၏။

"အဲ့ဒါ. . . အဲ့ဒါဘာလဲ. . . စုန်းလား"

ဖိုးညီမိန်းမပါ လက်ဖက်သုပ်အမြည်းလာပို့ရင်း မီးလုံးတွေကိုလှမ်းမြင်သွား၍ အသံတုန်တုန်အက်အက်ဖြင့် မေးလာပြန်၏။

"စုန်းတောက်စားတာဖြစ်လိမ့်မယ်။ ဒီနေ့လပြည့်ညကိုး"

မောင်ဘုန်းက ခေါင်းခါပြပြီး. . .

"အဲ့ဒါ မီးစုန်းဓာတ်ငွေ့တွေပဲဖြစ်လိမ့်မယ်။ လူသေတွေရဲ့ အရိုး၊ လက်သည်း၊ ဆံပင်ကနေ ပြောင်းလဲဖြစ်ပေါ်လာတဲ့မီးစုန်းဓာတ်တွေပေါ့ကွာ"

"ဟာ. . . မဖြစ်နိုင်တာကွာ။ ဒါမျိုး တစ်ခါမှမမြင်ဖူးဘူး၊ စုန်းမတွေ သူတို့ခေါင်းကို သူတို့ဖြုတ်ပြီး တိမ်ညွန့်တက်စားကြတာ၊ ပညာပြိုင်ကြတာပဲဖြစ်မှာပါ။ ဟော. . . ဟိုးမှာ. . . ကြည့်. . . ကြည့်၊ မီးလုံးနှစ်လုံးငြိချိတ်ပြီး တလည်လည်နဲ့ပညာပြိုင်နေကြပြီ"





မောင်ဘုန်းတို့သုံးယောက်သား ရင်သပ်ရှုမောကြည့်နေမိကြ၏။ ဆိုင်ထဲက ဆိုင်လုလင်ဝိတ်တာလေးတွေပါ ထွက်ကြည့်ပြီး တအံ့တသြနှင့် တစ်ယောက်တစ်ပေါက်ပြောဆိုကုန်ကြလေသည်။

"ငါ ခဏသွားကြည့်လိုက်ဦးမယ်"

မောင်ဘုန်းစကားကြောင့် ဖိုးညီတို့လင်မယား အံ့သြတုန်လှုပ်သွားကုန်ကြ၏။ ဝိတ်တာလေးတွေကပါ ပြူးလန့်ပြီး ကြည့်လာကြပြန်သည်။

ဖိုးညီက. . .

"သတ္တိခဲကြီး. . . မင်းသွားရဲလို့လား"

"သွားရဲတယ်"

"အို! ရှင်ကလည်း ဟိုတစ်ခါလိုမကောင်းဆိုးဝါးတွေ ကပ်ပါလာရင် ဘယ်လိုလုပ်မလဲ"

"ဒါလည်းဟုတ်တာပဲ"

"ဒီတစ်ခါ မပါလာစေရပါဘူး။ ငါ့မှာ ပရိတ်ကြိုးပါပါတယ်"

"မသွားပါနဲ့ကွာ။ မင်းတစ်ခုခုဖြစ်နေရင် ငါ့အပေါ်တာဝန်ပုံကျလာဦးမယ်"

"အေးပါကွာ, သချိုင်းထဲတော့ မသွားပါဘူး။ အဲ့ဒီသချိုင်းကို အနီးဆုံးလှမ်းမြင်နေရတဲ့ သံလမ်းဂိတ်တဲကိုသွားပါရစေ"

=



www.burmeseclassic.com

www.burmeseclassic.com



"ဘာသွားလုပ်မှာလဲ"

"အဲ့ဒီကအဘိုးကြီးကို ဒီမီးလုံးတွေအကြောင်း သွားမေးချင်လို့ပေါ့ကွာ။ ဆိုင်ကယ်ခဏယူသွားမယ်။ သွားပြီဟေ့"

ဆက်ပြောရင် ဆက်တားနေမှာစိုးလို့ မောင်ဘုန်းကောက်ခါ ငင်ခါထပြီး ဆိုင်ကယ်ပေါ် တက်ခွလိုက်၏။ သော့တန်းလန်းနှင့်မို့ စက်နှိုးလိုက်စဉ်. . .

"တားမရတော့ဘူး မိန်းမရေ၊ ဒီကောင်က ဇော်ပဲ။ သူလုပ်ချင်လာရင် ဖွတ်လုပ်တာ။ လွှတ်ပေးလိုက်တော့"

လွှတ်ပေးလိုက်သည်နှင့် လေးညှို့မှ ပစ်ခွင်းလိုက်သည့်မြားတစ်စင်းနှယ် ဆိုင်ကယ်နှင့်မောင်းထွက်လာလိုက်၏။

ဒီမြင်ကွင်းကို မြို့စွန်ကလူတွေလောက်သာ တွေ့မြင်ကြရပါလိမ့်မည်။ မီးလုံးနှစ်လုံးက ငြိတွယ်လှုပ်ယမ်းနေရာမှ တစ်လုံးက သချိုင်းချုံတွေထဲကို ပြုတ်ကျသွား၏။ ကျန်တစ်လုံးကလည်း ထိုးထိုးထောင်ထောင်နှင့် အပေါ်ကိုထိုးတက်ရာက ရုတ်ချည်းအောက်သို့ တငြိမ့်ငြိမ့်နှင့်ထိုးကျလာပြန်လေ၏။

ကွေ့ကိုဖြတ်ပြီး ဂိတ်တဲရောက်တော့ ဆိုင်ကယ်ကို လမ်းဘေးထိုးရပ်ကာ ဂိတ်တဲအဆောင်ကလေးထဲမှာထိုင်ပြီး ဆေးပေါ့လိပ်သောက်နေသည့်အဘိုးကြီးကို လက်ဖြေ့ယမ်းပြလိုက်ရင်း. . .





"ဦးလေး. . . ကျွန်တော် စကားနည်းနည်းလောက်ပြောလို့ရမလား"

"ဟေ. . . မင်းက ဘယ်သူလဲ"

"ကျွန်တော်. . . ဖိုးညီတို့စားသောက်ဆိုင်ကပါ။ ဖိုးညီရဲ့ ညှေ့သည်ပါ"

"ဩော်. . . ဒီနားက ဘီယာဆိုင်ကလား"

"ဟုတ်ကဲ့"

"ဘာများပြောစရာရှိလို့လဲ"

အဘိုးကြီးက အပြင်ထွက်လာပြီးမေးလာ၏။

"သချိုင်းထဲမှာ မီးလုံးကြီးတွေ ကောင်းကင်တက်ပြီး လှုပ်ရှားနေကြတယ်။ အဲ့ဒါအဘိုးတွေ့လား"

"အင်း. . . တွေ့ပါတယ်။ အဲ့ဒါဘာဖြစ်လို့လဲ"

"အဲ့ဒါဘာကြောင့်ဖြစ်တာလဲလို့ အဘိုးထင်သလဲ"

"သရဲခြောက်တာနေမှာပေါ့။ ကျုပ်အဖို့တော့ ဒါမျိုးတွေရိုးနေပါပြီကွာ"

"သရဲခြောက်တာ ဖြစ်နိုင်ပါ့မလား"

"သိပ်ဖြစ်နိုင်တာပေါ့"

"အဘိုး ဘယ်နှခါ သရဲအခြောက်ခံရဖူးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညကြီးမင်းကြီး ဘေးပတ်ဝန်းကျင်မှာ သူတို့သွားလာနေကြတာ မောင်ရင်ရဲ့။ အဲဒါမျိုးက အပမှီတတ်တယ်။ ကဲ. . . ဂိတ်တဲထဲ ဝင်ပြောချင် လာပြောချည်တော့"

✠ ✠ ✠



## အခန်း ( ၅ )

"ဒီကွေ့က ကားမကြာခဏမှောက်တာ အဲ့ဒီသုသာန်ကြောင့်လား အဘိုး"

"ကျုပ်နာမည် ဦးတောင်ကျော်တဲ့။ ဦးကျော်လို့သာ ခေါ်စမ်းပါကွယ်။ မင်းက အဘိုးခေါ်လိုက်ရင် ငါ့မှာ သေဖို့ပိုပိုနီးသွားတယ်လို့ ခံစားမိတယ်"

"ဪ. . . ဟုတ်ကဲ့ ဦးကျော်"

"မင်းပြောတာ ဟုတ်တယ်။ ဒီသုသာန်မှာ မဖဲဝါက နာမည်ကြီးတယ်။ ညကြီးသန်းခေါင် မိန်းမတစ်ယောက် အဲ့ဒီကွေ့က ကားတွက်ထွက်တားတတ်လို့တဲ့. . . ကားသမားတွေ မကြာခဏမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျုပ်လည်းမြင်တာပဲ။ ခုနောက်ပိုင်း ကားတွေက မရပ်ဘဲ မောင်းပြေးတာများတယ်။ တချို့ကုန်တင်ကားတွေကတော့ အဖျော်မယ်ထင်လို့ ကောက်တင်သွားတာပေါ့။ အဲ့ဒီလိုတင်သွားတဲ့ကားတွေ ဘာတွေဖြစ်ကုန်ကြသလဲတော့ မပြောတတ်ဘူး။ အဲ့ဒီမိန်းမ လူမဟုတ်ဘူးလို့တော့ ကျုပ်ထင်တယ်"

"ဒါဆို အဲ့ဒီမိန်းမဟာ. . . ဘာလဲ"

"မဖဲဝါပဲ နေမှာပေါ့"

"တခြားသရဲမကော မဖြစ်နိုင်ဘူးလား။ ဘာလို့ မဖဲဝါလို့ အတပ်ပြောရတာလဲ"

"ဒီမြို့ထဲက ကားသမားတွေ ရပ်ဝေးကနေ ကားပြန်မောင်းလာလို့မြင်ခဲ့ရတာ ပြန်ပြောတာတဲ့။ အဲ့ဒါနဲ့တင် မဖဲဝါပဲ ထင်ကုန်ကြတာပေါ့။ နောက်ပိုင်းတော့ တိုက်ဆိုင်မှုလားဘာလားပဲ။ ဒီကွေ့မှာ ကားမကြာခဏမှောက်တော့တာပဲ"

မောင်ဘုန်းကလည်း ဦးတောင်ကျော်ရဲ့လက်ဖက်ရည်ဖန်ခွက် (ရှဟန်းကြီးကြိုက်)ကို တစ်ငုံ့မော့သောက်လိုက်ပြီး. . .

"ဒါဆို. . . ဒီကွေ့မှာ အန္တရာယ်ကင်းအောင် မှတ်တိုင်နီကြားတွေစိုက်၊ အချိန်လျှော့မောင်းနိုင်းတဲ့လမ်းညွှန်တွေပြထား။ လိုအပ်ရင် လမ်းကင်းဂိတ်တစ်ခု ချပေးထားသင့်တာပေါ့။ ဒါမှရှင်း





သွားမှာ"

"ချထားလည်း ဘယ်သူမှ လာနေရဲမှာမဟုတ်ဘူး။ တစ်ခါတုလေ အဲ့ဒီမဖဲဝါက ကျုပ်လိုအဘိုးကြီးတောင် မျက်စောင်းထိုးချင်နေတာ။ မိုးမှောင်မိုက်တဲ့ညတွေများဆို ကျုပ်ဂိတ်တဲကိုလာပြီး သွေးတိုးစမ်းလိုက်သေးတယ်ဗျ"

"ဟုတ်လား. . . ဘယ်လိုသွေးတိုးစမ်းတာလဲခင်ဗျ"

"မှန်တွေ လာပုတ်၊ တံခါးတွေ လာခေါက်တာပေါ့။ ကျုပ်ကလည်း ငှက်ကြီးတောင်ဓားတစ်ဖက်၊ ဓာတ်မီးတစ်လက်နဲ့ ထွက်ကြည့်ရင်. . . အပြင်မှာ ဘာမှမတွေ့ရဘူး။ တစ်ခါတလေမှာတော့ သံလမ်းအတိုင်း လျှောက်သွားတဲ့ မိန်းမပုံစံမျိုးကိုတွေ့လိုက်ရတယ်။ ဟော့. . . ရပ်စမ်းလို့လှမ်းအော်လည်း တုတ်တုတ်တောင်မလှုပ်ဘူး"

"သွေးတိုးစမ်းတာက. . . ဒီလောက်ပဲလားဦးကျော်"

"ဘယ်ဟုတ်မတုန်း၊ ငါတို့လင်မယား ည(၁၀)နာရီလောက်ကြီး ဂိတ်တဲမှာ ထိုင်ပြောနေတုန်း အဲ့ဒီဟာမ ဝင်နှောက်လို့ ရန်ထဖြစ်ရတယ်လေ။ ငါ့မိန်းမက မျက်စိမှုန်တယ်။ နားကလည်း လေးတယ်။ ဆေးလိပ်တိုကို ဖင်ပူအောင် ဖွာတတ်တယ်။ အဲ့ဒါကွာ. . . သူ့ဆေးလိပ်အောက်ကျနေလို့ ကုန်းကောက်တာ သူ့တင်ပါး ငါ ရိုက်ပါတယ်လုပ်ရော။ ငါက ရထားလာတာ သတင်းပို့ထားလို့ဂိတ်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဖို့ သွားနေတာကိုး။ သူ့အနား ငါရှိနေတယ်မှတ်နေရဲ့"

"အဲ့ဒါနဲ့. . ."

"နောက်တော့ ဂေါက်ဖုန်းလှည့်နေတုန်း. . . ငါ့နားရင်းကို ဖြောင်းခနဲအုပ်ခံရတယ်။ လှည့်ကြည့်တော့ မိန်းမက ဟန်မပျက် ဆေးလိပ်မီးတောင် ညှိလို့ဗျာ။ ငါလည်း အစက သရဲမကြောင့်လို့ ဘယ်ထင်မှာလဲ။ ငါ့မိန်းမ သက်သက်မဲ့ ငါ့ကိုအပြစ်ရှာရန်ရှာတယ်ပဲ ထင်နေတာပေါ့။ နောက်တစ်ခါ ငါ့မိန်းမပါ နားရင်းအုပ်ခံရတယ်။ ငါ ဒီဘက်လှည့်ပြီး ဂဏန်းတွက်နေတာ၊ ငါလုပ်ပါတယ်ဆိုပြီး ငါ့ကိုထုရိုက်တော့တာပေါ့။ ငါကလည်း မဟုတ်မခံဆိုတော့ လင်မယားနှစ်ယောက် ထသတ်လိုက်ရတာကွာ။ ဖုန်းသံမြည်မှပဲ နားရပ်လိုက်ရတော့တယ်"

မောင်ဘုန်း ပြုံးရယ်မိ၏။ ပြီးမှ. . .

"ဦးကျော်မိန်းမက သရဲမကြောက်ဘူးလား။ ဂိတ်တဲအိမ်ပေါ်မှာ တစ်ယောက်တည်းနေရဲတယ်နော်"

"သူက မျက်စိမွဲ၊ နားလေးနေတော့ ခြောက်တဲ့သရဲသာ မောသွားမယ်။ ပြုံးပြပြလို့လည်း မရ၊ အသံပေးခြောက်လို့လည်း မကြားဆိုတော့ ဘယ်သရဲမှ သူ့ကိုမခြောက်တော့ဘူး။ ငါ့ကိုချည်းပဲ ခွခြောက်နေတယ်။ ဒီကြားထဲ. . . ရထားကြိတ်ခံရလို့ သေသွားတဲ့





မိုးမမြင်လေမမြင်စုံတွဲကလည်း ညဘက်ဆို အဲ့ဒီနေရာမှာ ထွက်ထွက်ထိုင်နေကြတာ။ ကျုပ်မှာ ဒီဘက်သံလမ်းကပဲ ရှေးသွားပြီး အလံချိုးရတယ်။ ဟိုဘက်သံလမ်းကို သူတို့အတွက် အပိုင်စားပေးရတယ်။ ငါ့မှာ လန့်ပြုံးပြီး ဘုန်းဘုရားဆီက စွန့်ထားတဲ့ပုတီးကိုးလုံးနဲ့ ဘုရားစာတွေ ရွတ်ဖတ်သရဇ္ဈာယ်တော့မှပဲ ရုတ်ချည်းပျောက်သွားတော့တယ်"

ဦးတောင်ကျော်က သူ့ကိုယ်တွေ့ဖြစ်ရပ်တွေကို မနားတမ်းပြောပြပြီး ရေနွေးခါးခါးကို တစ်ငုံသောက်လိုက်၏။ ပြီးလျှင် ဆေးလိပ်တိုကိုမီးညှိပြီး သုံးလေးဖွာရှိုက်ဖွာပြီး နှာခေါင်းနှင့်ပါးစပ်တွေထဲကအခိုးတွေ မှုတ်ထုတ်ပစ်လိုက်၏။

"ဦးကျော်အတွက် သရဲခြောက်ခံရတာတွေက ရိုးနေပြီပေါ့"

"ကျုပ်လည်း မကြောက်တတ်တော့ဘူးလေ. . . သရဲဆိုတာ ကြောက်တဲ့လူကိုပဲ ခြောက်လို့ရတာကိုး။ မကြောက်တဲ့လူကျတော့ မခြောက်ကြတော့ဘူး။ ကျုပ်က ပင်စင်ရတဲ့အထိ ဒီနေရာလေးမှာ ကုပ်တွယ်နေရတာကိုး၊ ဘယ်စွန့်နိုင်မလဲ. . .။ ဒီကောင်တွေ သိပ်သောင်းကျန်းလာရင် ဟောဒီငှက်ကြီးတောင်ဓားနဲ့ ပတ်ရမ်းပစ်တာပဲ။ ဒီကောင်တွေ သံကိုတော့ အသေကြောက်တယ်။ လူကြမ်းရင် နတ်ကြမ်းတောင် မခံနိုင်ဘူးတဲ့။ ဒီမကောင်းဆိုးဝါးတွေက



www.burmeseclassic.com

www.burmeseclassic.com



ပိုအစွမ်းထက်တဲ့နတ်ကြမ်းတောင် မခံနိုင်မှတော့ဗျာ"

ဦးတောင်ကျော်က သူ့စကားကို တန့်ခနဲရပ်လိုက်ပြီးလျှင် မှန်ပြတင်းကတစ်ဆင့် အပြင်ကိုလှမ်းကြည့်နေ၏။ ဘာလဲဟဆိုပြီး မောင်ဘုန်းလည်း လှည့်ကြည့်လိုက်တော့. . .

လရောင်တွေ မှိန်ဖျော့သွားချိန်။ တိမ်ညိုတစ်အုပ်က လမင်းကို ချုပ်နှောင်လိုက်ချိန်၊ ဝန်းကျင်တစ်ခွင် မဲမှောင်ရီ မှိုင်းသွားရချိန်. . .

"ဟော! ပြောရင်းဆိုရင်း သူ. . . သူလာနေပြီ"

"ဗျာ! ဘယ်မှာလဲ။ ဘယ်သူလာနေတာလဲ"

"မဖဲဝါလေ. . . ဒီဂိတ်တဲကိုလာနေပြီဟ"

"ဟုတ်လို့လား. . . ကျွန်တော်ဖြင့် ဘာဆိုဘာမှမမြင်ရပါလား"

"ဟိုမှာလေကွာ။ မင်းမျက်လုံးကလည်း မွဲပုပ်ကွာ"

ဦးတောင်ကျော် လက်ညှိုးညွှန်ပြရာတည့်တည့်ကို မောင်ဘုန်း စိုက်ကြည့်မိ၏။ ဘာဆိုဘာမှမရှိ။ လူသူလေးပါး ရှင်းလင်းနေ၏။ ဦးတောင်ကျော်တစ်ယောက် စိတ်ကယောင်ချောက်ချားဖြစ်ပြီး ပြောချင်ရာပြော၊ မြင်ချင်ရာမြင်တွေ ဖြစ်ကုန်တာလားမသိ။ အသက်ခြောက်ဆယ်အရွယ်တွေဆိုတော့ အသိ၊ အမြင်၊ အတွေး





တွေ ချွတ်ယွင်းဖောက်ပြန်ကုန်တတ်သည် မဟုတ်ပါလား။

"တွေ့လား ကောင်လေး"

"အင်း. . . တွေ့ပြီ. . . တွေ့ပြီ"

ခံပြင်းနေလျှင် ဦးတောင်ကျော် စိတ်မရှည်ဘဲ မောင်ဘုန်းကို ဒေါသထွက်ကာ လည်ပင်းထညှစ်ချင် ညှစ်လာနိုင်၏။ ထို့ကြောင့် ပြီးလွယ်စီးလွယ်ပင် တွေ့တယ်လို့ ညာပြောလိုက်ရတော့၏။ လပြည့်ညမှာ မိုးရွာခဲ၏။ ဒီညမှာတော့ ဒီနေရာလေးတစ်ဝိုက်ကို မိုးကွက်ရွာသွားလေသည်။

လေပြင်းနှင့် မိုးသက်ဆင် ခတ်မွှေ့နေ၍ မောင်ဘုန်းလည်း ဂိတ်ထဲမှာ ပုကွေးနေရတော့၏။

ဦးတောင်ကျော်က. . .

"ထူးဆန်းလိုက်တာ ချက်ချင်းကြီး. . .။ ဒီသရဲမ မိုးခေါ်လာသလိုပဲ"

"ဦးကျော်ရာ အဓိပ္ပာယ်မရှိ။ သရဲနဲ့ကောင်းကင် ဘာဆိုင်လို့လဲ။ ဘာသရဲမမှလည်း မတွေ့ဘူး"

"ဟင်! မင်းနောက်မှာ. . . နောက်မှာ"

"အောင်မယ်လေးဗျ"

ဦးတောင်ကျော်ပြောလို့ မောင်ဘုန်း နောက်လှည့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ရောမစကောလောက်မျက်နှာကြီးသဖွယ် မှန်အကွယ်မှ အရိပ်ပြန်သလို မြင်လိုက်ရ၏။

လှစ်ခနဲပျောက်သွား၏။ ရုတ်တရက်ထိုးလာသော ဆလိုက်မီးရောင်အလင်းမှာ ပျောက်သွား၏။ ရန်ကုန်ဘက်မှ ကားတစ်စင်းလာနေလေသည်။ ထိုကားမီးရောင်ကြောင့် မှန်ပေါ်မှာ ပုံရိပ်ယောင်တွေထင်ကာ လန့်စိတ်နှင့် မြင်ချင်ရာမြင်လိုက်လေရာသလား။

"ဟား. . . ရထားလာနေပြီ။ ဒုက္ခပဲ၊ ဂိတ်တံခါးပိတ်ရမယ်။ အလံချိုးရမယ်။ လုပ်စရာတွေ အများကြီး"

ဦးတောင်ကျော် အရှူးလိုအော်ပြီး ပြေးထွက်သွား၏။

"ဦးကျော်. . . ပြန်လာခဲ့"

ဟု ကျွန်တော် အသံကုန်အော်ခေါ်လိုက်မိ၏။

လေရိုင်းထဲ မှာ အော်သံက မထိရောက်။ ဂိတ်တဲအိမ်လေးမှာ အိပ်ပျော်နေပုံရသော ဦးတောင်ကျော်ရဲ့ဇနီးကိုပင် နိုးထအောင် မစွမ်းနိုင်။

သဘာဝတရားကို ယာယီခဏ ချုံခိုလှည့်ကစားလိုက်သည့် ကမ္ဘာ့ဇိဒ္ဓိစွမ်းအင်ကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရ၏။ မောင်ဘုန်း အလွန်တရာထိတ်လန့်သွားမိ၏။ ဦးတောင်ကျော်အတွက် စိုးရိမ်စိတ်ဖြင့် နောက်ကနေ ပြေးလိုက်သွားမိ၏။





မောင်ဘုန်း အလံတိုင်နားကို ရောက်သွားချိန်မှာတော့ ဦးတောင်ကျော်တစ်ယောက် အလံတိုင်ပေါ်ကို ကုပ်တွယ်တက်၍နေသည်မှာ တစ်ဝက်မက ရောက်နေလေပြီ။

"ဦးကျော်. . . အဲ့ဒါဘာလုပ်နေတာလဲ"

ဘာမှပြန်မပြောဘူး။ ဆက်တက်နေတယ်။ ဒီလူကြီးကို အပမှီသွားတာပဲဖြစ်မယ်။

ပါးစပ်မှလည်း ပရိတ်ကြီး (၁၁)သုတ်ကို နှုတ်တိုက်ရွတ်ဆိုလိုက်၏။

မိုးစက်ကျတာ ရပ်တန့်သွား၏။

လေပြင်းမြည် ဝေါဝေါဝေဝေတွေ အရှိန်သေသွား၏။ တိမ်မျိုခံထားရသည့် အထဲကနေ 'လ' ပြန်ထွက်လာ၏။ ဝန်းကျင်တစ်ခုလုံး လင်းရှင်းဝင်းဖြာပြီး ပြန်လည်ငြိမ်းချမ်းသာယာသွားပြန်၏။

မောင်ဘုန်းတစ်ကိုယ်လုံး ရေတွေရွှဲနစ်ကျန်ခဲ့၏။

မိုးတွေ ဝေါခနဲ ရွာ၏။ ခဏနှင့် တိတ်သွားပြန်၏။

✠

"ဦးကျော် ပြန်ဆင်းခဲ့။ ခင်ဗျား အဲ့ဒီအပေါ်ကို ဘာတက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ လိမ့်ကျသေနေဦးမယ်"

ဒီလိုအော်ခေါ်တော့မှပဲ ဦးတောင်ကျော်တစ်ယောက် ခြေတုန်လက်တုန်နှင့် ပြန်ဆင်းလာတော့၏။

အောက်ရောက်တော့မှ . . .

"ဘုရား . . . ဘုရား။ ငါပြုစားခံလိုက်ရတာပါလား။ တော်ပါသေးရဲ့။ မင်းလှမ်းအော်လိုက်လို့ ငါသတိပြန်ဝင်လာတယ်"

"ဘယ်လိုတွေ ဖြစ်ရတာလဲဗျာ"

"မိန်းမတစ်ယောက် ဆံပင်ဖားလျားနဲ့ ငါ့ကို လက်ယပ်ခေါ်တာနဲ့လိုက်ကြည့်တာ အနားရောက်တော့ ငါ့မိန်းမမယ်တင် ဖြစ်နေတယ်။ အလံတိုင်ကြီးနားရောက်တော့ မယ်တင်က ရှင့်ကို ကျုပ် မပေါင်းဘူး။ ရှင်နဲ့နေရတာ စိတ်ဆင်းရဲတယ်။ ကိုယ့်ဘာသာကိုယ် သတ်သေမယ်ဆိုပြီး အလံတိုင်ကြီးပေါ် ဖက်တက်သွားတာများ ထန်းတက်သမားထက်တောင် တက်တာတော်သေးတယ်။ ငါလည်း စိတ်ပူသွားတာပေါ့ . . .။ အလံတိုင်ပေါ်က ခုန်ချသေမယ်မှတ်ပြီး နောက်ကနေလိုက်တက်သွားတာ။ နောက်တော့ လ ပြန်လင်းလာတယ်။ မယ်တင်လည်း ပျောက်သွားတယ်။ မင်းလှမ်းအော်မှ ငါ့မှာ ဘယ့်နှယ်ဒီအပေါ်ရောက်နေရတာလဲဆိုပြီး တအံ့တဩနဲ့ပြန်ဆင်းလာရတယ်။ ကြည့်စမ်းပါဦးကွာ။ ဇောနဲ့တက်သွားတုန်းက ဟုတ်





လို့။ ပြန်ဆင်းတော့မှ ပြုတ်ကျသေမှာကြောက်ပြီး တင်ကိုယ်လုံး တုန်နေတော့တာပဲ"

"တော်သေးတာပေါ့ဗျာ။ လာပါ . . . ပြန်ကြရအောင်။ တော်ကြာ တကယ့်ရထားလာနေတာကို သတင်းမရဘဲနေဦးမယ်"

နှစ်ယောက်သား သံလမ်းအတိုင်း ရေစိုစက်လက်နှင့်လျှောက် ပြန်လာမိကြ၏။

"ဒီညမှာ ကြုံတွေ့ရတဲ့အဖြစ်အပျက်က ဆန်းကြယ်လွန်းလို့ သာမန်လူဆို သွေးပျက်သွားနိုင်လောက်တယ်"

"အစစ်ပေါ့ . . . ငါ့တူရာ"

"မဟုတ်ပါဘူး။ သရဲအကြောင်းဖိပြောရင်း ဦးကျော်ရဲ့စိတ်က သရဲမတစ်ကောင်ပေါ်လာပြီး ရင်ထဲရှိတာနဲ့ ပေါင်းစပ်ရောမွှေ ဖြစ်ပျက်သွားတာမျိုးပါ။ ညနေက . . . ဦးကျော်နဲ့ ဒေါ်မယ်တင်တို့ ရန်ဖြစ်စကားများထားဘူးသေးလား"

"များတာပေါ့၊ ဟင်းမကောင်းလို့ ငါဂျီတိုက်တာ။ ရန်ဖြစ်ပြီး စိတ်ညစ်တယ်၊ ရှင့်ကို မပေါင်းဘူး။ ကိုယ့်ဘာသာ သတ်သေပစ်လိုက်မယ်လို့ ပြန်အော်တာခံခဲ့ရတယ်"

"အဲ့ဒီမှာတင် ဦးကျော်ရဲ့စိတ်ထဲ အဲ့ဒီစကားကိုစွဲပြီး အဲ့သလို ဖြစ်လာနိုးနိုးနဲ့ တွေးထင်နေချိန်မှာပဲ စိတ်ကပြန်ခြောက်လှန့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ နှစ်ခုပေါင်းပြီး ပြောင်းဆန်သွားရတော့တာပေါ့ဗျာ"

ဦးတောင်ကျော်တော့ ဘယ်လိုနားလည်သွားသည်ရယ်ဖြင့် မသိ။ မောင်ဘုန်းကတော့ ရှင်းပြပြီးတာနှင့် ဆိုင်ကယ်နှင့် ဘီယာဆိုင်ကို ပြန်လာလိုက်၏။

✠ ✠ ✠



# အခန်း ( ၈ )

"ကြွက်စုတ်ရေမွှန်းနဲ့ . . ဘယ်အိုင်ထဲ ချော်လဲကျလာတာလဲ မောင်ဘုန်းရာ"

"မိုးရွာတယ်လေကွာ။ မုန်တိုင်းအဖျားခတ်သလို ရွာသွားတာ။ မင်းတို့မသိလိုက်ဘူးလား"

ညလုံးပေါက်ဖွင့်သည့်ဆိုင်မို့ ညပိုင်းဆိုင်ထိုင်သော ဖိုးညီက မအိပ်။ သူ့ဇနီးက နေ့ပိုင်းကောင်တာထိုင်ရ၍ အိပ်နေလေပြီ။

"ဘယ်ကမိုးက ရွာရမှာတုန်း။ ကတ္တရာလမ်းတွေ ခြောက်သွေ့နေတာပဲ။ တို့ဆိုင်ရှေ့ကိုလည်း ကြည့်လိုက်ဦး။ မိုးစက်မပြောနဲ့ နှင်းစက်တောင် မကျဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဂကယ်လား။ ငါ တကယ်မှီးမိခဲ့ရတာပါကွာ။ ဂိတ်တဲက ဦးတောင်ကျော်ကြီး သက်သေရှိပါတယ်"

"မင်းတော့ အထူးအဆန်းတွေနဲ့ချည်း တွေ့လာတာပဲ။ ဘာ ဖြစ်လာသလဲဆိုတာကိုသာ ရှင်းပြစမ်းပါကွာ"

မောင်ဘုန်းလည်း ဖြစ်ကြောင်းကုန်စင်ကို ဤသည်မမွေ ပြန်ပြောပြလိုက်မိ၏။ ဆိုင်ထဲမှာ စားသုံးသူမရှိကြသေး။ ဝိတ်တာ တွေပါ လာနားထောင်ပြီး တအံ့တဩဖြစ်ကုန်ကြ၏။

ဖိုးညီက. . .

"မင်းတော့ မဖဲဝါနဲ့တွေ့နေပြီ။ ရုပ်တန်းကရုပ်တော့ မော ဘုန်း။ ရှေ့လျှောက်မလွယ်ဘူးနော်။ လိပ်ပြာနှုတ်ခံရရင် ဘယ့်နှယ် လုပ်မလဲ"

"ငါ စိတ်ဓာတ်ခိုင်မာပြီးသားပါကွာ။ ဒီနေရာမှာ အတော် လေးကို ဆန်းကြယ်ထူးခြားတဲ့ဖြစ်ရပ်တစ်ခု ရှိနေပြီ။ ကမ္ဘာပေါ်မှ ကာလယန္တရားရုပ်တန့်တဲ့ဇုံတို့၊ ဘာမြူဒါတြိဂံတို့လိုနေရာမျိုးတွေ ရှိနေသလိုပေါ့။ သုသာန်တွေမှာလည်း ရှိနေပြီ။ မဖဲဝါနဲ့ပတ်သက် လည်း ရှိချင်ရှိနေမှာပေါ့"

အဲ့ဒီညက ပရိတ်ရေသောက်ပြီး မောင်ဘုန်း အိပ်ရာဝင် ၏။ တစ်ညကလို နောက်က ပူးကပ်ပါလာပြီး ထသောင်းကျန်း





မှာစိုးလို့ပေါ့။ စိတ်ပန်းကိုယ်နွမ်းဖြင့် မေးခနဲအိပ်ပျော်သွားစဉ် တစ်ညလုံးဖွင့်အိပ်သောမီးချောင်းက လင်းလိုက်မှိတ်လိုက်နှင့်ဆက် တိုက်ဖြစ်ပေါ်လာ၏။ ရှော့ဖြစ်နေတာလားမသိ။ ပေအိပ်နေလိုက် ၏။

"ဒေါက်! ဒေါက်! ဒေါက်! ဒေါက်! "

တံခါးခေါက်သံလေးချက် ထွက်ပေါ်လာပြန်၏။

"ဘယ်သူလဲ"

ပြန်မထူး။ ပြန်ပေအိပ်လိုက်ပြန်၏။

"ဒေါက်! ဒေါက်! ဒေါက်! ဒေါက်! "

လေးချက် အမြန်ဆက်တိုက်ခေါက်လာပြန်၏။

"ဘယ်သူလဲ။ မနောက်နဲ့နော်"

ငြိမ်သွားပြန်သည်။ အိပ်ဖို့ပြန်မှေးလိုက်စဉ် တံခါးခေါက်သံ ပေါ်လာ၏။ ပြန်မအော်ဘဲ တံခါးနားမှာ အသာသွားကပ်ပြီး လက် ကိုင်ဖုကိုဆုပ်ကိုင်ထားလိုက်၏။ တံခါးလာခေါက်သူကို အမိချောင်း ပြီး အပိုင်ဖမ်းမည်ပေါ့လေ။

"ဒေါက်! ဒေါက်! "

တံခါးနှစ်ချက်ပဲ ခေါက်ရသေးသည်။ မောင်ဘုန်း တံခါးလက် ကိုင်ကို ဆတ်ခနဲဆွဲလှည့်ပြီး ဘွားခနဲဖွင့်လိုက်သောအခါ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! "

ပုပ်အဲ့အဲ့အနံ့တစ်ခုကိုသာ ရင်ဆိုင်လိုက်ရ၏။ ဘယ်သူတစ်ဦးတစ်ယောက်မှမရှိ။ အပေါ်ထပ်ဆောင်တွေကို လိုက်ရှာကြည့်သည်။ မတွေ့။ အောက်ထပ်ဆင်းလာလိုက်၏။

"မောင်ဘုန်း. . . အိပ်မယ်ဆိုပြီး ခုထိမအိပ်သေးပါလား။ မနက်သုံးနာရီထိုးနေပြီနော်"

"အိပ်ပျော်မယ်ကြံတိုင်း သရဲခြောက်တာခံနေရလို့ကွ"

"ဘယ်လိုဖြစ်ရတာလဲ"

"မီးဖွင့်လိုက်မှိတ်လိုက်လုပ်တယ်။ တံခါးလာခေါက်တယ်"

"ငါ့ကောင်တွေတော့ လာမနှောက်ဘူး။ မနက်ဝင်လာမယ့် ခရီးသည်တင်ကားကို ရောင်းချဖို့ မနက်စာတွေ ပြင်ဆင်နေကြတာ။ အပေါ်ထပ်ကို မတက်ကြဘူးနော်"

"အေးပါကွာ။ ငါတော့ အောက်ကအခန်းထဲမှာပဲ အိပ်တော့မယ်"

"သဘောကွာ"

အောက်ထပ်အခန်းပိုလွှတ်မှာ အိပ်တော့မှပဲ ပိုသာဆိုးတော့၏။ စောင်ကိုလာဆောင့်ဆွဲ၏။ ပြန်ဆွဲယူပြီး ပြန်အိပ်နေတော့ ခြေထောက်ကို အေးစက်စက်လက်ကြီးနဲ့လာဆွဲ၍. . .

ရွှေပဒေသာစာပေ



"အောင်မယ်လေးဗျ"

လို့ အသံနက်ကြီးနှင့် ဟစ်အော်ထလိုက်ရတော့၏။ ဖိုးညီတို့ ရောက်လာပြီး မေးမြန်းကြပြန်၏။

"မင်းကိုအားနာပါတယ် သူငယ်ချင်းရာ"

တုံးမောင်းခေါက်သံကြားတော့မှပဲ စိတ်ချလက်ချအိပ်ခွင့်ရတော့၏။

✠ ✠ ✠

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

နောက်တစ်နေ့မနက် (၁၀)နာရီမှ မောင်ဘုန်း နိုးထလာ၏။ မနက်စာစားဖြစ်စဉ် ဖိုးညီမိန်းမက ညကအကြောင်းတွေ ဖိုးညီထံမှကြားထား၍ တအံ့တသြနှင့်မေးလာ၏။

"သံလမ်းဂိတ်စောင့်တဲ့ ဦးတောင်ကျော်က စိတ်သဲပဲမမှန်တော့တာလား"

"ဒီလိုလည်းမဟုတ်ဘူး။ သူလူကောင်းမို့ ဒီနေရာမှာ ထားတာပေါ့။ သူရှိနေရင် ရထားတွေကားတွေ တိုက်မိကုန်မှာပေါ့။ မမြင်ရတဲ့လောကနဲ့ဆက်နွယ်နေတော့ ပြောရခက်တယ်"

မောင်ဘုန်းတစ်ယောက် ဖိုးညီဆိုင်ကယ်နဲ့ မြို့ထဲဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြည့်ဖြစ်၏။ မြို့လယ်ခေါင်က လက်ဖက်ရည်ဆိုင်ကြီးမှာ လက်ဖက်ရည်ဝင်သောက်ဖြစ်တော့ သုသာန်ကွေ့ကအကြောင်းကို ပြောနေဆိုနေကြတာနှင့်ကြုံရ၏။ ဝိုင်းသုံးလေးဝိုင်း ကူးလူးယှက်နွယ်ပြောနေကြခြင်းပင်။

"ဒီကွေ့ကတော့ ဘယ်ချက် လူလဲဦးမလဲမသိဘူး။ သချိုင်းထဲမလည်း . . . အခြောက်အလှန့်ဖြစ်နေလို့ နေ့ဘက်တောင် သိပ်မသွားရဲကြဘူး။ အုတ်ဂူမှာ သန့်ရှင်းရေးသွားလုပ်တဲ့ ကိုစိန်တိုးဆိုရင် နေ့ဘက်ကြီး . . . မိန်းမရယ်သံကြားလို့ လိုက်ရှာတာ ဘာမှမတွေ့ရဘူးတဲ့"

"အဲ့ဒါ မဖဲဝါပဲနေမှာပေါ့"

"ကျော်ဦးတို့လယ်တဲနဲ့ သချိုင်းက ကပ်နေတာ။ ပေါင်းရှင်းနေတဲ့ကျော်ဦးကို သချိုင်းချုံထဲက ခဲနဲ့လှမ်းထုသတဲ့။ ကျော်ဦးလည်း တစ်ယောက်ယောက် လာနောက်နေတယ်ထင်ပြီး ပေါင်းရှင်းတဲ့ ဓားကိုင်ပြီး ချုံတွေထဲလိုက်ရှာတာ။ မိန်းမရယ်သံပဲ ကြားရတယ်၊ လူမတွေ့ရဘူးတဲ့"

"စိတ်မနှံ့တဲ့အရူးမတစ်ယောက်ယောက်များ . . . သချိုင်းထဲ ရောက်နေသလားပဲ။ ကျုပ်တို့နယ်ဘက်တွေက အရှေ့တောင်ကတောလူတွေကို ကြောက်ရတယ်။ တောလူတွေက ဟိုဟာဒီဟာ





တောင်တာမြှုပ်တာ လာလုပ်ရင် သချိုင်းမှာ ခိုကြတာများတယ်။ ဥက္ကဋ္ဌကလည်း ဒီချုံတွေကိုရှင်းဖို့လူစုတာ ညှိမရသေးဘူး"

"ဟိုတစ်နေ့ညက မီးလုံးကြီးတွေ တွေ့လိုက်ကြသေးလား။ ဈေးထဲမှာ အဲ့ဒီအကြောင်းပဲပြောနေကြတယ်"

"တွေ့လိုက်တာပေါ့ဗျာ။ ကျုပ်တောင် အငေးကောင်းလို့ စက်ဘီးဝင်တိုက်ခံလိုက်ရသေးရဲ့"

"တော်တို့ကျုပ်တို့ ပေါ့နေလို့မဖြစ်ဘူး။ မြို့ထဲမှာမဟုတ်သေးပေမယ့် သချိုင်းနဲ့ကပ်နေတဲ့ဇလားရွာမှာ လူအသေအပျောက်များနေသတဲ့။ သူတို့ရွာသချိုင်းမှာပဲ မြှုပ်နေကြလို့ပေါ့"

"အဲ့ဒါမပူပါနဲ့ . . . မြို့မိမြို့ဖဦးလူပေါ်တို့၊ ဦးမြင့်တင်တို့က ဆရာပင့်ထားပါတယ်။ ပယောဂကုနိုင်တဲ့ဆရာနဲ့ အဲ့ဒါတွေ ဝပ်သွားအောင်၊ နောက်ထပ် အဲ့ဒီကွေ့မှာ ကားတိုက်မှုမဖြစ်အောင် ပယောဂဆရာက ကာကွယ်လုပ်ဆောင်ပေးလိမ့်မယ်တဲ့"

"ဘယ်မှာလဲ အဲ့ဒီဆရာ"

ဝိုင်းထဲကတစ်ယောက်က မေးလိုက်တော့ ဆိုင်ပေါက်ဝက အသံတစ်သံထွက်ပေါ်လာ၏။

"ကျုပ်ပဲ၊ အခုရောက်လာပြီ။ ကျုပ်နာမည် ဦးဖြူ။ ပယောဂကုသလာတာ နှစ်ပေါင်းလေးဆယ်ရှိပြီ။ ဘယ်လိုမကောင်းဆိုးဝါး



www.burmeseclassic.com

www.burmeseclassic.com



မဆို ဂုတ်ဆွဲပြီး နားရင်းချ. မောင်းထုတ်ပစ်လိုက်နိုင်တာချည်းပဲ”

ဆိုင်ထဲကလူတွေ တအံ့တဩနှင့် စကားသံရှင်ကိုကြည့်မိကြကုန်၏။ မောင်ဘုန်းလည်း ရှေ့ဆုံးကအပါအဝင်ပေါ့။

အပေါ်ဖြူ၊ အောက်ဖြူ၊ ခေါင်းပေါင်းဖြူနှင့် တကယ့်ဆရာဖြူပါပဲ။ ပါးမှာလည်း မှဲ့နက်ကြီးတစ်လုံးနှင့်။ ချစ်မွေးခေါ်ရမလား မသိ။ မှဲ့နက်ကြီးကနေ အမွေးဖြူဆယ်ပင်လောက်ကလည်း သန်သန်စွမ်းစွမ်းထွက်နေသေး၏။

စန္ဒရားဦးလှထွန်းနှင့် ရုပ်ချင်းခပ်ဆင်ဆင်ပါ။ သူ့နောက်မှာ ဘောင်းဘီတိုပွပွ၊ အရပ် ကလန်ကလားနှင့် ကင်းကောင်နှင့်ရုပ်ဆင်သောတပည့်တစ်ယောက်။ ကျောပိုးအိတ်အပြင် လက်နှစ်ဖက်စလုံးက ဝန်စည်စလွယ်တွေကိုဆွဲကိုင်ထားသေး၏။

လက်တစ်ဖက်က ခေါက်သေတ္တာနှင့် ခေါက်ထောက်တံတွေ။ ကျန်လက်တစ်ဖက်က အိတ်ထုပ်ကြီးတစ်ထုပ်နှင့်။ ငဖောင်ရိုးဝလနှင့်မလိုက်ဖက်အောင် ဆွဲကိုင်ထမ်းပိုးလာနိုင်သူလည်းဖြစ်၏။

ဆရာဖြူရဲ့လက်ထဲမှာတော့ အချွန်အတက်တွေကို စက္ကူရွှေသုတ်ထားတာလား၊ ရွှေပတ်စက္ကူတွေ ပတ်ထားတာလား၊ သဲသဲကွဲကွဲမသိရသည့်တောင်ဝှေးကြီးတစ်ချောင်း။

ဆရာဖြူကြီးက ဒီဆိုင်ထဲမှာ ပြောဆိုနေကြတာကို အပြင်က





တောင်ကြားသွားလို့ အံ့အားသင့်ကုန်ကြတဲ့လူတွေဆိုတာ နားရွက်တောင် မလှုပ်ရဲဘူး။ ငုတ်တုတ်ပေါင်းလောင်းကလေးတွေနဲ့ ပြူးထွက်နေတာပဲ။ ပါးစပ်ဟောင်းလောင်းနဲ့ မျက်လုံးပြူးထွက်နေတာကိုပြောတာပါ။

“သင်တို့ ဘာမှမပူကြနဲ့တော့။ မကောင်းသူပယ်၊ ကောင်းသူကယ်တဲ့ဆရာဖြူပါ။ မကောင်းသူထိပ်၊ ကောင်းသူထိပ်ဆိုတာမျိုး မလုပ်တတ်ဘူး”

ဆိုင်ရှင်က. . .

“ဆရာကြီး ကြွပါထိုင်ပါ။ ဘာသုံးဆောင်ပါမလဲခင်ဗျာ”

“လက်ဖက်ရည်အဆိမ့်နှစ်ခွက်၊ စီးကရက်ရှုဘီတစ်ပွဲ၊ မုန့်ပွဲလည်းချကွာ”

“ဟုတ်ကဲ့”

“ဒါနဲ့. . . ဒီမြို့မှာ ဦးလှပေါ်တို့အိမ် ဘယ်နားမတုန်း”

“သောက်စားပြီးရင် ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်။ သိပ်မဝေးပါဘူး။ လွတ်လပ်ရေးကျောက်တိုင်နားမှာပါခင်ဗျ”

“အိမ်း. . . လူတွေခမျာ စီးပွားရေးကျပ်တည်းရတဲ့အထဲ မြွေပူရာ,ကင်းမှောင့်ဆိုသလို သချိုင်းကမဖဲဝါကလည်း တစ်စခန်းသလာတာကိုး။ ဆရာကြီး လက်ပိုက်ကြည့်မနေနိုင်ဘူးလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာကြီး"

"မှန်ပါတယ်ရှင်"

"ဆရာကြီးကို အားကိုးပါတယ်"

ဒီတော့မှလူတွေ ထောက်ခံဝင်ပြောရဲလာကြ၏။ ဆရာကြီးက. . .

"အားမကိုးနဲ့ ခါးကျိုးမယ်။ အားမနာနဲ့ ခါးပါမယ်။ အားထုတ်ရမှာ အလုပ်ပဲ။ ဘာအားလဲဆိုတော့. . . ငွေအားဟေ့။ အူမတောင့်မှ သီလစောင့်နိုင်မှာပေါ့။ သဒ္ဓါထက်သန်တဲ့လူ ဒကာလာခဲ့ကြဟေ့"

ဒီလိုခေါ်လိုက်တော့ ဆိုင်ရှင်ကပဲ ဒကာခံပြုစုလိုက်တော့တယ်။ မောင်ဘုန်းလည်း သောက်စားငွေရှင်းပြီး ထပြန်လာလိုက်တယ်။

ဘယ်နေ့ဘယ်အချိန်မှာ ဒီဆရာဖြူကြီးက ဘယ်လိုရင်ဆိုင်ရှင်းလင်းမလဲဆိုတာ ဖိုးညီတို့ဆိုင်ကနေ အသာစောင့်ကြည့်နေရုံပေါ့။

✠ ✠ ✠



## အခန်း ( ၁၀ )

ဖိုးညီတစ်ယောက် ဆိုင်ထဲဝင်လာမှ မောင်ဘုန်းအံ့သြသွား၏။ ဖိုးညီနောက်မှာ ဝိတ်တာနှစ်ယောက် လင်ပန်းတွေ၊ ဆွဲခြင်းတွေနှင့်။ ဖိုးညီတို့လင်မယားနှစ်ယောက် ညနေပိုင်းမှာ ဘယ်ကပြန်လာမှန်းမသိ။

မောင်ဘုန်းက ဖိုးညီအိပ်နေတယ်ပဲ ထင်နေမိ၏။ ဖိုးညီရဲ့ မိန်းလည်း ဆိုင်နောက်ဘက်ထဲမှာ အလုပ်ရှုပ်နေတယ်လို့ပဲထင်ပြီး နေ့လယ်စာကို ဝိတ်တာလေးပြင်ပေးတာစားပြီး၊ အပေါ်တက်နှပ်နေခဲ့မိသည်။ ညနေပိုင်းမှ ပြန်ဆင်းလာစဉ် ဖိုးညီတို့လင်မယား ဝိတ်တာနှစ်ဦးနှင့် အပြင်က ပြန်ရောက်လာတာကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်။

"မင်းတို့ ဘယ်ကပြန်လာတာလဲ"

"သင်္ချိုင်းကုန်းက"

"ငါ့ကျတော့ မသွားနိုင်ဘူး။ သရဲကြောက်တတ်တဲ့မင်းတို့ လင်မယားက သင်္ချိုင်းထဲ ဘာသွားလုပ်တာလဲ"

"ကျွန်မရဲ့မိဘဘိုးဘွားတွေကို သွားကန်တော့တာလေ...၊ ကျွန်မတို့က တရုတ်မျိုးစပ်တွေဆိုတော့ ရိုးရာအစဉ်အလာအတိုင်း လုပ်ရတာပေါ့"

"ဩော်... ဒီလိုကိုး။ တရုတ်လူမျိုးတွေ မိဘဘိုးဘွားကိုကန်တော့ကြတာကတော့ စံထားလောက်ပါတယ်"

"မင်းရော... မြို့ထဲသွားတာ ဘာထူးတာကြုံလာခဲ့သလဲ မောင်ဘုန်း"

"မြို့မိမြို့ဖတွေကတော့ ပယောဂကုသတဲ့ဆရာဖြူကြီးဆိုတာကို ဖိတ်ခေါ်ပြီး သင်္ချိုင်းက မကောင်းတာတွေကို ရှင်းလင်းလိမ့်မယ်"

ဖိုးညီ ခေါင်းတဗျင်းဗျင်းကုတ်ပြီး...

"ဇာတ်တွေကတော့ ရှုပ်ဦးတော့မှာပဲ"

"ငါလေ့လာဖို့ အကွက်ရသွားတာပေါ့ကွာ"





"လုပ်လိုက်ကွာ"

ဖိုးညီ ဒါပဲပြောပြီး နောက်ခန်းထဲဝင်သွား၏။ ညနေမှောင်ရီသမ်းချိန်မှာတော့ ပါဘာလစ်ကာအမိုးဖွင့်ကားလေး သင်္ချိုင်းရှေ့မှာထိုးရပ်တာ တွေ့လိုက်ရ၏။

ကားရှေ့ခန်းထဲက ဆရာဖြူကြီး ဆင်းလာ၏။ ယာဉ်မောင်းနေရာမှဆင်းလာသူက မျက်မှန်နှင့်လူကြီးတစ်ယောက်။

ကားနောက်ခန်းက ဆင်းလာသူတွေမှာ ထိပ်ပြောင်လူဝကြီးတစ်ဦး၊ ဆရာဖြူကြီးရဲ့တပည့်နှင့် လက်ဖက်ရည်ဆိုင်ရှင်တို့ဖြစ်နေတယ်။

မောင်ဘုန်းလည်း ဆိုင်ကယ်ပေါ်တက်ခွပြီး ကားဘေးနားရောက်အောင် မောင်းလာလိုက်တယ်။ မောင်ဘုန်းဆိုင်ကယ် ကားဘေးနားရောက်တော့ ဆရာဖြူတို့အဖွဲ့တွေ ဇရပ်ထဲရောက်ကုန်ကြပြီ။ မောင်ဘုန်းက ဇရပ်ထဲကို လိုက်ဝင်သွားတယ်။ မောင်ဘုန်းဝင်လာလို့ 'ဘယ်သူလဲ' ဆိုတဲ့အကြည့်နဲ့ ဝိုင်းကြည့်လာကုန်ကြ၏။

မောင်ဘုန်းက...

"ကျွန်တော် ဒီနားက ဖိုးညီတို့ဘီယာဆိုင်ကပါ။ မြို့ကလာတဲ့ဧည့်သည်ပါ။ အခုလိုမကောင်းဆိုးဝါးတွေ နှိမ်နင်းတာမျိုး လေ့လာချင်လို့ လာကြည့်တာပါ။ ဘာအနှောင့်အယှက်မှမပေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဆရာဖြူကြီးကို လှမ်းကြည့်ကြတယ်။ ဆရာဖြူကြီးက ခေါင်းညိတ်ပြလိုက်တော့မှ. . .

"သင့်တော်တဲ့နေရာကသာ ထိုင်ကြည့်ပါ။ ည(၁၀)နာရီထိုးတဲ့အထိကြည့်ရင် ပိုပီပီပြင်ပြင်မြင်ရတာပေါ့။ ဘယ့်နှယ်လဲ. . . ကိုဇည့်သည်။ ကျုပ်တို့ဆရာတပည့်နဲ့အတူ ညသန်းခေါင်ဆိုလည်း ထိုင်ကြည့်ရဲရဲ့လား"

"ကြည့်ရဲပါတယ်ခင်ဗျ"

"ကြိုက်သွားပြီ။ ဒီကမြို့မိမြို့ဖတွေက တော်ကြာဆို ပြန်ကြတော့မှာ။ ကဲကဲ. . . ကျုပ်လုပ်စရာရှိတာတွေကို ဆက်လုပ်လိုက်ဦးမယ်။ လောရှည်. . . သချိုင်းအရပ်လေးထောင့်သစ်ပင်က သစ်ရွက်တွေယူခဲ့. . . အစောင့်တွေခေါ်ခဲ့။ ဟော့ဒီသေတ္တာပေါ်မှာ လာတင်ထား"

လောရှည်က သူတို့ပါလာတဲ့ပစ္စည်းတွေ နေရာတကျခင်းကျင်းပြင်ဆင်နေရာကနေ ဆတ်ခနဲထပြီး လွှားခနဲဇရပ်အပြင်ကို ထွက်သွားတယ်။ ဖင်ပေါ့တဲ့တပည့်မျိုးပါပဲ။

ည (၆)နာရီခွဲလောက်ကျတော့ မြို့မိမြို့ဖလူကြီးတွေ ပြန်သွားတယ်။ ဖိုးညီရောက်လာတယ်။

"မောင်ဘုန်း ညစာစားဖို့စောင့်နေတယ်လေကွာ"





"မစားတော့ဘူး သူငယ်ချင်း။ ဒီမှာအရေးကြီးနေပြီ"

ဆရာဖြူကြီးက ဖိုးညီကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီးတော့. . .

"မောင်ရင်လည်း ဝါသနာပါရင် ဝင်လေ့လာသွားလေ"

"မလေ့လာချင်ပါဘူး၊ လန့်လွန်းလို့ပါ။ ကဲ. . . မောင်ဘုန်း မင်းမစားချင်လည်းနေတော့။ ဟိုတစ်ခါလို အပမှီလာမှာစိုးတယ်။ အပမမှီအောင် ဆရာကြီးဆီက ဆေးတွေဘာတွေတောင်းယူထား"

"အေးပါကွာ။ စိတ်ချလက်ချသာပြန်ပါ"

ဖိုးညီပြန်သွားချိန်မှာ ဆရာဖြူကြီး အလုပ်စနေပြီ။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"မောင်ဘုန်း"

"ပရလောကသားတွေကို ငါခေါ်တဲ့အခါ မင်းဒီအတိုင်းထိုင်ကြည့်နေလို့မရဘူး။ ဘာအခံမှမရှိရင် မင်းကို အန္တရာယ်ဝိုင်းပြုလိမ့်မယ်။ ဒါကြောင့်. . ."

"ကျွန်တော် ဘာလုပ်ရမလဲဆရာ"

"စည်းဝိုင်းထဲဝင်နေ. . . စည်းအပြင် လုံးဝမထွက်ရဘူး။ အပေါ့အလေးလည်း ထမသွားရဘူး။ ကျုပ် သမထကျင့်ပြီး ထိုင်ရာကနေ မထသ၍ လုံးဝစည်းပြင်မထွက်ရဘူး။ ကျုပ်သမထကျင့်အား



www.burmeseclassic.com

www.burmeseclassic.com



ကို မပြီးသေးဘူးလားဆိုတာလည်း လှမ်းမမေးရဘူး။ ကျုပ်အလုပ်က တစ်နာရီလောက်နဲ့တင် ပြီးသွားနိုင်သလို မနက်လေးနာရီထိုးမှလည်း ပြီးသွားတာမျိုးလည်း ဖြစ်တတ်တယ်။ ကျုပ်ပြောတာတွေ လိုက်နာနိုင်မှ မောင်ဘုန်းဆက်ကြည့်ပါ။ မလိုက်နာနိုင်ရင်ပြန်ပါ။ မောင်ဘုန်း စည်းဖောက်ရင် ကျုပ်တို့ဆရာတပည့်နှစ်ယောက် ဒုက္ခရောက်လိမ့်မယ်"

"ကျွန်တော်လိုက်နာနိုင်ပါတယ် ဆရာကြီး"

"ကောင်းပြီ။ ဒါဆိုရင် အဲ့ဒီထောင့်မှာထိုင်"

ဆရာကြီး ညွှန်ပြသည့်နေရာမှာ ထိုင်လိုက်၏။ ဆရာဖြူကြီး ထလာပြီး တောင်ဝှေးကြီးနှင့် ပါးစပ်က မန်းမှုတ်ပြီး၊ သုံးကြိမ်သုံးထပ် ဝိုင်းပေး၏။ လောရှည်က ကြေးခေါင်းလောင်းလေးတွေ ကြိုးနှင့်သီပြီး ဇရပ်ပတ်လည် လိုက်ချိတ်နေ၏။ ပြီးနောက် လောပန်းခွက်မှာ ဖယောင်းတိုင်အတုတ်ကြီးစိုက်ပြီး မီးထွန်း၏။ အမွှေးတိုင်ထွန်း၏။

အင်းကွက်ပါသော အင်းချပ်တွေကို ကြွေပန်းကန်ခွက်ထဲထည့်ကာ မီးရှို့နေ၏။ ပြီးတာနှင့် လောရှည်ကို ဆရာကြီးအနားမှာ ကျောချင်းကပ် ထိုင်ခိုင်းလိုက်၏။ မီးရှို့ထားသောပြာတွေကို ကျောချင်းကပ်ထိုင်ထားသည့် ဘေးပတ်လည်မှာ လိုက်ဖြန့်ဖြူးလိုက်၏။





ပြီးတာနှင့် ဆရာဖြူကြီး ဝမ်းခေါင်းသံနှင့်အော်ဟစ်လိုက်၏။ အော်သံဆုံးတာနှင့် သမထထိုင်လေတော့သည်။ ည (၇)နာရီ ထိုးနေပြီ။ သချိုင်းထဲမှာ လရောင်က ဖြာကျလာ၏။ ပြင်ပကို ရှင်းစွာမြင်နိုင်ဖို့ ဇရပ်ထဲမှာလည်း မြင်နိုင်ဖို့ ဇရပ်ထောင့်လေးထောင့်မှာ ကညင်ဆီမီးခွက်တွေ ထွန်းညှိထား၏။

ဆရာဖြူကြီးတို့နှစ်ယောက်နှင့် မောင်ဘုန်းနေရာက ခြေငါးလှမ်းလောက် လှမ်း၏။ မောင်ဘုန်း ကျောချမ်းနေပြီ။

နောက်ကျောမလုံလို့ မတြွာခဏလှည့်ကြည့်ရတာအမော။

"ဝေါ. . . ဖရော. . . ဝေါ"

ချုံတွေထဲကို တစ်စုံတစ်ရာတိုးလာသံ ကြားလိုက်ရ၏။ လေတိုက်လို့များလားဆိုပြီး အခြားချုံထိပ်တွေကိုလိုက်ကြည့်တော့ တုတ်တုတ်ထွောင်မလှုပ်။

သူတို့လာပြီဆိုတဲ့အသိနဲ့ ကြက်သီးဖြန်းခနဲထမိ၏။ ချုံတွေက ဇရပ်ဘေးရောက်တော့ ငြိမ်သက်သွား၏။ လောရှည်ကို လှမ်းကြည့်လိုက်တော့ လောရှည်လည်း မျက်လုံးစုံမှိတ်ပြီး သမထကျင့်နေဟန်တူ၏။ မောင်ဘုန်းလည်း မျက်လုံးစုံမှိတ်လိုက်၏။

ဒီမျက်လုံးတွေကြောင့် မကောင်းဆိုးဝါးတွေကို မြင်နေရတာ မှုကြည့်တော့ မမြင်ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးပါဘူး။ မကြည့်ပဲနေတော့ အနားရောက်လာပြီး ရန်ပြုရင် ဘယ်လိုလုပ်မလဲ။ စည်းဝိုင်းတားထားလို့ နာနာဘာဝတွေ ဝင်လို့မရပေမယ့် လူဆိုးတွေဖြစ်နေရင် ဘယ်လိုလုပ်မလဲ။

အနီးကပ်ပြီး ဒုတ်ခွပ်နဲ့ ရိုက်သွားရင် ခံနေရမှာပေါ့။ သရဲမဟုတ်ဘဲ လူဆိုးဓားပြတွေဆိုရင် မျက်လုံးဖွင့်ထားမှ ထခုခံလို့ရတော့မပေါ့။ မောင်ဘုန်းမျက်လုံး ပြန်ဖွင့်ကြည့်လိုက်ရာ. . .

"အောင်မယ်လေးဗျ"

ငယ်သံပါအောင် လန့်ဖျပ်အော်ဟစ်ပစ်လိုက်မိ၏။ မြင်တွေ့လိုက်ရသည့်မြင်ကွင်းမှာလည်း အလွန်ထိတ်လန့်တုန်လှုပ်ဖို့ကောင်းလွန်းလှပါသည်။

✠ ✠ ✠



## အခန်း ( ၂၂ )

"ဆ. . . ဆ. . . ဆတ်. . . ဆရာကြီးဖြူ. . . "

မောင်ဘုန်းလည်း နေစရာမရှိအောင် ကြောက်လန့်ပြီး လှမ်းပြောလိုက်မိ၏။

"တိတ်တိတ်နေ"

ဆရာဖြူကြီးက ပြန်မပြော။ လောရှည်က ပြန်အော်ပြောခြင်းပင်။ သူကျတော့ မျက်လုံးတောင် ဖွင့်မကြည့်။ မောင်ဘုန်းလည်း ကြောက်ကြောက်လန့်လန့်နှင့် ဇရပ်ပေါက်ကို ကြည့်လိုက်တော့. . .

"ဟင်! မ. . . မရှိတော့ဘူး။ ပျောက်. . . ပျောက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလာလာ. . . မကြောက်နဲ့"

"ဟုတ်ကဲ့"

လောရှည်က ဆရာလေသံနှင့် ပြောလာပြန်၏။ ဒီအချိန်မှာပဲ ဆရာဖြူကြီးရဲ့လက်နှစ်ဖက် ဘေးကိုဆန့်ထွက်သွား၏။

"ဖြောင်း! "

လက်ဖဝါးချင်းရိုက်သံ ဟိန်းထွက်သွား၏။

"ဖြောင်း!. . . ဖြောင်း! "

ထပ်မံထွက်ပေါ်လာပြန်၏။ ပြီးတာနှင့် လက်ပြန်ရုပ်သိမ်းပြီး သမထပြန်ကျင့်နေပြန်၏။

"ရှရော. . . ရှော"

သစ်ရွက်လေးတစ်ရွက် ဇရပ်သမံတလင်းကြမ်းပေါ်ကို လေနှင့်လွင့်လာ၏။ ဒီသစ်ရွက်ကလေးက ထူးခြားနေ၏။

ဟိုမှာဒီမှာ၊ ဟိုရွှေ့ဒီရွှေ့၊ ဟိုဝဲ့ဒီဝဲ့နှင့် ပျံဝဲနေ၏။

နောက်တစ်ခါရောက်လာသည်ကား မိတုန်းကြီးဖြစ်၏။ တဝီဝီနှင့် ဇရပ်တစ်ဆောင်လုံးကို ပတ်ပျံနေ၏။ မောင်ဘုန်းရဲ့နားထင်ကိုပင်ပြေးထိုးဖို့ သုံးလေးကြိမ်ကြိုးစားသေး၏။ မောင်ဘုန်းက စည်းဝယ်မှာမို့ နောက်ပြန်ဝေ့လည်သွား၏။

ဒီအချိန်မှာပဲ ထိုင်ရတာ (၂) နာရီလောက်ကြာနေ၍ မောင်





ဘုန်း ညောင်းလာ၏။

နေ့ခင်းဘက်က ဇိမ်နှင့်နှပ်ပြီး စားကောင်းကောင်းနှင့် တွယ်ထားသည့်အစာသစ်တွေက ဝမ်းချုပ်နေသော မောင်ဘုန်းရဲ့အစာဟောင်းတွေကို အတင်းတိုက်ထုတ်ကုန်ကြ၏။ အစာဟောင်းတွေက ထွက်ပေါက်ရဖို့ အပြုတပြင်းတောင်းဆိုလာ၏။

မောင်ဘုန်း ဝမ်းသွားချင်နေ၏။

ချုပ်နေသောဝမ်းက ယခုမှ ပွင့်ထွက်ဖို့ ပြုတစ်တောင်းခံလာပြီ။

အလွန်အမင်းကို သွားချင်နေပြီ။

မထိန်းသိမ်းနိုင်တော့။

ငယ်စဉ်တုန်းက ဂျင်ပေါက်တမ်းကစားသလို ထွက်စို့လို့များ အော်၍ရှလေမလား။

သရဲပင်ကြောက်ရမှန်းမသိတော့။

ဝမ်းတွေ ရစ်နာပြီး ထွက်ပေါက်မှ အလုအယက်တွေဖြစ်ကုန်ကြပြီ။

"အား. . . ဆရာကြီး မရတော့ဘူး။ ကျွန်တော် အရမ်းကို ဝမ်းသွားချင်နေပြီ"

"မသွားရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မသွားရင် ဒီနေရာမှာတင် ပါချမိလိမ့်မယ် ကိုလော်ရှည်"

"တင်းပြီးတောင့်ခံထား"

"အခြေအနေက တောင့်ခံလို့ကိုမရတော့ဘူး"

"ဒီမှာကိစ္စဝိစ္စပြီးတော့မယ်။ လိုအပ်တဲ့အကောင်ကြီးတ ကောင် ဒီရောက်အောင်ခေါ်ပြီး ဆုံးမလိုက်ရင်ပြီးပြီ။ အရေးကော မှ ဒိန်းဒေါင်းဖျက်မလာနဲ့"

"အီး. . . ဘယ်လိုမှမရတော့ဘူး။ ဒီမှာတင်. . . ပါလိုက် မလား"

"မပါနဲ့"

"မပါလို့မရပါဘူးဆိုမှဗျာ"

"အဲ့ဒီအနံ့အသက်ဆိုးတွေကြောင့်. . . ငါ့ဆရာကြီး သမ ပျောက်သွားမယ်။ ငါ့ဆရာကြီးက နှလုံးမသန့်ဘူး၊ သိပ်ရွံတတ်တ မင်းရဲ့အနံ့ဆိုးကြောင့် ငါ့ဆရာကြီး သမထပျက်သွားရင် အခုဒ ထားတဲ့အကောင်ပလောင်တွေကို ထိန်းရခက်သွားမယ်ကွ"

"ကျုပ်ဟာက ပိုထိန်းရခက်နေတာဗျ"

"ဟိတ်! တိတ်စမ်း"

ဆရာဖြူကြီးရဲ့ဟိန်းဟောက်သံ ပေါ်ထွက်လာ၏။

"ဆရာကြီး. . . ကျွန်တော်တောင်းပန်ပါတယ်"





"တောင်းပန်လို့မရဘူး။ မင်းကို ငါ အစကတည်းက မှာပြီး သားပဲ။ ဘာလို့ ခုမှစောဒကတက်ရတာလဲ"

"မမျှော်လင့်ထားတဲ့အက်ဆီးဒင့်ကြောင့်ပါ။ ကျွန်တော်. . . ထွက်. . . ထွက်"

"ဟာ. . . ဒီကောင်. . . ဒီမှာအကုန်နှံ့စော်နေမှာပေါ့။ ဒီလို မဖြစ်အောင်လို့ ဘော်ဒီစပရေးနှစ်ဘူးကုန်အောင် ဒီဇရပ်ထဲ လော ရှည်ကို ငါလိုက်ဖြန်းထားခိုင်းတာကွ။ သွားကွာ. . . ဝေးရာမှာ သွား ပါ"

ဘာပြောကောင်းမလဲ။ ဆတ်ခနဲတပြေးပြီး သချိုင်းအဝင် လေးကချုံကွယ်မှာ ဝမ်းရေးကို ဖြေရှင်းလိုက်ရတော့တာပေါ့။ ချုံ ကြား ချေးယိုရတဲ့ဘဝကို ရောက်ရပါပြီကော။

"အမငိုး"

တွင်းဟောင်းယက်ဖော်ထားလို့ ပေါ်နေသည့် အရိုးခေါင်း ဖွေးဖွေးကြီးပေါ်ကိုမှ ဗုံးကြဲမိလျှက်သားဖြစ်ရပါပြီ။ ကိစ္စဝိစ္စရှင်းပြီး တာနှင့် နီးရာတုတ်ရှာတော့ လက်ဖျံရိုးကြီးပဲတွေ့၏။

'ဆောရီး. . . အိုင်အမ်ဆောရီး' နှင့် သန့်စင်လိုက်ရတော့၏။

အဲ့ဒီအချိန်မှာပဲ ဇရပ်ထဲမှာတော့. . .

"ဝုန်း! "



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း! "

"မင်းလားကွ မိစ္ဆာ"

"ခွပ်! "

"အင်. . ."

"ဝုန်း! "

"အီး. . ."

"သေစမ်းကွာ"

"ခွမ်း! "

"အားလားလား. . . သေပါပြီဗျ"

"ဖောင်း! "

"အား. . ."

"ဖြောင်း! "

"ကျိုးပါပြီဟ"

"ဒုန်း! "

"သေပါဘီ. . . အမေတို့ရေ"

ဇရပ်ထဲမှာ ဆရာဖြူကြီးတို့ ဆရာတပည့်နှစ်ယောက်၊ ဘယ်သူတွေနှင့် ဘယ်လိုတွေဖြစ်နေကြသည်မသိ။ ဆော်ပလော်တီး သတ်ပုတ်နေကြသံတွေ အတိုင်းသားကြားလိုက်ရတော့၏။

ရွှေပဒေသာစာပေ

BURMESE CLASSIC .com



မောင်ဘုန်းလည်း ဝင်ကူဖိုက်ဖို့ ဇရပ်ပေါ် ပြေးတက်သွားစဉ်. . .

"ဖောင်း! "

"အား. . ."

"ဖြောင်း! "

"အလေ့လဲ့"

"ခွမ်း! "

"အား. . ."

ဘယ်နေရာက တိုက်ခိုက်လိုက်မှန်းမသိ။ ထိုးခံအုပ်ခံလိုက်ရတာမြန်လွန်းလို့ ထိုးတဲ့အုပ်တဲ့လက်ကိုတောင် မတွေ့လိုက်ရ။ နာကျင်လွန်း၍ ဆက်မနေရဲတော့တာနှင့် သချိုင်းအပြင်ကို အမြန်ပြေးထွက်လိုက်ရ၏။ ဆိုင်ကယ်ပေါ် အမြန်တက်ခွပြီး ဘုရားတလိုက်ရတော့၏။

ခုမှပင် ဘုရားတ,ခွင့်ရလိုက်ရသည့်အဖြစ်။

စည်းပေါက်သွားလို့ ဆရာဖြူကြီးတို့နှစ်ယောက် ဒုက္ခလှလှရောက်တဲ့ညလေး ဖြစ်သွားခဲ့ရလေပြီလား။

✠ ✠ ✠

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

BURMESE CLASSIC .com

အဲဒီညက မျက်ကွင်းကြီးညို၊ နှုတ်ခမ်းကြီးထော်၊ နှာခေါင်း ကြီးလန်တွန့်လာပြီး၊ နားရင်းပါးရင်းတွေ ထူပူလာသည့်မောင်ဘုန်း ကို ဖိုးညီတို့လင်မယား ဝိုင်းဝန်းပြုစုလိုက်ရလေသည်။

ဘာဖြစ်လာတာလဲဆိုတာကိုပင် မောင်ဘုန်းပြန်မပြောနိုင်။ နောက်တစ်နေ့မှာတော့ သတင်းတွေပြန့်ထွက်လာ၏။

ဖိုးညီဘီယာဆိုင်က ဧည့်သည်ကြောင့် စည်းပေါက်ပြီး ဆရာ ဖြူတို့နှစ်ယောက် မကောင်းဆိုးဝါးတွေ ရေရေလည်လည်အကိုင်ခံ လိုက်ရ၍ ဆေးရုံရောက်ကုန်ကြပြီ။ လောရှည်က လက်ကျိုး၊ နံကျိုး ပက်စောင်းသွား၏။ ဆရာဖြူကြီးကတော့ အချခံရလို့ အမှောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ပုန်းလည်း အဖြူထည်တွေချည့် ဝတ်ထားတော့ ဘယ်သွားသွား ဖွင်းနေတော့ လိုက်ဆော်တဲ့ဒဏ်ကို ပိုခံလိုက်ရတာမှ မြင်မကောင်းဘူးတဲ့။

အဲ့ဒီညနေပိုင်းကျတော့မှ အဖြစ်မှန်ပေါ်တယ်။ ဇလားရွာက ပြည်သူ့စစ်တွေက တောကောင်တွေအမှတ်နဲ့ မသင်္ကာစရာလူသုံးဦးနောက်ကို လိုက်လာကြတာ၊ သချိုင်းနားရောက်မှ ပျောက်သွားသတဲ့။

ဇရပ်ပေါ်ရောက်မှ အဝတ်လဲထားတဲ့ မသင်္ကာဖွယ်ရာလူတွေကိုတွေ့လိုက်ရပြီး ဝင်လုံးဖမ်းရာက ဖိုက်တင်ပွဲဖြစ်ကုန်ကြတယ်ဆိုပဲ။

လူများမှန်းသိလို့ ပြည်သူ့စစ်တွေ နောက်ဆုတ်သွားကြတာလေ။ သူတို့အချင်းချင်းပြန်ဖော်လို့ ရုံးမှာ ဒီအကြောင်းပြန်ပေါ်လာတယ်။

ဘယ်မကောင်းဆိုးဝါးမှ မဟုတ်ဘူး။ လူလူချင်း သူ့ကိုကိုယ်မသင်္ကာ၊ ကိုယ့်ကို သူကမသင်္ကာနဲ့၊ အထင်လွဲပြီး ဝိုင်းဆော်ကုန်ကြတာတဲ့။ ဆရာဖြူကြီးကတော့ ပြောရှာတယ်။

"အပမှီပြီး လာချကြတာကွ။ ဟိုကောင် စည်းဖောက်လို့ပေါ့"

မြို့ခံလူတွေကတော့ ဒီလိုပဲသုံးသပ်ဝေဖန်ပါတယ်။ နာနာ





ဘာဝတွေက ဇလားရွာနားသွားဝဲပြီး ရွာခံတွေကို များတုတ်လာတယ်။ ပြီးတော့ ဆရာဖြူကြီးတို့နဲ့ တော့ပေးလိုက်တယ်။ ဒီမှာတင်ဆရာဖြူကြီးတို့ရော၊ ဟိုစည်းဖောက်တဲ့ကောင်ကော ဝိုင်းအုပ်တဲ့ဒဏ် ခံလိုက်ရတော့တာပဲတဲ့။

မောင်ဘုန်းတစ်ယောက် ဒီမြို့လေးမှာ ချက်ချင်းကြီးနာမည်ကျော်ပုဂ္ဂိုလ်ဖြစ်သွားရတော့တယ်။ အများက မောင်ဘုန်းကို တကူးတက လာစားသောက်ပြီး လက်ညှိုးတထိုးထိုးနဲ့ နာမည်သစ်တောင်ကင်ပွန်းတပ်ပေးသွားကြသေးရဲ့။

'စည်းဖောက်တဲ့ကောင်'တဲ့။

✠

မကျေနပ်ဘူး။ လုံးဝမကျေနပ်ဘူးလို့ ခိုင်ထူးသို့ချင်းကိုလည်းဆိုမပြရဲပါ။ ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်ကိုး။ မောင်ဘုန်းလည်း စိတ်ဓာတ်ကျပြီး မြို့ပြန်ဖို့ပြင်ဆင်ရတော့တယ်။

ဟုတ်တယ်လေ။ ဝိတ်တာလေးတွေကအစ စည်းဖောက်တဲ့ကောင်လို့ လှောင်ခေါ်ချင်ကြတဲ့ဒဏ်ကိုမခံနိုင်တော့ဘူး။

ဖိုးညီတို့လင်မယားလည်း မတားကြတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မြို့ထဲကနေ ကားစောင့်မစီးတော့ဘူး။ သံလမ်းဂိတ်တဲကနေ ရန်ကုန်ပြန်တဲ့ကား စောင့်စီးတော့မယ်"

"မြို့ထဲမှာ မျက်နှာမပြရဲတော့လို့လား"

"အေး"

"မင်းက မဖဲဝါကိုလာချောင်းတာကိုး။ မဖဲဝါက မင်းကို ပညာပြန်ပေးလိုက်တာနေမှာပေါ့"

"မင်းကလည်း ကပ်ဖဲ့နေပြန်ပြီ"

မောင်ဘုန်းကို ဝိတ်တာလေးတစ်ဦးက ဆိုင်ကယ်နှင့်လိုက်ပို့ပေး၏။ ဦးတောင်ကျော်ရဲ့ဂိတ်တဲလေးမှာထိုင်ပြီး ကားစောင့်ရင်း ဦးတောင်ကျော်နှင့် စကားတွေပြောဖြစ်ကြ၏။

"ထူးဆန်းတဲ့အဖြစ်တွေကို မင်းကြုံတွေ့ရပြီးပြီပဲ. . . မလုံလောက်သေးဘူးလား"

"မလုံလောက်သေးဘူးထပ်ပြောရင် ရူးလို့ပြောတယ်အထင်ခံရဦးမယ်။ မနေ့ညကဒဏ်ရာတွေနဲ့ ကျွန်တော်အိပ်ပျော်သွားတုန်း အိပ်မက်ထဲမှာ မိန်းမတစ်ယောက်နဲ့တွေ့တယ်။ အဲ့ဒီမိန်းမက ကျွန်တော့်ကိုပြောတယ်။ နောက်သုံးရက်အတွင်း ဒီသုသာန်ကွေ့မှာ ကားထပ်မှောက်မယ်၊ လူအသေအပျောက်များမယ်၊ သေမယ့်လူတွေထဲမှာ ဖိုးညီတို့လင်မယားပါ ပါနေတယ်"





"ဟော! အံ့ဩစရာပဲ"

"ဟုတ်တယ်. . . အဲ့ဒါပြောပြလိုက်ရင် ဖိုးညီတို့လင်မယားအရမ်းစိတ်ဆိုးကုန်မှာ။ ပြောရခက်တာနဲ့ မပြောဘဲထွက်လာခဲ့မိတယ်။ ပြောရင်လည်း သူတို့ယုံမှာမဟုတ်ဘူး"

"မင်းအိပ်မက်က စွဲလမ်းလို့မက်တာမျိုးလားကွာ"

"ဘယ်သူ့ကိုမှလည်း အဲ့ဒီအိပ်မက်အကြောင်း မဟမိဘူး။ ခုတစ်ခါတော့. . ."

"အင်း. . . ဒါလည်းစဉ်းစားစရာပဲနော့"

"စဉ်းစားရမှာပေါ့။ ကျွန်တော်ထပ်ပြောရင် ဦးကျော်အံ့ဩထိတ်လန့်သွားလိမ့်ဦးမယ်"

"ဟော! ဘာများလဲ"

"စိတ်မဆိုးဘူးဆိုရင် ဖွင့်ပြောမယ်"

"မင်းဟာက ရည်းစားစကားပြောတဲ့အတိုင်းကြီးပါလားကွ။ ကဲပါကွာ. . . ငါ လူကြီး၊ စိတ်မဆိုးပါဘူး"

"အဲ့ဒီသုံးရက်ကြာ သေကြမယ့်လူတွေထဲမှာ ဦးကျော်လည်း ပါနေတယ်"

"မြတ်စွာဘုရား ကယ်တော်မူပါ"

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

"အဲ့ဒီအဖြစ်ဆိုးတွေကို တားဆီးနိုင်တာလည်း ကျွန်တော်ပဲ ဖြစ်လိမ့်မယ်။ မဖြစ်ခင်က ကြိုတင်လိုက်ပြောပြီး ဆင်ခြင်ခိုင်းရမှာပေါ့။ ဒါကြောင့် နောက်သုံးလေးရက် ဒီမြို့မှာ ကျွန်တော်ရှိနေသင့်တယ်"

ဦးကျော် တွေဝေသွား၏။ ပြီးမှ. . .

"ဒါ. . . ဟုတ်တယ်မောင်ဘုန်း။ ကျုပ်ဆီမှာ တည်းခိုလို့ရပါတယ်။ ကျုပ်တို့လင်မယားနှစ်ယောက်ပဲ ရှိနေတာ။ မနက်ဖြန်ဆို ကျုပ်မိန်းမက သူ့ရွာကို အလည်သဘောမျိုး ငါးပုံက်လောက်ပြန်ဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဒါဆိုရင်တော့ အဆင်ပြေတာပဲ။ ကျွန်တော် ဒီမှာ တည်းမယ်ဗျာ"

မောင်ဘုန်း အဝတ်အိတ်တွေ ဦးတောင်ကျော်အိမ်မှာ ထားဖြစ်လိုက်သည်။ ခပ်လှမ်းလှမ်းမှ မြင်နေရသော သုသာန်တွေနှင့် သင်္ချိုင်းကိုလှမ်းကြည့်လိုက်ရင်း. . .

"နေ့လယ်ခင်းမှာ ဟိုချုံစပ်ထဲ ဟိုမိန်းမကိုလိုက်ရှာကြည့်ဦးမယ်"

"မြွေပေါတယ်. . . မသွားနဲ့"

"ကျွန်တော်စီးလာတာ ကန်းထရီးရှူးဖိနပ်လည်ရှည်ပါ။ မြွေလောက်တော့ မှုစရာမလိုပါဘူး"

နေ့လယ်ခင်းပိုင်းရောက်တော့ ဦးထုပ်ဆောင်းပြီး ဝါးရင်းတုတ်တစ်ချောင်းနှင့် ကွေ့က,ချုံကိုဖြဲပြီး ချုံထဲတိုးဝင်လာလိုက်၏။

ချုံတွေက သစ်ပင်ကြီးတွေနှင့်နွယ်ယှက်ပြီး အတော်တိုးယူရ၏။ ဟိုတစ်ကွေ့၊ ဒီတစ်လွှယ် မဖဲဝါလို့သမုတ်နေကြတဲ့မိန်းမကို တွေ့မယ်ထင်ပြီး တိုးလာလိုက်တာ ဘာဆိုဘာမှမတွေ့ရသေး။

လူသွားလမ်းကျဉ်းလေးသဖွယ်ကိုတော့ တွေ့လိုက်ရ၏။ သရဲဆိုလျှင် လမ်းပေါ်အောင်လျှောက်မည်မဟုတ်။ ယခင်က ထင်းရှာသူတွေ ဝင်တိုးတတ်သောနေရာ။ မဖဲဝါဆိုသည့်မိန်းမ ရောက်လာ





ပြီးမှ ချုံထဲကိုမဝင်ရဲကြတော့။

လမ်းကျဉ်းလေးအတိုင်း ဆက်တိုးလာလိုက်၏။ မြွေလိမ်၊ မြွေကောက်လမ်းလေးက သင်္ချိုင်းဘက်ထဲကို ကွေ့ဝင်သွား၏။ သင်္ချိုင်းအစပ်နေရာမှာတော့. . .

"ဟင်! "

မြေကျင်းတွေ သုံးကျင်းတောင်မှ လူသေခေါင်းခွံတွေ ယက်ဖော်ထားတာ တွေ့လိုက်ရ၏။ ကျောထဲစိမ့်ပြီး ရင်ထဲထိတ်သွားမိသည်။

ဆက်ပြီးလျှောက်ကြည့်လိုက်တော့ ရှေ့ဘက်ချုံထဲ လှုပ်သွားတာ မြင်လိုက်ရ၏။ နေ့ခင်းဘက်ဖြစ်သည့်တိုင် တိတ်ဆိတ်မှုက ပြန်ခြောက်နေ၏။ ကားလမ်းက ကားဖြတ်သွားသံကြားမှ အားပြန်ဝင်လာ၏။ နေ့ဘက်မှာ မကောင်းဆိုးဝါးတွေ မလှုပ်ရှားနိုင်။ သူတို့တစ်တွေ နေရောင်အပူဒဏ်ကို မခံနိုင်ကြ။

သွေးစုပ်ဖုတ်ကောင်တွေလည်း နေရောင်ကို အသေကြောက်ကြ၏။ ခြင်တွေလည်း ထိုနည်းတူပင်။ လူသွေးစုပ်သော အကောင်ပလောင်မှန်သမျှ နေရောင်ကိုရှောင်တတ်ကြ၏။ လှုပ်ခနဲ၊ လှုပ်ခနဲ ချုံထဲကနေ ဘယ်လိုဘယ်ပုံတိုးသွားနေမှန်း မသိရသောအရာကို မောင်ဘုန်း အမီလိုက်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟီး. . . ဟီး. . . ဟီး. . . ဟီး. . . ဟီး. . . ဟီး"

ရယ်သံကြီး. . .

ခေါင်း,ပုတ်လောက်ကို ကြီးထွက်သွား၏။ နောက်ပြန်လှည့်ပြေးဖို့ပင်ပြင်လိုက်မိ၏။

လက်ထဲကတုတ်ကို အမှတ်ရလိုက်မှ ဘုရားစာပြန်ရွတ်ဖတ်ပြီး ငါဟဲ့ယောကျ်ားဘသားလို့မာန်တင်းကာ ရယ်သံကြားရာဘက်ကို. . .

"ဟေ့! ဘယ်သူလဲ။ အခုထွက်ခဲ့စမ်း"

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း"

ခုနယောကျ်ားရယ်သံကြီး။ နောက်တစ်ဖန်ပေါ်လာသည်မှာ မိန်းမရယ်သံ။ နွေခင်းကြောင်တောင်ကြီးမှာတောင် ခြောက်လှန့်ပြီး မောင်ဘုန်းကို အားစမ်းနေလေပြီ။

"ဘာကောင်တွေလဲကွ။ ဘာသံရဲလဲ. . . ဒါသရဲမဟုတ်ဘူး။ လူ. . လူ. . . ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်အသံတွေပဲ။ ဘာလဲ. . . သချိုင်းထဲမှာ လာချိန်းတွေ့နေကြတာလား။ တစ်မြို့လုံးသိအောင် အဖြစ်မှန်ဖော်ထုတ်လိုက်မှာနော်။ နောက်ဆို နင်တို့ချိန်းတွေ့ဖို့ ဂျက်ကာပျောက်သွားမယ်။ ဘာမှတ်နေသလဲ"

မောင်ဘုန်းက ခြိမ်းလှန့်ပြီး ဟောက်အော်ပြောလိုက်တယ်။





ရပ်တန့်နေတဲ့ချုံတွေ ထပ်လှုပ်သွားပြန်တယ်။ မောင်ဘုန်း ဆက်လိုက်တယ်။ ဇရပ်နားနီးတော့ ချုံတွေကျဲပါးလာပြီး တစ်နေရာမှာ မှိုသွားတော့. . .

"ကဲကွာ"

"ဘုတ်! "

"ကိန်. . . အိန်. . . အိန်. . . ကိန်"

ခွေးဝဲစားတစ်ကောင် ဖြစ်နေတယ်။ ခုနရယ်သံတွေက ဒီခွေးလုပ်နေတာလား။ မဖြစ်နိုင်။ မောင်ဘုန်းကို မျက်လှည့်ပြပြီး ခုနစုံတွဲ ရှောင်ထွက်သွားတာပဲဖြစ်လိမ့်မယ်။

ခုနနေရာကိုပြန်သွားရှာဖို့အပြင်မှာ ဇရပ်ရဲ့ခေါင်းရင်းဘက်မှာ တရုတ်အုတ်ဂူဘေးမှာ ဆံပင်ဖားလျားနဲ့ အစိမ်းရောင် ဝမ်းဆက်ဝတ်စုံနဲ့မိန်းမတစ်ယောက် ကျောပေးပြီးရပ်နေတာကို အလန့်တကြားတွေ့လိုက်ရတော့တယ်။

ဒါဥစ္စာစောင့်ပုံစံပါလား။ ဥစ္စာစောင့်က ဒီသချိုင်းနဲ့ဘာဆိုင်လို့လဲ။ မဖဲဝါဆိုတဲ့မိန်းမများလား။ မောင်ဘုန်း တုတ်ကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး အနားကပ်သွားလိုက်တယ်။

"ဟိတ်! "

"အမေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဟင်. . . ရှင်. . . ရှင်"

"မင်းဘယ်သူလဲ"

"ရှင်ကရော ဘယ်သူလဲ. . . လက်ထဲမှာလည်း တုတ်ကြီးနဲ့။ ဥက္ကာရေ. . . အမ်းကူရေ"

သူမက တရုတ်မလေးတစ်ယောက်ဖြစ်နေ၏။ အုတ်ဂူရှေ့မှာ သစ်သီးဝလံနှင့် တရုတ်မုန့်တွေ။ ဖယောင်းတိုင်၊ အမွှေးတိုင် ထွန်းညှိပေးထား၏။

ငွေစက္ကူကပ်ထားတာတွေကိုလည်း မီးရှို့ပေးနေ၏။ တမလွန်ဘုံရောက်တဲ့ဘိုးဘွားတွေကို ငွေကြေးကို အငွေ့လုပ်ပြီး ပို့ပေးနေခြင်းပင်။ သူမအော်သံကြောင့် တရုတ်ကလေးနှစ်ယောက် တစ်ဖက်အုပ်ဂူကို ပွတ်တိုက်သန့်စင်နေရာက ထရပ်ပြီးပြေးလာကုန်ကြ၏။

"အမ်းကူ. . . လုပ်ပါဦး။ တုတ်ကြီးနဲ့. . . ငါ့ကို"

"ဟင်! ဟေ့လူ. . . ဘာလုပ်တာလဲ။ ဒါ. . . ကျုပ်အစ်မဗျ"

"ဘာမှမလုပ်ပါဘူး။ ရုတ်တရက် သူ့တစ်ယောက်တည်းကို တွေ့လိုက်ရတော့ နာနာဘာဝမှတ်သွားလို့ပါ။ အခုမှ. . . လူမှန်းသိရတယ်"

"အဲ့ဒီတုတ်ကြီးကို လွှတ်ချလိုက်လေဗျာ"





ဥက္ကာဆိုတဲ့ငနဲလေးက ပြောလာပြန်၏။

မောင်ဘုန်းက လွှတ်ချပေးလိုက်၏။ ဂေါင်လီနှင့်တူသော တရုတ်မလေးက. . .

"ကျွန်မတို့. . . မန္တလေးကပါ။ မိဘဘိုးဘွားဂူတွေကို လာကန်တော့တာပါ။ ရှင်က ဘယ်သူလဲ"

"ကျွန်တော်က ရန်ကုန်ကပါ။ ဝိညာဉ်သရဲတွေကို သုတေသနလုပ်နေတဲ့လူပါ။ ဒီသင်္ချိုင်းထဲမှာ လူတိုင်းကြောက်စရာကောင်းတာတွေ ဆက်တိုက်ဖြစ်နေကြတယ်။ မင်းတို့က ဓာတ်မသိလို့ လာရဲကြတာနေမှာပေါ့"

"ဟုတ်တယ်ရှင့်။ ကျွန်မတို့ မြို့ထဲကတည်းခိုခန်းမှာ တည်းကြတယ်။ နောက်သုံးရက်နေရင် မန္တလေးပြန်ကြမှာပါ"

သူမနှင့် သူမရဲ့မောင်နှစ်ယောက်ကို မောင်ဘုန်းလိုက်ကြည့်ရင်း တစ်စုံတစ်ရာကိုတွေးမိသွား၏။

မြင်ဖူးတယ်။

သူတို့သုံးယောက်ကလည်း ပြူးပြဲကြည့်နေတဲ့ မောင်ဘုန်းကို ပြန်လည် ပြူးကြောင်ပြီး ကြည့်နေကြလေသည်။

"ကျွန်တော့်နာမည် မောင်ဘုန်းပါ"

"ကျွန်မက မေကြည်ပြာပါ။ ရှုမေလို့လဲ ခေါ်ပါတယ်။ REX



www.burmeseclassic.com

www.burmeseclassic.com



အလှကုန်ပစ္စည်းကိုယ်စားလှယ်ပါ။ ကျွန်မတို့ကား သင်္ချိုင်းရှေ့မှာ ရပ်ထားပါတယ်"

"ဟုတ်လား. . . ကျွန်တော် သင်္ချိုင်းထဲ ပတ်မွှေရှာနေတုန်း ရောက်လာကြတာဖြစ်မယ်။ ခင်ဗျားတို့ ယုံချင်ယုံမယုံချင်နေ. . . ၊ မေကြည်ပြာမောင်နှမကို ပြောပြစရာရှိတယ်"

မောင်ဘုန်းက အိပ်မက်အကြောင်းကို ရှင်းပြလိုက်သော အခါ သုံးယောက်စလုံး မျက်နှာပျက်ကုန်ကြ၏။

ဥက္ကာနှင့် အမ်းကူတို့က ယောကျ်ားလေးပီပီ မယုံကြ။ ပြန် လှောင်ပြီးတော့တောင် ရယ်နေကြသေး၏။ ရှုမေဆိုသော မေကြည် ပြာကတော့ အလေးအနက်ထားပုံရ၏။

"ယုံယုံမယုံယုံ ဒီမြို့လေးကနေ. . . မန္တလေးကိုထွက်တဲ့ကား လက်မှတ်ကို နောက်ငါးရက်လောက်မှဖြတ်ပြီး ခရီးထွက်လိုက်ပါ လား။ ဒါမှမဟုတ် မနက်ဖြန်ပဲခရီးထွက်ပေါ့။ သန်ဘက်ခါရက် မထွက်မိဖို့ပဲ အရေးကြီးတာပါ"

ဥက္ကာက. . .

"မဖြစ်ဘူးဗျာ။ ခင်မင်တဲ့မိတ်ဆွေတွေနဲ့ တွေ့စရာရှိသေး တယ်"

ဟုပြောလေ၏။





အမ်းကူကလည်း ခေါင်းညိတ်ပြ၏။

မေကြည်ပြာကတော့. . .

"ရှင်အသိပေးတာ ကျေးဇူးတင်ပါတယ်နော်"

"ရပါတယ်။ ဒါ. . . ကိုယ့်သေရေးရှင်ရေးကိစ္စမှမဟုတ်တာ။ စေတနာနဲ့အသိပေးရုံသက်သက်ပါ"

နေ့လယ် (၂)နာရီလောက်မှ မောင်ဘုန်းပြန်ထွက်လာလိုက် ၏။ ဇိမ်ခံကားအနက်ရောင် တောက်ပြောင်နေတာကြီးကို တွေ့ လိုက်ရသည်။ ဂိတ်တဲရှိရာ ပြန်လျှောက်လာတော့ ဂိတ်တဲဝကနေ ဦးကျော်က စောင့်မေး၏။

"မဖဲဝါနဲ့တွေ့ခဲ့ပြီလား"

"မဖဲစိမ်းနဲ့ပဲ တွေ့ခဲ့တယ်။ ကံကောင်းလို့ ပြဿနာတက်ကုန် တော့မလို့။ ဟူး. . ."

"မောင်ဘုန်းက ဘာသွားလုပ်မိလို့လဲ"

"ဘာမှမလုပ်မိပါဘူးဗျာ။ ဟောဟိုမှာ မဖဲစိမ်းတို့မောင်နှမ စီးတော်ယာဉ်နဲ့ပြန်သွားတော့မယ်"

"ဩော်. . . ဟိုးကသုံးယောက်လား"

"ဟုတ်တယ်"

"ကောင်မလေးက ရုပ်ပါအဖြူးလေးပါလား။ ဂန္ဓလရာဇ်သွး



www.burmeseclassic.com

www.burmeseclassic.com



ပါပုံရတယ်"

"ဟုတ်တယ်. . . ပါတယ်။ နောက်သုံးရက်နေ ကားမှောက်သေရမယ့်အထဲမှာ အဲ့ဒီသုံးယောက်ပါတယ်"

ဦးတောင်ကျော်တစ်ယောက် သူ့နဖူးသူ ပြန်ရိုက်မိလေတော့၏။

✠ ✠ ✠



## အခန်း ( ၂၄ )

အဲ့ဒီညမှာ သုသာန်တစ်ခုလုံး ငြိမ်တိတ်နေတယ်။

မီးအိမ်အရှယ်လောက်ရှိတဲ့မီးရောင်လေးတွေ လက်သွားတာပဲ လှမ်းတွေ့လိုက်ရတယ်။

ဦးတောင်ကျော်ရဲ့မိန်းမက မနက်ရောက်တာနဲ့ သူ့ရွာကို ခရီးထွက်သွားပါလေရော။

တစ်ညလုံးငြိမ်နေပေးခဲ့တဲ့မောင်ဘုန်း ရှောင်ပုန်းနေတာကို ဖိုးညီသိသွားတယ်။

ဆိုင်ကယ်နဲ့ရောက်ချလာပြီး. . .

"လူဆိုး. . . မင်းတော်တော်ဆိုးတဲ့ကောင်ပဲ။ ငါဖြင့်တကယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားပြီမှတ်နေတာ။ မပြန်ဘဲ ဒီဂိတ်တဲမှာ ဘာလာလုပ်နေတာလဲ"

"ဒါအကြောင်းရှိလို့ပါကွာ"

"မင်းပြန်သင့်ပြီ။ ဒီနေရာက မင်းအတွက် အဆင်မပြေတာတွေများတယ်။ ငါတို့ဆီမှာ မနေစေချင်လို့မဟုတ်ပါဘူး"

"ငါနားလည်ပါတယ် ဖိုးညီရာ"

"မင်းကွာ. . . သိပ်ခေါင်းမာတာပဲ။ ငါ့ကိုကန့်လန့်တိုက်ပြီး နေပြနေတာလား"

"မဟုတ်ပါဘူးကွာ"

ဒီမှာတင် ဦးကျော်က. . .

"ဒီလိုဗျ. . ."

ဆိုပြီး. . . ဖိုးညီတို့လင်မယားပါ နောက်သုံးရက်နေရင် သေမယ်ဆိုတဲ့အကြောင်းကို ပြောပြလိုက်လေသည်။

ဒီမှာတင် ဖိုးညီစိတ်ဆိုးတော့၏။

"မင်းရှူးနေပြီ၊ ဒီလူကြီးလည်း ခပ်ကြောင်ကြောင်ရယ်။ အရူးနဲ့အကြောင်နဲ့ပေါင်းမိမှတော့. . . ဖြစ်ချင်တာဖြစ်ကုန်ပြီပေါ့ကွာ၊ မင်းတို့ဖြစ်တာ အရေးမကြီးဘူး။ ငါတို့လင်မယားအပေါ်ကိုတော့ ဒီလိုမလုပ်သင့်ပါဘူး မောင်ဘုန်းရာ"





မောင်ဘုန်း ငြိမ်ခံနေလိုက်၏။ ဖိုးညီဒေါကန်ပြီး ပြန်ထွက်သွားသည်။

ဦးကျော်က. . .

"ငါမပြောလိုက်မိရင်ကောင်းသား"

"ပြောပြီးမှတော့ မထူးတော့ပါဘူးဗျာ"

"ဒီမှာဆက်နေမယ် မဟုတ်လား"

"နေမယ်. . . အထင်လွဲသွားတာကို ပြန်ချေဖျက်နိုင်အောင် ကြိုးစားမယ်။ စိတ်ချ. . . ဦးကျော်"

✠

အဲ့ဒီနေ့ညမှာတော့ သုသာန်ကွေ့ဘက်က. . .

"ဒိုင်း! "

"ကျွီ"

"အောင်မယ်လေး"

"အား. . . "

"ဟာ! ကား. . . ကားမှောက်ပြီနဲ့တူတယ်။ ဒတ်ဆန်းကားလေး နောက်ဘီးကျွတ်ထွက်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရိုးနှင့်လမ်းသားမီးပွင့်အောင် ပွတ်တိုက်သွားလေသည်။ ကားက လမ်းပခုံးဘေး လည်ထွက်သွားပြီး၊ ချောက်နှုတ်ခမ်းမှာ မေးတင်နေ၏။ လူကြီးတစ်ရပ်ခန့်နက်သောချောက်က တစ်ဖက်မှာ ရှိနေ၏။

ဂိတ်တဲကနေ ဦးကျော်နှင့်မောင်ဘုန်းတို့ ပြေးထွက်လာလိုက်၏။

"ဘာဖြစ်သွားသေးလဲ"

"ကားဘီးကျွတ်သွားတာ။ တော်သေးတာပေါ့၊ ခရီးသည်တွေရော၊ ဒရိုင်ဘာနဲ့ စပယ်ယာကော ဘာမှမဖြစ်ကြဘူး။ နောက်က တွယ်လိုက်လာတဲ့ရွှေဝင်းဆိုတဲ့ကောင် ကားမှောက်ပြီဆိုပြီး သုသာန်ကွေ့မှာ ခုန်ချလိုက်လို့ ခြေထောက်ကျိုးပြီနဲ့တူတယ်။ အသံကုန်အော်နေတယ်။ ဟိုးမှာ. . . ဟိုးမှာ. . . လဲကျနေတယ်"

ကားပေါ်မှာ ဘာမှမဖြစ်၍ မောင့်ဘုန်းတို့ ရွှေဝင်းဆိုသူနားရောက်သွား၏။

မျက်နှာဆယ်ပြားစေ့နှင့် ဗလကြီးတစ်ယောက်က ဆောင့်ထိုးထားသလို ချိုင့်ဝင်နေသောမျက်နှာနှင့် အခြောက်ဆန်ဆန်အော်ဟစ်နေသောရွှေဝင်းရဲ့ခြေနှစ်ဖက်လုံးကျိုးသွား၍ ဆေးရုံကို ဆိုက်ကားနှင့်ပို့လိုက်ရ၏။





"ဒါ အကြိုလုပ်ပြတာ ဖြစ်လိမ့်မယ်"

"အေးကွာ. . . ဟုတ်မယ်"

ဖိုးညီတို့လင်မယား ဆိုင်ကယ်နှင့်ရောက်လာ၏။ ကားမှောက်၍လာကြည့်ကြခြင်းဖြစ်သည်။

ဒရိုင်ဘာနှင့် စကားပြောနေကြသည်။

ခရီးသည်တွေကိုလည်း ကားဘီးပြင်နေစဉ်အတွင်း ဘီယာဆိုင်မှာ လာတည်းခိုစားသောက်ဖို့ ဖိတ်ကြားနေ၏။

မောင်ဘုန်းကိုတော့ ဥပေက္ခာပြုထားကြ၏။

ရှိပါစေတော့လေ။

ဂိတ်တဲကို မောင်ဘုန်း ပြန်လာလိုက်သည်။

ဦးကျော်က. . .

"အထင်လွဲနေကြတာ. . . တစ်နေ့တော့ တည့်သွားမှာပေါ့ကွာ။ သိပ်ကြာကြာမစောင့်ရပါဘူး။ မနက်ဖြန်ဆို ရောက်လာတော့မှာပဲ"

"ကျွန်တော့်စိတ်ထဲတော့ ဒီညမှာကို ထူးခြားလာလိမ့်မယ်နဲ့တူတယ်"

"ဘာထူးခြားမှာလဲ"

"တိတိပပတော့ ပြောလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင့်ကြည့်ကြတာပေါ့။ သတိဝီရိယတော့ ရှိပါစေနော်"

မောင်ဘုန်း ခေါင်းညိတ်ပြလိုက်၏။

✠ ✠ ✠



အခန်း ( ၂၅ )

ည (၁၀)နာရီထိုးမှာ ကားဘီးပြန်တပ်နေသော ကားသမား နှစ်ယောက် အသံနက်ကြီးတွေနှင့်အော်ပြီး ဖိုးညီတို့ဘီယာဆိုင်ဘက်ကို ထွက်ပြေးသွားကုန်၏။ ဖိုးညီတို့ဆိုင်မှာ ခရီးသည်တွေ ယာယီ နားခိုနေကြချိန်ကြီးပေါ့။

"ဘာဖြစ်သွားတာလဲမသိဘူး ဦးကျော်"

"လာကွာ. . . သွားကြည့်ရအောင်"

ကားနားရောက်တော့ ကားပတ်လည် လိုက်ကြည့်မိ၏။

"မတွေ့ဘူးကွ။ ဘာတွေ့လို့ လန့်ပြေးသွားပါလိမ့်"

"ဟာ! "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"အီး. . ."

"ဦးကျော် ဘာဖြစ်နေတာလဲ"

"မှို. . . ဟို. . . ဟိုမှာ"

"ဘာလဲ. . . ပြစမ်း"

ဦးကျော်တစ်ယောက် ပေါက်ကရတွေပြောပြီး စိတ်ဖောက်ကာ ထပြေးသွားလေသည်။ မောင်ဘုန်းကတော့ လိုက်ကြည့်ပြီးပြီ၊

ဘာဆိုဘာမှမတွေ့။

ဦးကျော်ရှိရာ ဂိတ်တဲကိုပြန်လာလိုက်၏။

ဦးကျော်က. . .

"အီး. . . ဟီး. . . ဟီး. . . မလာနဲ့၊ ငါ့ကိုမလှန့်နဲ့။ ငါ့ကိုမသတ်နဲ့။ သွား. . . ငါ့ဆီကိုမလာနဲ့"

"ဦးကျော်. . . ကျွန်တော်မောင်ဘုန်းလေ။ သတိထားဦးမှပေါ့"

ဦးကျော်က မောင်ဘုန်းကို လက်ညှိုးကတုန်ကယင်ထိုးပြီးတော့. . .

"သရဲမကြီး. . . မဖဲဝါကြီး။ မလာနဲ့. . . ငါ့ဆီမလာနဲ့"

"ကျွန်တော်. . . မောင်ဘုန်းပါ။ မဖဲဝါ မဟုတ်ပါဘူး"





"သွား. . . ထွက်သွား။ မင်း. . . မဖဲဝါ. . . သရဲမကြီး"

မောင်ဘုန်းတစ်ယောက် သူ့ခန္ဓာကိုယ်ကိုများ မဖဲဝါက အပမှီလာလေသလား။ တခြားသရဲတစ္ဆေတွေပဲ ပူးကပ်လာလေသလား။ ဝေခွဲလို့မရ။

✠

"ဟင်. . . မင်း. . . မောင်ဘုန်း"

"ဟုတ်တယ်လေ။ ခုနထဲက ပြောပြနေတာ"

"ခုနက. . . မဖဲဝါပါ။ ကြောက်စရာကြီးကွာ. . . ငါ့ကိုလက်သည်းရှည်ကြီးတွေနဲ့ ကုပ်ဆွဲသတ်ပစ်တော့မလို့"

"ခင်ဗျားပြောတာလည်း ဖြစ်နိုင်ပါတယ်"

"ဝုန်း! "

"ဒိုင်း! "

"ဖောင်း! "

"ဘုန်း!. . . ဘုန်း! "

"ဟော. . . ဘာသံတွေလဲ"

"ဒတ်ဆန်းကားကို ထုရိုက်နေကြတာဗျ. . . ကားဆရာတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိ။ ခရီးသည်လည်းမရှိ။ သုသာန်ကွေ့မှာ ကားရပ်ထားတော့ သောင်းကျန်းပြကြတာဖြစ်မှာပေါ့"

"မဟုတ်သေးဘူး ဦးကျော်။ နေ့ပူညချမ်းကြောင့် သံပြားတွေ ကျုံ့တာဖောင်းတာဖြစ်ပြီး အသံမြည်ကုန်တာပဲဖြစ်လိမ့်မယ်။ ခဏလေး. . . ကျွန်တော်သွားကြည့်လိုက်ဦးမယ်"

သချိုင်းချုံပုတ်တွေ လှုပ်ခါသွားတာ တွေ့လိုက်ရ၏။

ဇရပ်ရှေ့ဘက်မှာ မိန်းကလေးတစ်ယောက် အစိမ်းရောင်ဝတ်စုံနှင့်. . .

"ဟင်. . . မကြည်ပြာ။ ဟာ. . . ဒုက္ခပဲ၊ ညကြီးမင်းကြီး မိန်းကလေးတစ်ယောက်တည်း ဘာလာလုပ်ပါလိမ့်။ သူ့မောင်တွေရော ပါရဲ့လားမသိဘူး။ သွားမေးကြည့်ဦးမှပါ"

မောင်ဘုန်းပြေးသွားတော့ အစိမ်းရောင်လေးက ဇရပ်ထဲဝင်သွား၏။ ဇရပ်ထဲကို ပြေးလိုက်ဝင်တော့ ဇရပ်တစ်ဖက် ထွက်ပေါက်ကနေ အပင်တွေကြားထဲ ဝင်သွားပြန်၏။

ဆက်လိုက်ဖို့သင့်မသင့် ချိန်ဆနေစဉ် ရထားဖြတ်မောင်းသွားသံကြီးကို ကြားလိုက်ရ၏။

"ဟော့. . . ကျတ်တစ္ဆေစုတ်တွေ။ နင်တို့အကြံ ဒါအကုန်ပဲလား။ လာပြီး. . . ငါ့ကို အယောင်ဆောင်မဖမ်းစားနဲ့။ အကုန်ဘဝ





ပြောင်းကုန်မယ်"

ဒီလိုအော်ကြိမ်းပြီး ဂိတ်တဲရှိရာကို မောင်ဘုန်း ပြန်ပြေးလာလိုက်တော့၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

မောင်ဘုန်းတစ်ယောက် ဂိတ်ထဲရှိရာ ပြေးအလာမှာ ချုံထဲက ဖြုတ်ထွက်လာတဲ့မိန်းမတစ်ယောက်ကို ဘွားခနဲတွေ့လိုက်ရတယ်။

“ဟင်. . . မ. . . မဖဲ. . . မဖဲဝါ”

“ရှီး. . . ဟီး. . . ဟီ. . . ဟီး. . . ”

သွေးတွေစွန်းပေနေတဲ့သွားနီနီကြီးနဲ့ ပြုံးဖြဲပြတယ်။ ဒီမိန်းမလက်ထဲမှာလည်း မြွေဟောက်အသေကြီးတစ်ကောင်။

မြွေဟောက်ကို ခေါင်းကနေမျှား ကိုက်စားထားသလားမသိဘူး။ လူတွေစားမယ်ဆိုရင် အဆိပ်အိတ်ထုတ်၊ အစွယ်ချိုး၊ ခေါင်းဖြတ်ပြီးမှစားမှာပေါ့။ ခုဟာက လူကောဟုတ်ရဲ့လား။ မဖဲဝါအစစ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ မဖဲဝါဝင်ပူးနေတဲ့အရူးမကြီးလား။

သုသာန်ကွေ့တစ်ဖက်လမ်းကို ကူးမယ်လုပ်တော့ အဲဒီမိန်းမကြီးကပါ လိုက်ကူးပြီး လက်ကာတားထားတယ်။ သူ့လှုပ်ရှားမှုကို အံ့ဩဖို့ကောင်းလောက်အောင် မြန်ဆန်နေတယ်။

လမ်းပေါ်မှာလည်း ကားသွားကားလာရှင်းခိုက်ဖြစ်နေ၍ လူမပြောနဲ့၊ တခြားသက်ရှိသတ္တဝါဆိုလို့ ဘာဆိုဘာမှကိုမတွေ့ရဘူး။

"ဖယ်ပေး. . . ရှေ့ကဖယ်"

မောင်ဘုန်း ကြောက်ဇောတွေပြန်ပြီး သွေးရူးသွေးတန်းနဲ့ ပြန်ဟန့်အော်မိတယ်။

"အူး. . . ဟူး. . . ဟူး. . . ဟူး. . . ဟီး. . . ဟီး. . ."

အဲဒီမိန်းမကြီးက မြွေသေကြီးကို လက်ထဲလွှဲပြီး မောင်ဘုန်းကို လှမ်းရိုက်တယ်။

"ဟာ! "

"ဗိုး"

ဒီမိန်းမရဲ့အသားကိုတောင် အထိမခံနိုင်ဘူး။ သူမရဲ့မျက်လုံးတွေကလည်း လူသာမန်မျက်လုံးတွေလိုမဟုတ်ဘူး။ ရယ်သံကြီးကလည်း ဩထန်ထန်ကြီး။

မောင်ဘုန်းကို မြွေသေနဲ့ဝှေ့ယမ်းလိုက်ရိုက်နေလို့ မောင်

ရွှေပဒေသာစာပေ



ဘုန်းခမျာ လွတ်အောင်မနည်းရှောင်နေရတယ်။ နောက်ဆုံး မလွတ်နိုင်လို့ ချုံထဲခုန်ဝင်လိုက်ရတော့တယ်။

လက်စသတ်တော့ မောင်ဘုန်းကို ချုံထဲရောက်သွားအောင် ခြောက်လှန့်မောင်းသွင်းနေတာကိုး။

မောင်ဘုန်းခမျာ လမ်းမရှိတဲ့တောကိုစွတ်တိုးရင်း သေပြေးရှင်ပြေး,ပြေးရတော့တယ်။ မျက်လုံးထဲ မူးမိုက်ပြာဝေသွားတယ်။ မောပန်းပြီး ဒူးထောက်ပြိုလဲသွားတယ်။ မေ့ခနဲဖြစ်သွားပါလေရော။

ခြေသံ. . .

မြေကြီးကိုဆောင့်နင်းပြေးလာတဲ့ခြေသံ. . .

မောင်ဘုန်းရဲ့နားတစ်ဖက်ဟာ မြေမှာကပ်နေတယ်။

ကံကောင်းလို့ ကိုင်းငုတ်တိုတွေနဲ့ မထိုးမိတယ်။

ထပြေးမှ အသက်ရှင်မယ်။ လူးလဲထပြီး ပြေးလိုက်တယ်။

ပြေးရင်းနဲ့ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်ကျသွားတယ်။ ခဏနေတော့ မလင်းမရှင်းလေး မှောင်နေတယ်။ လပြည့်ညမှာ လကိုတိမ်ဖုံးလိုက်သလောက်လေး ဝန်းကျင်တစ်ခွင်လင်းရုံလေး မြင်သာနေတယ်။

"ဖြောင်း! "

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အား. . ."

ချုပုတ်ထဲက တစ်စုံတစ်ရာခုန်ထွက်လာပြီး မောင်ဘုန်းရဲ့ နားသယ်ကိုဖြတ်ရိုက်ချတာ ခံလိုက်ရတယ်။ မောင်ဘုန်းမျက်လုံးထဲ ကြယ်မြင်လမြင်။ နာကျင်လိုက်တာလည်း ဆတ်ဆတ်နာ။ မူးဝေသွားရာက ရိုက်သွားတဲ့အကောင်ကိုကြည့်လိုက်တော့. . .

"အား. . ."

ဝမ်းဗိုက်က,လုံးပြီး စူထွက်နေတယ်။

အစွယ်ကြီးကလည်း လက်လေးသစ်လောက်ရှိတယ်။

လက်ကြီးနှစ်ဖက်က ရှည်လျားတွဲကျနေတယ်။

မျက်ဖြူလန်နေတဲ့မျက်လုံးကြီးနဲ့။

ဒီမကောင်းဆိုးဝါးကြီးကို ရင်ဆိုင်လို့မဖြစ်ဘူး။ မောင်ဘုန်း တခြားတစ်ဖက်ကို လှည့်ပြေးတယ်။

"ဂီးရား. . ."

"အမယ်လေးဗျ"

ချုံထဲက ထရပ်လိုက်တာက နည်းနည်းနောနောအကောင်ကြီးလား။ ဝက်ဝံလို သွားစွယ်၊ ခေါင်းကြီးနဲ့။ အမွေးအမှင်တွေကလည်း တစ်ထွာလောက်ရှည်လိမ့်မယ်။ ဇရပ်အဝင်ဝမှာ တွေ့ခဲ့ရတဲ့ (၇)ပေလောက်မြင့်တဲ့ကောင်ကြီးပေါ့။





မောင်ဘုန်း နောက်လန်လဲနေရာကနေ သွေးရှူးသွေးတန်းနဲ့ ကုန်းရုန်းပြီး တစ်ဖက်ကို ထပြေးလိုက်တယ်။

ဧရာမနားရွက်ကြီးနှစ်ဖက်ကို တဖျပ်ဖျပ်ခတ်ပြီး ထန်းသီးလောက်မျက်လုံးပြူးကြီးနဲ့ စိုက်ကြည့်နေသည့် မကောင်းဆိုးဝါးကြီး တစ်ကောင်။

အရပ်သုံးမျက်နှာလုံး ပိတ်ဆို့ထားကြပြီး ကတ္တရာလမ်းကို ပြန်လှည့်ပြေးမယ်ပြင်လိုက်တော့၊ မြွေကိုင်ပြီး ဝှေ့ယမ်းလာနေတဲ့ သရဲတစ္ဆေမကြီး။

သွားပြီ. . . လွတ်လမ်းမရှိတော့။ ဒီတစ်ခါမှမသေရင် ဘယ်အခါမှမသေနိုင်တော့။

သေပြီလို့သာ မောင်ဘုန်း သူ့ကိုယ်သူ တွက်ဆလိုက်၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂၄ )

"နင်ဘယ်သူလဲ"

ပိုက်လိုဏ်ခေါင်းထဲ ဖြတ်သန်းလာသောလေသံမျိုးကြီးနှင့် စက်ရုပ်တွေ၊ ဂြိုဟ်သားတွေ စကားပြောသံမျိုးနှင့် နားရွက်ကြီးနှစ်ဖက်ခတ်နေတဲ့ မမြင်အပ်စရာမကောင်းဆိုးဝါးကြီးက မေးလာ၏။

"ကျွန်. . . ကျွန်တော်"

"နင် လူသားပဲ. . . လူနံ့လှိုင်နေတာပဲ၊ နင်က ငါတို့သချိုင်းထဲ ခဏခဏလာတယ်။ အောက်လမ်းဆရာတွေလည်း ခေါ်လာတယ်။ ငါတို့ကိုဒုက္ခပေးဖို့လုပ်တဲ့အထဲမှာ နင်လည်းပါတယ်"

"မ. . . မဟုတ်ပါဘူး. . . အထင်လွဲနေတာပါ။ ကျွန်. . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က. . . လေ့. . . လေ့လာရုံသက်သက်ပါ။ လုံး၀. . . အနှောင့်အယှက်မပေးပါဘူး"

ကြောက်ဇောနဲ့ အသံတွေတောင် တုန်အက်ကွဲနေမိတယ်။

စုန်းမကြီးအသံနဲ့ပြောလာတဲ့ သရဲတစ္ဆေမကြီးက. . .

"နင့်ကိုလွှတ်ထားလို့မရဘူး။ ကုပ်ချိုး သတ်ပစ်မယ်"

"အူ. . . အသည်းတွေ ဖောက်စားပစ်"

"အရိုးပါမချန် ဝါးစားပစ်မယ်"

"သွေးလည်ချောင်းသွေးကို ငါအရင်သောက်မယ်"

မကောင်းဆိုးဝါးကြီးတွေရဲ့ အော်ဟစ်တောင်းဆိုသံနဲ့တင် မောင်ဘုန်းနှာခေါင်းထဲ သွေးညှီနံ့နှင့် အသားညှီနံ့တွေစွဲပြီး သွေးအားလျော့နည်းကာ ရှော့ခ်ဖြစ်သလို လဲကျသွားရတော့၏။

✠

မောင်ဘုန်းပြန်သတိရလာတော့ ရေကို အငမ်းမရတမ်းတမိ၏။

ရေတစ်စက်မှမရလျှင် အသည်း၊ အဆုတ်၊ နှလုံးတွေ ပေါက်ကွဲကုန်မတတ်ကို ခံစားနေရ၏။





နှုတ်ခမ်းဖျားမှာ အေးမြစိုစွတ်သောရေရဲ့ အရသာရန့်ကို ပြန်ခံလိုက်ရ၏။

ခြောက်သွေ့အက်ကွဲနေသော လျှာဖျားတွေ၊ ပါးစပ်တွေ ပြန်စိုစွတ်လာပြီး တပွတ်ပွတ်နှင့်စုပ်သောက်မျိုလိုက်မိ၏။

တစ်စက်ပြီးတစ်စက်. . .

အနည်းငယ်. . .

တစ်ခွက်စာ. . .

ရေသောက်လိုက်ရမှ လန်းဆန်းပြီး အားအင်ပြန်ပြည့်လာသလို ခံစားလိုက်ရတော့၏။

ဒီတော့မှ. . .

"မင်း ဘာမှမဖြစ်လို့တော်သေးတာပေါ့ကွာ"

"ဟင်. . . ဦးကျော်. . . ကျွန်တော် ဘယ်လိုက ဘယ်လိုဖြစ်ပြီး ဒီပြန်ရောက်နေတာလဲ"

"မင်းလဲနေတာတွေ့လို့ ဘေးလူအကူတွဲပြီး ငါ့ဂိတ်တဲအိမ်ကိုခေါ်လာရတာပဲ။ ဘာတွေဖြစ်ခဲ့သလဲဆိုတာတော့ မင်းဘာသာ တဖြည်းဖြည်းစဉ်းစားယူပေါ့"

"ကျွန်တော် အိပ်မက်မက်ခဲ့တာလား။ လက်တွေ့ကြုံခဲ့တာလား၊ ဒွိဟအတွေးတွေနဲ့ ဝေဝါးနေတယ်။ အိပ်မက်ဆိုရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ဆိုးကြီးပဲ။ လက်တွေ့ဆိုရင်လည်း တကယ့်သည်းထိတ်ရင်ဖိုပဲ။ မဖဲဝါလည်းပါတယ်"

"ဟော. . ."

✠ ✠ ✠



## အခန်း ( ၂၈ )

အဲဒီညက ဂိတ်တဲထဲမှာ မောင်ဘုန်းလှဲရင်း ဘယ်လိုမှအိပ်လို့မပျော်နိုင်တော့ဘူး။ ရေပဲဆာလို့ ရေပဲ တစွပ်စွပ်ဖိသောက်နေမိတယ်။

နောက်တစ်နေ့. . .

အိပ်မက်ဆိုးပေးထားတဲ့နေ့. . .

အသက်တွေ စတေးခံရတော့မယ်. . .

သူတို့ကိုအသိပေးတားမြစ်ကာကွယ်ဖို့ ဘယ်လိုလုပ်ရမလဲ။ သက်ဆိုင်ရာကိုပြောပြပြီး ဒီသုသာန်ကွေ့ကို လမ်းပိတ်ထားပြန်ရင်လည်း လမ်းဆက်ပြတ်ကုန်တော့မည်။ လမ်းကွေ့ကို ပတ်ကွေ့သွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော အရန်လမ်းလည်းမရှိ။ ယုတ်စွအဆုံး တောလမ်းကလေး ပင်မရှိ။

"မောင်ဘုန်း. . . ဟေ့. . . မောင်ဘုန်း"

"ဝေလားလားလား. . . လာလေကွာ"

"ဝေ့. . . မောင်ဘုန်း. . . လာခဲ့"

အော်ခေါ်သံဩသြကြီးတွေကြောင့် မောင်ဘုန်း ပြူတင်းပေါက်ဖွင့်ကြည့်လိုက်၏၊ သံလမ်းဘေးဂိတ်တဲအိမ်နောက်ဘက် ကိုင်းတောစပ်မှ အရိပ်မည်းမည်းကြီးသုံးလေးကောင်ကိုတွေ့လိုက်ရ၏၊ လခြမ်းကွေ့အလင်းမှာ ဝိုးတဝါးမြင်ကွင်းကြောင့် မောင်ဘုန်း ကြက်သီးဖြန်းခနဲထသွားမိ၏။

ကြည့်နေရင်းကပင် အရိပ်မည်းမည်းလိုအရာတွေ ဖျတ်ခနဲ ပျောက်သွား၏။ မောင်ဘုန်း မျက်လုံးကိုပွတ်သပ်ကြည့်၏၊ ကိုင်းတောလေတိုးသံတရှဲရှဲသာ ကြားနေရ၏၊

"ဟေ့ကောင်မောင်ဘုန်း. . . အောက်ဆင်းလာစမ်း"

ဂိတ်တဲအိမ်ရှေ့သံလမ်းပေါ်က အော်ခေါ်သံကို ကြားရပြန်၏။ ဦးတောင်ကျော်က နွေရောညပါတာဝန်ယူထားသူ၊ ဂိတ်တဲမှာပဲ ကြက်အိပ်ကြက်နိုးအိပ်တတ်သူ၊ ယခုလည်း ဦးတောင်ကျော် (ခ)ဦးကျော် အနားမှာမရှိ။





အိမ်ရှေ့တံခါးပေါက်ကို ဖွင့်ကြည့်လိုက်မိတော့. . .

လား. . . လား. . . လား. . .

သံလမ်းပေါ်မှာ ခြေနှစ်ဖက်ကိုခပ်ကားကားခွဲ။ လက်နှစ်ဖက်ကိုလည်း ခြေခွဲသည့်အတိုင်း ဆန့်တန်းကာ လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကြိတ်ကာစိုက်ကြည့်နေသော ဦးတောင်ကျော် (ခ)ဦးကျော်ကိုတွေ့လိုက်ရပြန်၏။

"ဦးကျော် ဘာဖြစ်လို့လဲ"

"ဘာဖြစ်ဖြစ်. . . မင်းဆင်းခဲ့"

"ခင်ဗျားဟာ ဦးကျော်အစစ်မှဟုတ်ရဲ့လား"

"ဟုတ်တယ်. . . ငါ ကျော်ကွ"

"အခု ဘာလုပ်ချင်လို့လဲ"

"မင်းကိုသတ်ချင်လို့. . . ခေါ်နေတာ"

"ဦးကျော်ကို. . . ကျွန်တော်ဘာလုပ်မိလို့လဲ"

"မင်းအသားကို စားချင်လို့ဟေ့"

"ဟင်! ခင်ဗျား အပမှီနေတာ။ ဦးကျော်အယောင်ဆောင်ပြီးလာတာ။ ခင်ဗျား အခုထွက်သွား။ ဦးကျော်ကို မိမွေးတိုင်း ဖမွေးတိုင်း ပြန်ဖြစ်အောင်လုပ်ထားပေးခဲ့"

"ဟား. . . ဟား. . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောနေတာ မကြားဘူးလား"

"မလုပ်ပေးနိုင်ဘူး။ ငကျော့်ကိုပါ အစိမ်းလိုက်ဝါးစားချင်နေတာ။ မင်းမလာဘူးဆိုရင် . . . ငကျော့်ကို ရထားတိုက်ခံခိုင်းပစ်လိုက်မယ်ကွ . . . ဟား . . . ဟား . . . ဟား"

ပြောပြီး ချာခနဲလှည့်ထွက်သွား၏။ သံလမ်းအတိုင်း မြောက်ဘက်အရပ်ကိုပြေးထွက်သွား၏။ ဒုက္ခပါပဲ။

အဲဒီဘက်မှာ ရထားသံလမ်းကင်းတွေရှိ၏။ မသင်္ကာဖွယ်ရာလူတစ်ယောက် ပြေးလာတာတွေ့လျှင် အစောင့်စစ်သားက ရပ်ခိုင်းလိမ့်မည်။ ရပ်ခိုင်းတာကိုမရပ်ဘဲ ဆက်ပြေးလာလျှင် ပစ်သတ်ခံရလိမ့်မည်။ သံလမ်းကင်းလုံခြုံရေးအတွက် ပစ်မိန့်ပေးထားပြီးသား။ မောင်ဘုန်း အလွန်စိုးရိမ်သွား၏။

အပမှီသော ပရလောကသားက၊ ဦးကျော်ကို မသေမချင်းသေကြောင်းကြံစည်မည့်သဘောရှိနေ၏။ မောင်ဘုန်း အိမ်ပေါ်က အမြန်ခုန်ဆင်းပြီး ဦးကျော်နောက်ကိုလိုက်ရတော့၏။

"ဦးကျော် . . . မပြေးနဲ့။ ရှေ့မှာ သံလမ်းကင်းရှိတယ် . . . ။ ဦးကျော် . . . "

ဦးကျော်က ယူနီဖောင်းချွတ်ပြီး စွပ်ကျယ်၊ ပုဆိုးကြီးနှင့်မို့ မီးရထားဝန်ထမ်းမှန်း အဝေးကကြည့်လျှင် အစောင့်စစ်သားတွေ





မမှတ်မိနိုင်။

ဦးကျော်ကတော့ ကြောက်မက်ဖွယ်ရာရယ်သံကြီးနှင့် မရပ်မနားဆက်ပြေးနေ၏။

မောင်ဘုန်းတစ်ယောက် ရုတ်တရက်ရပ်တန့်လိုက်ပြီး ဘုရားစာ ရွတ်ဖတ်သရဇ္ဈာယ်လိုက်၏။ စိတ်အာရုံကိုညွှတ်နူးပြီး ဦးကျော်မှာ ပူးကပ်နေသောပရလောကသားကို မေတ္တာပို့လွှတ်ကာ မေတ္တာသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်လိုက်၏။

ဦးကျော်တစ်ယောက် ပြေးလွှားနေရင်းမှ တုံ့ဆောင့် ဆွဲခံလိုက်ရသလို ပုံခနဲလဲကျသွားတာ လှမ်းတွေ့လိုက်ရ၏။ ဒီတော့မှ မောင်ဘုန်းပြေးသွားပြီး ဦးကျော်ကို သွားပွေ့ထူလိုက်၏။

"ဦးကျော် . . . ဦးကျော်"

မေ့သလိုဖြစ်နေသောဦးကျော်ရဲ့ပါးကို လက်နှင့်ပုတ်နှိုးလိုက်၏။ ဒီတော့မှ ဦးကျော်လှုပ်ရှားလာပြီး ညည်းညူလာတော့၏။

"အင်း . . . ဟင်း . . . ဟင်း . . . ဟင်း . . . မောင်ဘုန်းပါလား။ ဟာ! ငါဘယ်ရောက်နေတာပါလိမ့်။ ငါ . . . ငါ . . . "

"ဦးကျော်လည်း ကျွန်တော့်လိုဖြစ်သွားတာ ဒွိဟစိတ်နဲ့ ဝေဝါးသွားတာမျိုးလေ။ အပမှီတာ သရဲတစ္ဆေဝင်ပူးတာမျိုးလို့ဆိုချင်လည်း ဆိုလို့ရမှာမျိုးပေါ့။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . အေး ဟုတ်လိမ့်မယ်။ ရထားတွေကို ငါစောင့်ကြည့်ရဦးမှာ။ ငါ့ဂျူတီ အချိန်တိုင်းရှိနေတယ်။ ဂိတ်ကိုအမြန်သွားမယ်။ တော်ကြာ ဖုန်းလာလို့ ငါမရှိရင် ပြဿနာပဲကွ"

နှစ်ယောက်သား ဂိတ်တဲကို ပြန်ပြေးရပြန်၏။ ဂိတ်တဲမှာ ဖုန်းလာနေ၏။

မောင်ဘုန်းဆိုတာ လန့်ပြီး လက်ထဲကခဲတွေကို လွှတ်ချမိကုန်၏။ ဦးတောင်ကျော်က အသံနက်ကြီးနဲ့ . . .

"ပြေး. . . ပြေးဟေ့. . . ပြေးဟ"

ဦးတောင်ကျော် ထွက်ပြေးပါလေရော။ မောင်ဘုန်းလည်း ဒူးဆတ်ဆတ်တုန်နေတဲ့ကြားက လိုက်ပြေးရတော့တာပေါ့။ ပြေးရတာ အားမရဘူး။ စိတ်ကပဲ ဆောင်နေတယ်။ ခန္ဓာကိုယ်က အားစိုက်ပြေးလေ ယိုင်ထိုးပြီး ပြိုလဲမလိုဖြစ်လေပင်။

ကားလမ်းအတိုင်း မြို့ထဲကိုထွက်ပြေးတယ်။ သုသာန်ကွေ့က ကိုင်းပင်တန်းတွေကလည်း လေတိုးသံတရှဲရှဲနဲ့။ အမှောင်ပျပျထဲမှာမို့ တစ္ဆေတွေ လက်ချင်းယှက်ပြီး ယိမ်းထိုးညာသံပေးနေသလိုလိုကြီး။ သုသာန်ကွေ့ကိုလွန်အောင် ပြေးတယ်။ ဘီယာဆိုင်ရောက်အောင် သွန်ပြေးတယ်။

ဒီအချိန်မှာပဲ မြို့ငယ်လေးဘက်က ဆိုင်ကယ်တစ်စီး လာ





နေတာကို ဝမ်းသာအားရတွေ့လိုက်ရတယ်။

ဆိုင်ကယ်ကိုလက်ကာပြီး တားလိုက်ကြတော့ ဆိုင်ကယ်ပေါ်မှာ အရပ်ဝတ်နဲ့လူနှစ်ယောက်။ သေပြေးရှင်ပြေး‚ပြေးလာတဲ့ မောင်ဘုန်းတို့နှစ်ယောက်ကို. . .

"ဘာဖြစ်လာကြတာလဲ" ဟုမေးလာ၏။

ဦးတောင်ကျော်က. . .

"ဟောဟဲ. . . သရဲ. . . ဂိတ်ထဲမှာ. . . ဟောဟဲ. . . သရဲခြောက်နေလို့"

"ဟုတ်တယ်ဗျ. . . ကူညီပါဦး"

"ကျုပ်တို့ရဲတွေပါ. . . ကျုပ်တို့ ဂိတ်တဲကိုသွားကြည့်လိုက်မယ်။ ခင်ဗျားတို့ နောက်က လမ်းလျှောက်လိုက်ခဲ့ကြ"

ဆိုင်ကယ်မောင်းသူက ပြောလာခြင်းဖြစ်၏။ နောက်မှာထိုင်လိုက်လာသူက. . .

"ဘယ်က သရဲလဲ၊ မဟုတ်မဟပ်တာတွေ၊ မဖဲဝါနဲ့ လက်အောက်ငယ်သားသရဲတစ္ဆေတွေဆိုတာ ဟုတ်နိုင်ပါ့မလား။ ကြည့်လည်းလုပ်ကြပါဦး"

"ဒါမျိုးဆိုတာ ယုံရခက်မယုံရခက်ပဲ။ ကိုယ့်လူ ဘီယာမူးနေပြီနဲ့တူတယ်။ သွားစစ်ဆေးကြည့်ဖို့က ကျုပ်တို့အလုပ်လေ။ ရထား



www.burmeseclassic.com

www.burmeseclassic.com



လာနေပြီ။ အန္တရာယ်ဖြစ်ရင် ဘယ့်နှယ့်လုပ်မလဲ။ သွားကြည့်တာပဲကောင်းတယ်"

"ကျုပ်တို့ကို စခန်းမှူးက တာဝန်ပေးလိုက်တာ တခြားကော့စ်ဗျ။ မဆိုင်တာလုပ်မိလို့ ဝေါက်ခံရမှာစိုးလို့ပါ"

"ကျုပ်တို့က ရဲလေဗျာ။ မဖြစ်ခင်က ကြိုတင်တားဆီးကာကွယ်တာ အကောင်းဆုံးပေါ့။ တချို့ရဲတွေက ရန်ဖြစ်နေတာကို ဝင်မတားဘူး။ ဖြစ်ချင်သလိုဖြစ်၊ ဖြစ်ပြီးမှ အမှုဖြစ်လာရင် ဖမ်းမယ်၊ ဒီသဘောထားတယ်။ အမှန်ဆို. . . မဖြစ်အောင်ကြိုတားပြီး ရဲဆိုတဲ့အဟန့်နဲ့ ရှင်းပေးလိုက်ရင် အမှုမဖြစ်တော့ဘူးပေါ့ဗျာ"

ဆိုင်ကယ်စီးထွက်ရင်း ပြောသွားကြသည့်စကားတွေကြောင့် မောင်ဘုန်းနဲ့ဦးတောင်ကျော်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်တော့ မည်းမည်းကြီးတွေပဲတွေ့ရတယ်။ မှောင်နေတာကိုး. . .။

"ငါတို့လိုက်သွားမယ် မောင်ဘုန်း။ ဘာမှမကြောက်နဲ့"

"အေးပါဗျာ. . . ဦးကျော်ရဲ့အသံတွေပဲ တုန်နေတာ"

"အဲဒါမခံချင်စိတ်နဲ့ ဒေါသဖြစ်ပြီးတုန်နေတာကွ"

မောင်ဘုန်း ရယ်လိုက်၏။

ကြောက်ရွံ့ထိတ်လန့်နေချိန်မှာ ဟာသရသလေးနှင့်ထိန်းနိုင်





ခြင်းမှာ အကောင်းဆုံးစိတ်ဖြေရာပါပဲ။

✠

"ဘယ်မှာလဲမဖဲဝါ. . . ဘယ်မှာလဲသရဲမ။ ဘာသရဲတစ္ဆေမှလည်း ဒီနားမှာမရှိပါလား"

"ဟောဗျာ. . . ခုနက ဒီနားမှာ တစ်ထွေးကြီးကိုရှိတာ၊ မယုံရင် ဟောဒီမောင်ဘုန်းကိုမေးကြည့်"

"ဟုတ်တယ်ဗျ. . . ခု လူအုပ်စုတောင့်သွားလို့ ကိုယ်ယောင်ဖျောက်သွားကြတာဖြစ်မယ်"

ရဲနှစ်ယောက်ခေါင်းကုတ်ပြီး ရဲစိတ်ညစ်တယ်တွေ ဖြစ်ကုန်ကြ၏။

"တော်. . . တော်. . . မင်းတို့ အရှုးကွက်တွေ နင်းမနေနဲ့။ ငါတို့မှာ တာဝန်တွေရှိသေးတယ်"

"တယ်လေ. . . ဒီနှစ်ကောင်တော့ ဝတ္တရားနှောင့်ယှက်မှုနဲ့ အရေးယူထည့်လိုက်ရကွာ"

ရဲနှစ်ယောက် ဆိုင်ကယ်စီးပြီးထွက်သွားတော့ ဦးကျော်က ဂေါက်လှည့်ဖုန်းနဲ့ ဘူတာကို လှမ်းမေးနေတယ်။ ညတာ[illegible]တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒုရုံပိုင်က အသေဟောက်နေသံတွေ ကြားလိုက်ရတယ်။ မောင်ဘုန်းက သံလမ်းအတိုင်း မြောက်ဘက်စူးစူးကိုလှမ်းကြည့်လိုက်၏။

"ရထားမီးရောင်ကို မြင်နေရပြီ. . . ဦးကျော်"

"ငါ့ကို ရထားလမ်းဂိတ်တံခါး ကူပိတ်ပေးစမ်းပါ"

"ဦးကျော်က ဘာလုပ်မလို့လဲ"

"အလံချိုးမလို့ ပြေးရဦးမယ်လေကွာ"

ဦးကျော် ပြေးထွက်သွားတယ်။

✠ ✠ ✠



## အခန်း ( ၂၉ )

"ဦးကျော် ပြန်လာပြီလား။ ဘာတွေဖြစ်ခဲ့သေးလဲ။ စိတ်ပူလိုက်ရတာဗျာ။ ဒီညတော့ ကျွန်တော်တို့အတွက် သွေးပျက်ညပဲဗျာ"

"ဟင်း. . . ဟင်း"

"ဦးကျော် အပမှီလာတာလား။ လက်ထဲမှာလည်း ဓားကြီးနဲ့၊ မနောက်နဲ့ဗျာ"

"ဟင်း. . . ဟင်း. . . ဟင်း"

မဖဲဝါက ဦးကျော်ကိုဝင်ပူးပြီး မောင်ဘုန်းကို ဓားနဲ့လိုက်ခုတ်ခိုင်းနေမှုဒုက္ခ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘုန်း လန့်ဖျပ်ပြီး နောက်ဆုတ်သွားတော့ . . .

"ဟား . . . ဟား . . . ဟား"

ဦးတောင်ကျော် ထရယ်ပါတော့၏။

မောင်ဘုန်းက . . .

"ဦးကျော် ခင်ဗျား ရူးနေပြီလား"

ဟု အော်မေးလိုက်၏။

"ကလင် . . . ကလင် . . . ကလင်"

"ဖုန်းမြည်လာပြန်ပြီ။ နောက်ရထားတစ်စင်း လာတော့မယ် သဘောပဲ။ သွားလေရာ ငှက်ကြီးတောင်နဲ့ ဓာတ်မီးဆောင်သွားမှ ဖြစ်လိမ့်မယ်"

ဦးတောင်ကျော်တစ်ယောက် နောက်ရထားတစ်စီးဖြတ်သွားပြီးသည်အထိ အလုပ်ရှုပ်နေ၏။ မောင်ဘုန်းကတော့ သချိုင်းထဲက အသံတွေ၊ မီးရောင်တွေမြင်နေရလို့ သွားကြည့်ဖို့စဉ်းစားမိလိုက်သေး၏။ သို့ပြား သည်းခြေပျက်သွားမှာလည်း စိုးမိ၏။ တုံးမောင်းခေါက်သံသဲ့သဲ့ကို ကြားလိုက်ရ၏။

အခြောက်အလှန့်တွေ ရပ်တန့်သွားပြီ။

"ဦးကျော်ရေ . . . အခုမှပဲအိပ်ရတော့မယ်"

"အေး . . . သွားအိပ်။ ငါကတော့ ဂိတ်ထဲမှာ ကြက်အိပ်





ကြက်နိုးပေါ့ကွာ။ ဟူး . . . ခုမှပဲ သရဲတစ္ဆေခြောက်လှန့်တဲ့ရန်က ကင်းသွားတော့တယ်"

မောင်ဘုန်း တက်အိပ်လိုက်တော့ စိတ်စွဲပြီး အိပ်ပျော်သွားလို့လားမသိဘူး။ အိပ်မက်ထဲမှာ သရဲတစ္ဆေတွေနဲ့ လိုက်တမ်းပြေးတမ်းကစားနေရပြန်တယ်။ ဖိုးညီတို့လင်မယားကလည်း ပါလိုက်သေးတယ်။ ဆောင်းတွင်းအိပ်မက် ကယောက်ကယက်တွေလိုပါပဲ။ မိုးတွင်းအိပ်မက်လည်း ဒီအတိုင်းပဲ။

ရထားသံတွေလည်း ကြားလိုက်ရ။ ကားသံတွေလည်း တဝူးဝူးတဝေါဝေါကြားလိုက်ရလို့ ပြန်လန့်နိုးလာဘယ်။ မနက်မိုးစင်စင်လင်းနေပြီ။ လက်ကနာရီကိုကြည့်လိုက်တော့ မနက် (၆) နာရီခွဲနေပြီ။

အိပ်ရာထဲက လူးလဲထပြီး ရေအိမ်တက်တယ်။ ပြီးတော့ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ကာ အဝတ်အစားသစ်ကိုဝတ်ပြီး ဦးကျော်ရဲ့ဂိတ်တဲကို သွားကြည့်လိုက်တော့ ငုတ်တုတ်အိပ်နေတဲ့ ဦးကျော်ကိုတွေ့လိုက်ရတယ်။

မောင်ဘုန်းပါးစပ်ကနေ ဖုန်းမြည်သံပေးလိုက်မှ လန့်နိုးလာတယ်။

"ကြံ့ရာကားစီးပြီး မြို့ထဲသွား၊ ဘရိတ်ဖတ်စားဖို့ ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပါဆယ်ဆွဲခဲ့မယ်။ ဒီနေ့ အရေးကြီးတဲ့နေ့နော်။ ဦးကျော် ကားတွေကိုစောင့်ကြည့်ပြီး အန္တရာယ်သတိပေးဦး"

"ဝါး. . . . အေးပါကွာ. . . ဝါး"

ကြုံတဲ့ကားတက်စီးပြီး မြို့ထဲထွက်လာတော့ ဖိုးညီတို့ဆိုင်ရှေ့ကိုအဖြတ်မှာ လှမ်းကြည့်လိုက်မိတယ်။ ဖိုးညီတို့လင်မယားနဲ့ ဝိတ်တာလေးတွေ အလုပ်ရှုပ်နေကြတယ်။ ဘာတွေဖြစ်နေပါလိမ့်။

သူ မလိုလားမှုတော့ သူ့ဆီကိုမသွားတာပဲကောင်းပါတယ်။ လိုအပ်ရင်တော့ သူတို့လင်မယား သေကံမရောက်သက်မပျောက်အောင် လိုက်သတိပေးပြီး ကယ်ဆယ်ပေးရမယ်။

ဒီလိုအတွေးနဲ့ မောင်ဘုန်း ဒေးဆွေးပြီး မြို့ထဲကိုရောက်လာပါလေရော။ ဆိုင်ကြီးတစ်ဆိုင်မှာ ဘရိတ်ဖတ်စားတယ်။ ဦးကျော် အတွက် ပါဆယ်ဆွဲပြီး သုသာန်ကွေ့ဘက်ကိုသွားမယ့် ကြုံရာကားတက်စီးပြီး ပြန်လာလိုက်တယ်။

ဖိုးညီတို့ဆိုင်ရှေ့ကနေ ကားအဖြတ်အသွား၊ ကားပေါ်ကနေ ဖိုးညီတို့ဆိုင်ထဲကို လှမ်းမျှော်ကြည့်လိုက်မိပြန်၏။

ရဲနှစ်ယောက်နဲ့အတူ ဖိုးညီတို့လင်မယား ဆိုင်အပြင်မှာ ရပ်စကားပြောနေတာတွေ့လိုက်ရ၏။ မနေ့ညက တွေ့ခဲ့ရသောရဲနှစ်ယောက်ဖြစ်နေ၏။





ဂိတ်တဲရောက်တော့ ဂိတ်တဲရှေ့မှာ ကတုန်ကယင်ကြီးဖြစ်နေရှာသည့် ဦးတောင်ကျော်ကို ထူးဆန်းဖွယ်ရာတွေ့လိုက်ရ၏။

"ဦးကျော်. . . ဦးကျော် ဘာဖြစ်နေတာလဲ"

"ခရီးသည်အပြည့်တင်ထားတဲ့ ဟိုင်းလက်တစ်စီး တောင်ငူဘက်သွားမယ့်ကားပေါ့။ ကွေ့မှာမှောက်တော့မလို့ ငါက အလံကိုင်ပြီး ဝှေ့ယမ်းတားလိုက်လို့။ ကွေ့ဒီဘက်ခြမ်းက လူတစ်ရပ်မကနက်တဲ့ချောက်ထဲ ထိုးကျတော့မလို့။ ကျွဲခနဲဘရိတ်အုပ်လိုက်တာ ချောက်ကမ်းပါးပေါ်မှာ ဘီးလေး တိခနဲရပ်နေတယ်။ ဟူး. . . ငါဖြင့် ရင်တုန်ပန်းတုန်ဖြစ်သွားတာပဲကွာ။ ခရီးသည်တွေ အမြန်ဆင်းခိုင်းပြီး ကားကို နောက်ကနေ လူအားနဲ့ဆွဲရတယ်။ စက်နှိုးပြီး ဆုတ်ရင် ပြုတ်ကျသွားမှာစိုးလို့လေ"

"တော်သေးတာပေါ့. . . ဦးကျော်တာဝန်ကျေပြီ။ ရော့. . . ဘရိတ်ဖတ် ဆွဲလိုက်ဦး"

"ငါ့ဘဝလည်း မင်းရောက်လာမှ ဘာတွေဖြစ်လို့ဖြစ်ကုန်မှန်းကိုမသိတော့ဘူး. . . ဟူး"

"ကျွန်တော်က ကောင်းတာလုပ်နေတဲ့သူပါ"

"သိပါတယ်။ ခက်နေတာက မင်းရောက်မှ ဒီမှာ သုရဲတစ္ဆေတွေ အခြောက်ကြမ်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဂရုမစိုက်နဲ့. . . အဖျက်ဆိုတာ. . . ဒီလိုပဲ။ ကျွန်တော်တို့ ကောင်းတာလုပ်နေတာ ဒါအတွေ့အကြုံပဲ။ ကျွန်တော်က စွန့်စား ရတာကြိုက်တယ်။ လေ့လာစူးစမ်းရတာ နှစ်သက်တယ်"

ဦးကျော်က အိမ်ပေါ်တက်သွားပြီး၊ မနက်စာ သွားစားနေ တယ်။

ရန်ကုန်ဘက်ကလာတဲ့ကားတွေရော၊ မန္တလေးဘက်ကလာ တဲ့ကားတွေကိုပါ လှမ်းကြည့်ပြီး လက်နှစ်ဖက်နဲ့ ဝှေ့ယမ်းအချက်ပြ နေမိတယ်။

ဒီဘက်ကိုင်းတော့ လမ်းဘေးဘက် ကပ်မောင်းဖို့ လက်နဲ့ လမ်းညွှန်ပေးနေတယ်။

တချို့ကုန်ကားသမားတွေက မောင်ဘုန်းကို. . .

"မော်တော်ပီကေကြီးလား"

"ဘာအရှုပ်ထတာလဲ"

အစရှိသဖြင့် နောက်ပြောင်အော်ပြောသွားကြတယ်။ မောင် ဘုန်းကတော့ လုပ်စရာရှိတာကိုဆက်လုပ်နေတယ်။

ဦးကျော်စားပြီး အိမ်ပေါ်က ဆင်းလာတော့. . .

"ဦးကျော် ဂိတ်တဲမှာ ပြန်တာဝန်ယူ။ ကျွန်တော် သုသာန် ကွေ့နားကသွားပြီး အချက်ပြနေတာ ပိုကောင်းမယ်။ ချောက်ရှိ





တဲ့ဘက်ကနေရပ်ပြီး ဟိုဘက်ဘေးကိုကပ်မောင်းခိုင်းရင်. . . ပို ကောင်းမယ်"

အဲဒီလိုနဲ့ မောင်ဘုန်းတစ်ယောက်တည်း သုသာန်ကွေ့မှာ အန္တရာယ်ရှိတဲ့နေရာမှာရပ်ပြီး အန္တရာယ်အသိပေးအချက်ပြအော် ဟစ်နေတယ်။ ဒီမှာတင် ဖိုးညီတစ်ယောက် ဆိုင်ကယ်နဲ့ရောက်လာ ပြီး . . .

"မောင်ဘုန်း. . . မင်းကွာ၊ ကိုယ့်ဒုက္ခကိုယ်ရှာတဲ့ကောင်ပဲ။ ငါဘယ်လောက်ပြောပြော မရဘူး။ မင်းတော့ ဂေါက်ကြောင်သွား ပြီနဲ့တူတယ်။ ဒီမှာ ဘာအရှုပ်ထနေတာလဲ"

"မင်း ဒီကွေ့ကိုမလာတာ ကောင်းတယ်။ မင်းမှာ အသက် အန္တရာယ်ရှိလို့ ပြောနေတာကွ။ ဆိုင်မှာပဲ ဆင်ဆင်ခြင်ခြင်နေသင့် တယ်။ ငါ့စကားကို ဒီတစ်ကြိမ်ပဲ ယုံလိုက်ပါကွာ"

"ဟား. . . သွားပြီ. . . သွက်ချာပါဒလိုက်သွားပြီ။ ငါမဟုတ် ဘဲ မင်းကို ကားဝင်တိုက်သွားဦးမယ်။ မင်းကိုယ်မင်းသာ သတိ ထားတော့။ လျှို့ဝှက်ဆန်းကြယ်ပရနယ်ပယ်အကြောင်း စာရေးနေ တဲ့ စာရေးဆရာပေါက်စလေးမောင်ဘုန်းရေ"

✠



www.burmeseclassic.com

www.burmeseclassic.com



မနက် (၉) နာရီအထိ မောင်ဘုန်းတစ်ယောက် အန္တရာယ် အချက်ပေးပြီး ကားတွေမမှောက်အောင် လမ်းညွှန်ပေးနေရ၏။

မနေ့ညက တွေ့ခဲ့ရသည့်ရဲနှစ်ယောက် ဆိုင်ကယ်နှင့်ရောက်ချလာ၏။

"ဟေ့လူ အဲဒါဘာလုပ်နေတာလဲ"

"အန္တရာယ်ဖြစ်မှာစိုးလို့ အချက်ပေးနေတာ"

"ခင်ဗျားက မော်တော်ပီကေမို့လို့လား"

"မဟုတ်ဘူး. . . စေတနာ့ဝန်ထမ်း"

"မလိုဘူး။ ဒီနေရာမှာမနေနဲ့"

"ကျုပ်က ဘာပြစ်မှုမှ ကျူးလွန်နေတာမဟုတ်ဘူး။ လူတွေ ဒုက္ခဖြစ်မှာစိုးလို့။ အန္တရာယ်ပေးနေတဲ့ ဒီနေရာအကြောင်းလည်း မိတ်ဆွေတို့သိရဲ့သားနဲ့"

"ဘယ်အချိန်မှာ ကားအက်ဆီးဒင့်ဖြစ်မယ်၊ ကားမှောက်မယ် ဆိုတာ မင်းအတပ်သိနိုင်လို့လား"

"သိတယ်ဗျ"

"မင်းက နတ်မျက်စိရထားလို့လား"

"မဟုတ်ဘူး၊ အိပ်မက်ရထားတာ"

"ဘယ်သူက အိပ်မက်ပေးတာလဲ"





"မဖဲဝါ"

ရဲနှစ်ယောက်စလုံး သဘောကျသွား၏။

"မင်းက ဖိုးညီရဲ့သူငယ်ချင်းမဟုတ်လား"

"ဟုတ်တယ်"

"စာရေးဆရာဆို"

"ဟုတ်တယ်ဗျာ"

"သရဲတစ္ဆေအကြောင်းတွေရေးသားဖို့ လေ့လာနေတာဆို"

"ဟုတ်တယ်"

"ဒါမျိုးက. . .စာရေးစားပွဲမှာထိုင်ပြီး စိတ်ကူးယဉ်ရေးတာ အကောင်းဆုံးပါ"

"ကိုယ်တွေ့မဟုတ်ရင် မပီပြင်ဘူးဗျ။ ဒါ အနုပညာသမားတွေရဲ့အလုပ်ပါ"

"ကြီးကြီးကျယ်ကျယ်ကွာ။ သရဲအကြောင်းရေးတာကိုများ အနုပညာတဲ့"

"ခင်ဗျားတို့ နားမလည်ပါဘူး။ မြင်းအလုပ်မြင်းလုပ်၊ လားအလုပ်လားလုပ်စမ်းပါ။ ကျုပ် ဥပဒေကိုချိုးဖောက်နေတာ မဟုတ်ဘူး။ ခင်ဗျားတို့ လာတားပိုင်ခွင့်မရှိပါဘူး"

"ဟုတ်တော့ဟုတ်ပါတယ်။ မင်းရဲ့ဖိုးညီက မင်းကိုခေါ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ။ လာပါ. . . ဘီယာစုပ်ပြီး အေးအေးဆေးဆေးအနားယူစမ်းပါ။ မရှူးချင်စမ်းပါနဲ့"

"ကျွန်တော် မလိုက်နိုင်ဘူး။ လူတွေရဲ့အသက်က ပိုအရေးကြီးတယ်။ ဖြစ်နိုင်ရင် ခင်ဗျားတို့ပါ အကူအညီပေးသင့်တာဗျ"

"ငါတို့မှာက တာဝန်ရှိသေးတယ်"

"လူသတ်မှုတစ်ခု လိုက်ရဦးမှာ။ လူသတ်သမားက ဒီသချိုင်းကုန်းထဲမှာ ပုန်းချင်ပုန်းနေနိုင်တယ်"

"မဖဲဝါကိုကျတော့ မဖမ်းကြဘူးလား"

မောင်ဘုန်း အငေါ်တူးလိုက်တော့မှ ဆိုင်ကယ်နှင့်ပြန်လစ်သွားတော့၏။ နေ့လယ်ဆယ့်တစ်နာရီလောက်တော့ မောင်ဘုန်း ထမင်းဆာလာတယ်။ ရထားတစ်စီး ဖြတ်မောင်းသွားတယ်။ မြေပြင်ဝန်းကျင် သိမ့်သိမ့်သွက်သွားတယ်။

ဂိတ်တံခါးပြန်ဖွင့်နေတဲ့ ဦးတောင်ကျော်ကို ကားလမ်းဘက်ကြည့်ထားပြီး ကြည့်တားဖို့မှာကြားပြီး ကားကြုံတက်စီးသွားလိုက်တယ်။ ထမင်းဆိုင်မှာစားပြီး ဦးတောင်ကျော်အတွက် ပါဆယ်ဆွဲရမှာပေါ့။

ထမင်းဆိုင်မှာ ထမင်းစားနေတုန်း. . .

"အကောင်. . . နင့်ကိုမိပြီ"





မောင်ဘုန်းရဲ့နောက်ကနေ အသံတစ်သံနဲ့အတူ လည်ပင်းလာညှစ်တာ ခံလိုက်ရတယ်။ အတင်းရုန်းဖယ်ပြီး လှည့်ကြည့်လိုက်တော့. . .

"ဟင်. . . အရူးမကြီး။ မဖဲဝါဆိုတာ သူလားပဲ"

ဒီအရူးမက ပိုရင့်ထော်တယ်။ မဖဲဝါက အရွယ်အလတ်ကြီးရှိသေးတယ်။ ဆိုင်ရှင်က မောင်းထုတ်ပေမယ့် မသွားဘူး။

"ယောက်ျား. . . နင်ကတော့ ဒီမှာထမင်းလာစားပ်နေတယ်။ ငါ့ကျတော့ အငတ်ထားတယ်။ နင် မတရားဘူး။ နင်စားနေတာတွေ ငါ့ကျွေး။ ငါစားမယ်။ ငါအကုန်စားပစ်မယ်. . . ကျွေး"

မောင်ဘုန်းလည်း ထမင်းနဲ့ဟင်းပန်းကန်တွေ ထိုးပေးလိုက်တော့၊ ဆတ်ခနဲထိုင်ပြီး သရဲပူးနေသလို အသားကုန်စားတော့တာပဲ။ ပါးစပ်ထဲမှာ ပြည့်သိပ်နေတာကို လက်ညှိုးလက်ခလယ်တွေနဲ့ အတင်းထိုးသွင်းနေတယ်။

ဘေးလူတွေလည်း ဝိုင်းအံ့ခဲကြည့်နေတာပေါ့။ တောထင်တောင်ထင် အထင်ခံရမှာစိုးတာနဲ့ ထမင်းဆက်မစားတော့ဘဲ ငွေရှင်းပေးကာ ထလစ်လာရတယ်။ ဈေးထဲမှာဆိုတော့ မျက်လုံးတွေက မောင်ဘုန်းနောက်မှာ တန်းလန်းစိုက်ပါလာတယ်။

ဒါတောင် အရူးမက ထမင်းပန်းကန်ချပြီး လက်ကိုတပြွတ်



www.burmeseclassic.com

www.burmeseclassic.com



ပြွတ်စုပ်ကာ နောက်ကလိုက်လာတယ်။

မောင်ဘုန်းလည်း လန့်ပြီးကွေ့ပတ်ပြေးရတော့တာပေါ့။ အရူးမကလည်း ကွေ့ပတ်ပြေးလိုက်တယ်။ လမ်းမကြီးအတိုင်း ပြေးတော့လည်း နောက်ကနေ ထပ်ချပ်မကွာလိုက်လာတယ်။ လမ်းဘေးနှစ်ဖက်ကလူတွေရော၊ ကားတွေစက်ဘီးတွေ၊ ဆိုင်ကယ်တွေပေါ်ကပဲ ဗီဒီယိုရိုက်နေတယ်ထင်မြီး လှမ်းကြည့်ကုန်ကြလေရဲ့။

မောင်ဘုန်းသာ ဟောဟဲဆိုက်ပြီး လွတ်လပ်ရေးကျောက်တိုင်နားမှာ အမောဆို့နေလို့ ရပ်နားလိုက်ရတယ်။ နောက်ကရောက်လာတဲ့အရူးမက အေးအေးဆေးဆေးလမ်းလျှောက်လာရသလိုပဲ။ တစ်စက်ကလေးမှမမောဘူး။

မောင်ဘုန်း အကဲခတ်ကြည့်လိုက်တယ်။

ဒီအရူးမဟာ မျက်တောင် လုံးဝမခတ်ဘူး။

"အဖျက်ကောင်. . . နင်လိုက်တားလို့ ငါလုပ်မယ့်ဟာတွေ ဘာမှဖြစ်မသွားဘူး။ နင့်ကိုတော့ ဟင်း. . . ဟင်း. . . ဟင်း"

လက်သည်းချွန်ကြီးတွေနဲ့ မောင်ဘုန်းလည်ပင်းကို ဖမ်းညှစ်ဖို့ပြင်လိုက်တယ်။ မောင်ဘုန်းလည်းလန့်ဖျပ်ပြီး ကမ္ဘာ့ရှုးထိုးထွက်ပြေးတော့တာပေါ့။ ဘုန်းကြီးကျောင်းတွေ့လို့ အားရဝမ်းသာနဲ့ ဘုန်းကြီးကျောင်းထဲဝင်ပြေးတယ်။ ဒီတော့မှ လိုက်မလာတော့ဘူး။



ကျောင်းထိုင်ဆရာတော်ကြီးဆီ ဝတ္ထုငွေလှူရင်း အကျိုးအကြောင်းကိုလျှောက်ထားတော့. . .

ပရိတ်ရေ၊ ရေသန့်ဘူးတစ်ဘူးစာကိုလည်း စွန့်လိုက်တယ်။ သောက်လည်းသောက်၊ ကိုယ်မှာလည်းဆွတ်ပေါ့။ ပရိတ်ရေသောက်ပြီး ကိုယ်မှာဆွတ်ကာ ကျောင်းထဲက ပြန်ထွက်လာတော့ အရူးမကို မတွေ့ရတော့ဘူး။

သက်ပြင်းမောကြီး ဟူးခနဲချပြီး ကြုံရာကားနဲ့ ဂိတ်တဲကိုပြန်လာလိုက်တယ်။ ပရလောကသားတွေနဲ့ ပတ်သက်လုံးပန်းမိပါက ပြန်ထွက်ရ မလွယ်တော့။ လူမိုက်နှင့်ပတ်သက်မိသလိုပေါ့။

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲပြီး ကင်းအောင်နေကြရသလို မိစ္ဆာနာနာဘာဝတွေကိုလည်း ရှောင်သွေလွှဲကာ လူတွေကင်းကင်းရှင်းရှင်းနေကြခြင်းမှာ ဒီလိုဒုက္ခတွေ ရှိနေကြလို့ပဲဖြစ်မည်။

✠ ✠ ✠

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

"ဦးကျော်. . . ဦးကျော်. . . ပတ်ဘလစ်ကာတစ်စီး ခြောက်ထဲကို တုံးလုံးပက်လက်ကျနေပါလား။ ဘာဖြစ်ကုန်ပြီလဲ။ လူတွေသေကုန်ကြသေးသလား"

"ဒရိုင်ဘာပဲ ဒဏ်ရာပြင်းပြင်းရသွားတယ်။ ဆေးရုံပို့လိုက်ကြပြီကွ။ ငါကလည်း ရထားတစ်ဖက်ကားတစ်ဖက် စောင့်ကြည့်ရတာ မလွယ်ဘူး။ ရထားမလာခင်ကဆို ကုန်ကားနဲ့ ခရီးသည်တင်ကား ဒီကွေ့မှာတင် တိုက်မိမလိုဖြစ်သွားသေးတယ်။ ငါ လှမ်းအော်သတိပေးကောင်းလို့ပေါ့ကွာ။ ရထားလာနေတော့ ဂိတ်ပိတ်တာလွတ်အောင် ရန်ကုန်ဘက်ကနေ အပြင်းမောင်းလာတဲ့ ပတ်ဘလစ်



www.burmeseclassic.com

www.burmeseclassic.com



ကာ၊ လမ်းပခုံးသားမြေကျုံပြီး ဝုန်းကျိမ်းနဲ့. . . ချောက်ထဲကျသွားတော့တာပဲ။ ယာဉ်မောင်းတစ်ဦးတည်း ကားပေါ်ပါလာတာကွ။ ခုထိတော့ သေသလားရှင်သလား မသိသေးပါဘူး"

"ဖြစ်ရလေတယ်ဗျာ. . . ကျွန်တော်လည်း ဈေးထဲမှာ အပမှီထားတဲ့အရှူးမကြီး လိုက်အန္တရာယ်ပေးနေလို့ ပြေးလိုက်ရတာဗျာ။ ဖိုးညီတို့လင်မယားလည်း ဘာဖြစ်နေပြီလဲမသိဘူး။ ဦးကျော်အတွက်လည်း ထမင်းဟင်းဝယ်မလာနိုင်တော့ဘူး။ ဦးကျော်ကိုယ်တိုင်လည်း သတိထားဦးနော်"

"အေးပါကွာ. . . ထမင်းတစ်နပ်ငတ်လို့ မသေနိုင်ပါဘူး။ ငါတို့ရဲ့စေတနာ့ဝန်ထမ်းတာဝန်ကို ဆက်ယူကြစို့"

မောင်ဘုန်းက ကွေ့ဘက်မှာ (ဦးကျော်ဆီက အလံဟောင်းနှစ်လက်ယူပြီး) ဝှေ့ယမ်းအချက်ပြပေးနေမိ၏။ အနီရောင်အလံနှင့် အစိမ်းရောင်အလံနှစ်လက်ပေါ့။ အနီရောင်အလံပြလျှင် ကားသမားတွေရပ်ရမှာကို သိကြပြီးသား၊ အစိမ်းရောင်အလံပြလျှင် ဆက်သွားလို့ရတယ်ဆိုတာကိုလည်း သိထားကြလေသည်။

ရဲသားနှစ်ယောက် ဆိုင်ကယ်နှင့်ရောက်ချလာပြန်၏။

"မှောက်သွားတဲ့ကားသမားကို ငါတို့ပဲ ဆေးရုံပို့လိုက်တာ။ ကံကောင်းလို့မသေတယ်။ ဒဏ်ရာတော့ပြင်းတယ်"





"ဟုတ်တယ်ကွ။ အဲဒီလိုမဖြစ်ရအောင် ငါတို့လည်း ဝိုင်းကူပေးမယ်ကွာ။ ဒီကွေ့မှာ ကားတွေကို စလိုးဒေါင်း မောင်းခိုင်းရမယ်။ ငါက ရဲတပ်ကြပ်ကြီးခင်ဇော်တဲ့။ ဟောဒီပုဂ္ဂိုလ်က ဒုရဲအုပ်မျိုးဇော်နောင်ပေါ့"

ရဲနှစ်ဦးက စိတ်ပါလက်ပါပြောဆိုပြီး ဆိုင်ကယ်ကို ဘေးထိုးရပ်ကာ ကားတွေကိုအချက်ပြပြီး စလိုးဒေါင်းမောင်းခိုင်းနေကြ၏။

မောင်ဘုန်းက. . .

"ဖိုးညီတို့လင်မယားကော အေးဆေးရဲ့လား"

"ရန်တွေထဖြစ်နေလို့ ကိုယ်တို့ ဝင်ရှင်းပေးခဲ့ရသေးတယ်။ လင်မယားနှစ်ယောက် ဘယ်ကဘယ်လိုစဖြစ်သလဲတော့ မေးလို့မရဘူး။ တကယ့်ကို ရန်သူကြီးတွေ ကျနေတာပဲ။ သူ့ယောက်ျားက တုတ်ကိုင်၊ သူ့မိန်းမက ဓားကိုင်နဲ့ တကယ်လုပ်ကုန်ကြတော့မလို့"

"ကျွန်တော့်အိမ်မက်ထဲမှာ ဖိုးညီတို့လင်မယားလည်းပါတယ်။ ပြီးတော့ ဂိတ်ထဲက ဦးတောင်ကျော်လည်းပါတယ်။ သူတို့ပါ သေမယ့်စာရင်းထဲပါနေတာ။ ဒီလိုလုပ်ပါလားဗျာ"

"ဘယ်လိုလုပ်ရမှာလဲ ကိုရင်ဘုန်းရဲ့"

"ဖိုးညီတို့လင်မယားကိုပဲ. . . နောင်ကြီးတို့နှစ်ယောက် သွားစောင့်ရှောက်ပေးကြပါ။ ကျွန်တော်က ဒီကွေ့မှာစောင့်မယ်။ လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဦးတောင်ကျော်ကို နောင်ကြီးတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်က ခွဲပြီးသွားစောင့်ရှောက်ပေးပေါ့"

ဒုရဲအုပ်ဇော်မျိုးနောင်က တွေခနဲဖြစ်သွားပြီး. . .

"ကိုယ်တို့နှစ်ယောက်က ခွဲနေလို့မဖြစ်ဘူး။ ကျွဲကူးရေပါဆိုသလို အမှုတစ်ခုကိုလိုက်ရင်းနဲ့ ကူညီပေးသွားရမှာ။ ဦးတောင်ကျော်က အသက်ကြီးပါပြီ။ သူ့ကိုယ်သူ စောင့်ရှောက်နိုင်ပါတယ်။ ဆင်ခြင်တုံတရားရှိပါတယ်"

"မလွယ်ဘူး. . . အပမှီသလိုလိုဘာလိုလိုနဲ့ သူလည်းတစ်ခါတလေလွတ်သွားချင်တယ်။ ကျွန်တော်လည်း ဒီလိုပဲ"

"အဲဒါဆို မောင်ဘုန်းဘာသာမောင်ဘုန်းလည်း ဂရုစိုက်ဦးပေါ့။ ကိုယ်တို့ကတော့ ခွဲလို့မဖြစ်လို့ပါ"

နှစ်ယောက်သား ဆိုင်ကယ်ပေါ်တက်ခွပြီး ဖိုးညီတို့ဆိုင်ဘက်ထွက်သွားလေပြီ။

နေ့ခင်း (၂)နာရီ နေပူကြီးထဲမှာ ချွေးတဒီးဒီးကျပြီး မောင်ဘုန်း အချက်ပြနေမိ၏။

"ကားဆရာတွေ ဟိုဘက်လမ်းကြောကို ကပ်မောင်းပါ။ ဒီကွေ့မှာ အရှိန်လျှော့ပါ။ ဒီနေရာက ကားမကြာခဏမှောက်တတ်တိုက်တတ်တဲ့နေရာပါ။ အလျင်မလိုဘဲ ဖြည်းဖြည်းမောင်းပြီးသွား





ကြပါ"

မောင်ဘုန်းလိုပင် ရထားတွေ ဖြတ်သွားဖြတ်လာဘာမှမဖြစ်စေဖို့ ဦးတောင်ကျော်လည်း ချွေးတလုံးလုံးနှင့် အလုပ်ရှုပ်နေရှာလေ၏။ ရထားလမ်းပိတ်ထားလျှင်ဖြင့် ကားတွေ သုသာန်ကွေ့မှာ စီတန်းနေ၏။ သူ့ထက်ငါ လုတက်ကျော်ခွဖို့ လုပ်နေကြတာတွေ၊ အန္တရာယ်ကိုမမြင်ကြတာတွေကို လိုက်အော်တားနေမိ၏။

ရေသောက်ချင်လျှင် ဂိတ်ကိုပြေးပြီး ရေငွေးမော့ရသေး၏။ တစ်ကြိမ်၊ လမ်းပိတ်နေလို့ ကားတွေစီတန်းနေတုန်း သုသာန်ကွေ့ကိုင်းချုံထဲက ခေါင်းပြူကြည့်လိုက်သည့်အရူးမလေးကို တွေ့လိုက်ရ၏။

ဈေးထဲမှာတွေ့ခဲ့ရသော အရူးမကြီးကတော့ ဘယ်ရောက်လို့ဘယ်ပျောက်နေမှန်းမသိ။

မောင်ဘုန်းကို အရူးမလေးတွေ့တော့ သွားနီနီကြီးဖြဲပြပြီး ချုံထဲပြန်ဝင်သွား၏။ မောင်ဘုန်း ချုံထဲကို ဖြဲရဲပြီးမလိုက်တော့။ အရင်တစ်ခါလို ဒုက္ခပင်လယ်ဝေခံရမှာစိုးကြောက်မိ၏။

မောင်ဘုန်းကို လာမျှားခေါ်ထုတ်ခြင်းလည်းဖြစ်နိုင်၏။

မောင်ဘုန်းက အမိကကျတာကိုပဲ ဦးစားပေးကာ အချက်ပြပေးနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရေဆာလျှင်တောင် ပြေးမသောက်တော့။
အချိန်က ညနေစောင်းနေပြီလေ။

✠ ✠ ✠



## အခန်း ( ၂၂ )

BM ကားတစ်စီး အရှိန်နှင့်မောင်းလာ၏။ မောင်ဘုန်းရှိရာ ချောက်တည့်တည့်ကိုမောင်းချလာ၏။

မောင်ဘုန်းလန့်ပြီး 'ဗုဒ္ဓံသရဏံဂစ္ဆာမိ' ကို အကျယ်ကြီးအော်ဟစ်မိလိုက်၏။ လက်မောင်းမှာချည်ထားသော သက်န်းကျစ်ကြိုးအစွမ်းကြောင့် ကားက မောင်ဘုန်းကို ဝင်ကျုံးခါနီးမှာ ကျွီခနဲဘရိတ်ဆောင့်အုပ် ရပ်တန့်သွား၏။ ကားရှေ့ပိုင်း ရှေ့ကိုငိုက်ဆင်းသွားသည်အထိ အုပ်လိုက်သောဘရိတ်ဖြစ်၏။

ကားဆရာက မျက်လုံးပြူးမျက်ဆံပြူးနှင့်. . .

"ဘုရား. . . ဘုရား. . . ဘုရား တော်သေးတာပေါ့။ အား



www.burmeseclassic.com

www.burmeseclassic.com



လုံးသွားကုန်တော့မလို့”

“ဟော့လူ ဘာလို့ ဒီလောက်ဒလကြမ်းမောင်းလာရတာလဲ။ ဒီကွေ့က အန္တရာယ်ကွေ့ဆိုတာ ခင်ဗျားဖြတ်သွားဖြတ်လာဖူးလို့ ကြားဖူးနားဝရှိထားမှာပါ”

“ဟေ. . . အေးကွာ. . . ညီလေးရာ။ အစ်ကိုလည်း ကားရှင်းနေတာနဲ့ ခရီးသည်တွေက မြန်မြန်မောင်းခိုင်းလို့ မောင်းလာတာ။ ဒီချောက်ဘက်မှာ လမ်းသစ်ကြီးပေါ်နေတယ်။ အစ်ကို့မျက်စိထဲမြင်တာကို ပြောတာနော်။ ဒီဘက်လမ်းဟောင်းကြည့်တော့ ချောက်ကြီးလိုကိုဖြစ်နေတယ်။ ဒါနဲ့. . . လမ်းပြင်ထားတယ်မှတ်ပြီး လမ်းသစ်ထင်တဲ့ဘက်ကို မောင်းချလာတာ။ ဟူး. . . ခုမှပဲချောက်ကြီးမှန်းသိရလို့ ရင်တွေထိတ်သွားလိုက်တာ။ နှလုံးရောဂါရှိတဲ့လူဆို တုံးခနဲလဲသေနိုင်လောက်အောင်ကို ထိတ်လန့်သွားရတော့တာပဲကွာ။ ကားမရပ်ခင် အခိုက်အတန့်လေးမှာ ညီလေးကိုရိပ်ခနဲတွေ့လိုက်ရတော့ လူတိုက်မိမှာစိုးလို့ လန့်ဖျပ်ပြီး ဘရိတ်ကို အသားကုန်နင်းလိုက်မိတယ်။ တော်သေးတာပေါ့. . . လူလည်းမတိုက်မိ၊ ကားလည်း ချောက်ထဲထိုးမကျလို့”

“ဖြည်းဖြည်းနောက်ဆုတ်ပြီး မောင်းသွားပါဗျာ။ ဒီလိုအချိန်မှာ အမြင်အာရုံကို လှည့်စားတတ်တယ်။ လမ်းတစ်လျှောက်လည်း





သတိထားသွားပါ”

“ကျေးဇူးတင်ပါတယ် ငါ့ညီရာ”

ကားပေါ်က ခရီးသည်တွေကလည်း ကျွတ်စီပွက်စီပြောရင်း ပြတင်းပေါက်ကနေ ထွက်ကြည့်ရာက မောင်ဘုန်းကို ပြုံးပြ၊ လက်ပြနှုတ်ဆက်ကြတယ်။ ရေသန့်ဘူးတွေ၊ ပန်းသီးတွေ၊ ကျေးဇူးတင်လို့ ပစ်ချပေးသွားတယ်။ မောင်ဘုန်း ပီတိနဲ့တင် ဝနေပါပြီ။

ညနေ (၆)နာရီထိုးတော့ ဗိုက်ထဲက တကျုတ်ကျုတ်နဲ့ ဆာလောင်လာတယ်။ ဦးတောင်ကျော်တစ်ယောက် ရထားတွေ ဘေးကင်းစွာဖြတ်သွားနိုင်ရေးအတွက် စောင့်ကြပ်နေတုန်းပဲ။

မောင်ဘုန်းအတွက်တော့ နေ့ခင်းကလည်း ဟုတ်တိပတ်တိ မစားလိုက်ရ။ ဦးတောင်ကျော်ခမျာ ထမင်းနှစ်နပ်တောင် ငတ်ရှာတော့မှာပါလား။ လက်ထဲမှာ ပန်းသီးသုံးလုံးနဲ့ ရေသန့်ဘူးသေးတစ်ဘူး၊ ဘူးကြီးတစ်ဘူးရှိနေတယ်။ ပြီးတော့ ဘီစကစ်မုန့်ထုပ်ပါ ရှိနေသေးတယ်။

ဒီထဲက တစ်ဝက်ကိုစားပြီး တစ်ဝက်ကို ဦးတောင်ကျော်အတွက် သွားပေးချင်တယ်။ ကားဆက်က ဟိုဘက်ဒီဘက်သိပ်မပြတ်ဘူးဆိုတော့ ပေးရခက်ပြန်ရော။ ဒီအချိန်မှာပဲ ဖိုးညီဆိုင်ကယ်နဲ့ ရောက်ချလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့. . . မောင်ဘုန်း၊ ငါနဲ့ ခဏလိုက်ခဲ့စမ်းပါ။ အရေးကြီးလို့"

"ဘာဖြစ်လို့လဲ. . . ငါ ဒီမှာလည်းအရေးကြီးနေပြီကွ"

"ဟာကွာ. . . ငါ့မိန်းမဗိုက်အောင့်လို့ ဆေးရုံတင်လိုက်ရတယ်၊ ဆိုင်ကတစ်ဖက်နဲ့မို့ ဆိုင်ကို ဆယ်မိနစ်လောက်ပဲ ကြည့်ပေးထားစမ်းပါ။ မင်းကလည်း ဒီလောက်ကလေးမှ အားမကိုးရဘူးလား"

"ဒီမှာ တစ်ခုခုဖြစ်မှာစိုးလို့ကွာ။ တခြားအချိန်ဆို ငါလိုက်ပေးပါတယ်။ ငါ့ကိုခွင့်လွှတ်နားလည်ပေးပါဖိုးညီရာ"

"မင်းကွာ၊ အသည်းအသန်ဖြစ်နေချိန်မှာတောင် ဥပေက္ခာပြုရက်တယ်၊ သူငယ်ချင်းကောင်းမပီသဘူး"

မောင်ဘုန်း ငိုင်ကျသွားရ၏။ ခက်ပြီ. . .။ သူတို့ဆီမှာလာစားသောက်နေထိုင်ပြီးမှ မကူညီနိုင်တာလည်း မကောင်းရှိရော့မည်။

"ဆယ်မိနစ်ပဲနော်"

"အေးပါ၊ မင်းဟာက ဘာအရေးကြီးလဲကွာ။ မင်းဆွေမျိုးတွေပါတာမှတ်လို့။ သူ့သဘောသူဆောင်နေတဲ့ဟာကို"

မောင်ဘုန်းလည်း ပြောမနေတော့ဘူး။ ဆိုင်ကယ်နောက်က





တက်ခွပြီး လိုက်သွားလိုက်တယ်။ ဆိုင်မှာ ချထားပေးပြီး ဖိုးညီထွက်သွားတယ်။

ဝိတ်တာတွေက စိမ်းတိမ်းတိမ်း အေးစက်စက်ဆက်ဆံရေးနဲ့ မောင်ဘုန်းကိုတုံ့ပြန်ကြတယ်။ ဆယ့်ငါးမိနစ်နဲ့လည်း ဖိုးညီပြန်မရောက်လာဘူး။ သုသာန်ကွေ့ဘက်မှာ မောင်ဘုန်း ဘုရားတထားလို့ ဘာမှမဖြစ်သေးဘူး။ စားသောက်ဝိုင်းတွေရှိနေလို့ မှာကြားသမျှကို ကောင်တာပြေးမှတ်လိုက်ရ၊ အပြင်ထွက်ပြီး လှမ်းမျှော်ကြည့်လိုက်ရတဲ့မောင်ဘုန်းကို ဝိတ်တာတွေပါ မျက်စိနောက်လာပုံရတယ်။

မိနစ်နှစ်ဆယ်လောက်ကြာတဲ့အထိ ပေါ်မလာကြသေးဘူး။ ရထားတစ်စင်း ဖြတ်မောင်းသွားတယ်။ ကားတွေကလည်း ဟိုဘက်သည်ဘက် သွားလာနေကြတာပဲ။ ည (၇) နာရီအထိ မထူးခြားသေးဘူး။

ဒီအချိန်မှာပဲ ဘီယာဆိုင်နောက်ကြောက သံလမ်းပေါ်မှာ ဝေါခနဲရထားဖြတ်ပြန်တယ်။ သုံးမိနစ်လောက်ပဲကြာတယ်။ ရထားဖြတ်မောင်းသံ၊ ဝေါဝေါဂျုံးဂျုံးကိုကြားရပြန်တယ်။ နောက်ထပ်သုံးမိနစ်ပဲခြားတယ်။ ဂျုံးဂျုံးဝုန်းဝုန်းဝေါဝေါနဲ့ ကြားရပြန်တယ်။ နောက်ထပ်သုံးမိနစ်မှာ နောက်တစ်ခါ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ရထားတွေ ဖြတ်မောင်းလှချည်လား။ အံ့သြစရာပဲ ဒီလောက်ဖြတ်နေရင် ဦးကျော်တော့မလွယ်ဘူး. . . ဟော. . . ကြားရပြန်ပြီ"

"ဘာတွေကြားနေတာလဲဗျ"

"ရထားဖြတ်မောင်းခုတ်သံလေ"

"ဟင်! ဘာသံမှလည်း မကြားရပါလား"

"မင်း နားလေးနေတာနေမှာပေ့ါ နားဖာချေးတွေ နားထဲပိတ်ဆို့နေပြီ။ သံတူရွှင်းနဲ့ ကလော်လိုက်ဦး"

ဝိတ်တာက ကြောင်ကြည့်ပြီး ခေါင်းကုတ်ထွက်သွားတယ်။ ခဏအကြာမှာ လူငယ်တစ်ယောက် ဟော့ရှော့စတိုင်နဲ့ရောက်လာတယ်။ ဝိတ်တာတွေပြောစကားအရ ဖိုးညီရဲ့ညီတဲ့။ သူ့အစ်ကိုဆီက မှန့်ဖိုးလာတောင်းတာတဲ့။

မောင်ဘုန်းက. . .

"မင်းအစ်ကို ပြန်လာလိမ့်မယ်။ အဲဒီကျမှတောင်းကွာ။ မင်း မရီး ဆေးရုံတက်ရတာ သိပြီလား"

"မသိဘူး. . . အစ်ကိုနဲ့မရီးက ဘယ်မှာလဲ"

"ဆေးရုံမှာ၊ လိုက်မသွားနဲ့ဦး။ ဆိုင်ခဏစောင့်ပေးလိုက်။ ငါအရေးကြီးလို့ သွားလိုက်ဦးမယ်"





မောင်ဘုန်း သုသာန်ကွေ့ဘက်ကို ပြန်ပြေးလာတုန်းမှာပဲ မီးရောင်တထိန်ထိန်နဲ့ တောက်ပြောင်လှပတဲ့ ရထားကြီးကစ်စင်း ဖြတ်မောင်းခုတ်သွားပြန်တယ်။

ဦးကျော်အခြေအနေသိရအောင် ဂိတ်တဲကို လာလိုက်တော့ သံလမ်းအလယ်မှာရပ်ပြီး ငှက်ကြီးတောင်ဓားကြီးကတစ်ဖက်၊ အဲလံနှစ်လက်ကို လက်တစ်ဖက်နဲ့ ကြက်ခြေခတ်ကိုင်ထားတဲ့ ဦးကျော်ကိုတွေ့လိုက်ရတယ်။

ပွဲကြမ်းသလို ဒေါသတွေထွက်နေတယ်။ ဒီလူကြီး အပမှီပြန်ပြီလားမသိ။ ဟော. . .

မြောက်ဘက်ကနေ ရထားလာနေပြီ။ ဦးကျော် ရပ်နေတဲ့ လမ်းအတိုင်း လာနေတာ။ ဦးကျော်က မဖယ်ဘူး။ ဒီအဖြစ်မျိုးကို မောင်ဘုန်းငယ်ငယ်က တစ်ခါဖြစ်ဖူးတယ်။

ဒီလိုသံလမ်းဂိတ်ကနေ ရထားလာနေတဲ့အတိုင်း ရထားကို လှမ်းကြည့်လိုက်မိတာ။ ရထားက အဝေးကနေပိုနီးပြီး ကြီးကြီးလာတာကို ကြည့်ကောင်းကောင်းနဲ့ရပ်ကြည့်နေမိတယ်။ အန္တရာယ်ကိုသတိမရဘူး။ လာနေတာက အမြန်ရထားကြီး။ ဘော်ဘူအသံပေးလည်း ဆက်ရပ်ကြည့်နေမိတယ်။

ရထားက ဖယ်မပေးရင် တိုက်ချသွားမှာပဲ။ မောင်း[illegible]တဲ့



www.burmeseclassic.com

www.burmeseclassic.com



အမြန်နှုန်းနဲ့ ဘရိတ်အုပ်လိုက်ရင် ရထားမှောက်နိုင်တာကိုး။

ရထားနဲ့မောင်ဘုန်းနဲ့ ကိုက်လေးဆယ်လောက်ပဲကွာတော့တယ်။ မမိုတ်မသုန်ရထားကိုကြည့်ပြီး ငေးကြောင်ရပ်မိနေမြဲ. . .

"ဟိတ်ကောင်လေး. . . ဘာရပ်လုပ်နေတာလဲ"

ဂိတ်တံခါးပိတ်တဲ့လူကြီးက လှမ်းအော်လိုက်မှ အသိဝင်လာပြီး ကြက်သီးဖြန်းဖြန်းထအောင်ကြောက်ရွံ့ပြီး သံလမ်းဘေးကို အလန့်တကြားနဲ့ ဖယ်ဆင်းလိုက်ရတော့တယ်။

ဒါကြောင့်မို့ ရထားလာနေတဲ့လမ်းကနေ ရထားကိုမကြည့်ပါနဲ့။ ရထားသံလမ်းပေါ် ရထားမလာသေးဘူးဆိုပြီး သံလမ်းကို ခေါင်းအုံးလိုက်တာ ခဏပါဆိုပြီး တစ်ခါတည်း အိပ်မောကျသွားရော။ တော်တော်နဲ့ ပြန်ထလို့မရတော့ဘူး။

ရထားလာနေတုန်း ဘေးကအဖော်နှိုးမှပဲ ထလိုက်နိုင်တယ်။ ဒါကြောင့်မို့ သံလမ်းကို ခေါင်းအုံးလုပ်အိပ်ကြည့်တာ၊ ခဏပါဆိုပြီး သွားမလုပ်မိလေနဲ့။

ခုလည်း ဦးကျော်တစ်ယောက် ရထားလာနေတဲ့လမ်းပေါ်မှာ လူမိုက်ကြီးလို မားကိုင်ပြီးရပ်နေတယ်။ ရထားကလည်း အရှိန်ပြင်းပြင်းနဲ့ မောင်းလာနေတယ်။ ဝင်တိုက်သွားတော့မယ်။ သေလူစာရင်းထဲမှာ ဦးကျော်လည်း ပါနေတာကိုး။





"ဦးကျော်. . . ဦးကျော်၊ ဟိုမှာရထားလာနေပြီ။ အဲဒါဘာလုပ်နေတာလဲ"

ရထားမောင်းလာသံ ဝေါဝေါဂျုံးဂျုံးကြောင့် ဦးကျော်မကြားဘူး။ ရထားကို မားနဲ့ခုတ်ဖို့ ငှက်ကြီးတောင်မားကိုအသင့်မြှင်ထားတယ်။ မောင်ဘုန်းပြေးသွားပြီး ဦးကျော်ကိုဆောင့်တွန်းပစ်လိုက်တယ်။ ဦးကျော်ရော၊ မောင်ဘုန်းပါ ရထားသံလမ်းဘေးကို ဒလိမ့်ခေါက်ကွေးလွင့်သွားတယ်။

ဝေါခနဲဖြတ်မောင်းသွားတဲ့ရထားသံကြီး တုန်လှုပ်ချောက်ချားဖွယ်ရာ ကြားမြင်လိုက်ရတော့တယ်။

"ဦးကျော်သတိထားနော်။ ဒီတစ်ခါ ထင်ယောင်မြင်မှားတွေမဖြစ်စေနဲ့။ ရတနာသုံးပါးမမေ့နဲ့။ မီးစာကုန်ဆီခန်းပြီး သေရတာက တစ်မျိုးပေါ့။ မီးစာမကုန်၊ ဆီခန်းတာတို့၊ မီးစာကုန် ဆီမခန်းတာတို့နဲ့ သေရတာမျိုးဖြစ်မှာစိုးလို့ပြောတာ"

"အေးပါကွာ. . . ငါ့ကို ပရိတ်ရေလေး တိုက်ခဲ့စမ်းပါ"

"ရော့. . . ရတနာသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မော့သောက်လိုက်။ အင်း. . . ဖိုးညီတို့လင်မယားကို ဒီပရိတ်ရေလေး ပေးတိုက်ထားရင် ပိုကောင်းမှာပဲ။ သူမိန်းမဗိုက်အောင့်တာကို ကျွန်တော်မသက်သာဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သွားတိုက်လိုက်ပေါ့ကွာ"

"သူတို့က ဆေးရုံမှာ. . .။ ကျွန်တော် တစ်ခုစဉ်းစားမိတယ်။ သရဲတွေထွက်တဲ့ သရဲစာအုပ်ကို မီးရှို့လိုက်ရင် ကျန်တဲ့သရဲတွေလည်း အကုန်ဂန့်ကုန်ရောပေါ့။ ပင်ရင်းကိုမဖျက်ဆီးဘဲ. . . သူတို့နောက်ယှက်သမျှ လိုက်ဟန့်တားနေရင် မောပန်းတာပဲ အဖတ်တင်တော့မယ်။ အိပ်ရေးတွေပျက်လို့ ကျွန်တော် မလန်းတော့ဘူး။ ထိတ်လန့်ရဖန်များလို့ သည်းခြေလည်း ပျက်ချင်နေပြီ။ ကြာပါတယ်ဗျာ"

"အဲဒီအကြံကောင်းတယ်။ မင်းတစ်ယောက်တည်း စွန့်စားရဲပါ့မလား။ ခုတောင် (၉) နာရီထိုးနေပြီ။ မိုးတွင်းကာလက နေ့တာရှည်တယ်။ ညတာတိုတယ်လေ"

"အများအကျိုးအတွက်ပဲ ကျွန်တော် စွန့်စားမယ်။ ကျွန်တော့်မှာ. . . ဘုန်းဘုရားပေးထားတဲ့ သင်္ကန်းကျစ်ကြိုးရှိတယ်။ သူတို့ကျွန်တော့်ကိုသတ်ဖို့မပြောနဲ့၊ ကပ်လို့တောင်မရစေရဘူး"

✠ ✠ ✠

## အခန်း ( ၂၂ )

သုသာန်ကွေ့က ချုံတွေဖြဝင်ပြီး အရူးမကိုလိုက်ရှာရ၏။ လခြမ်းကွေးက တိမ်ငပုပ်တွေကြားမှာ သာယာနေလေသည်။ ညအလင်းရောင်ကား လကို တိမ်မျှို ခဏဆိုမှောင်၊ တိမ်ထဲက လထွက် လင်းပြက်ဝင်းပ။

ကန်းထရီးရှူးဖိနပ် စီးထား၍ မြေပြင်ကင်းပါး မကြောက်ရ။ အကောင်ပလောင်တွေ ဂျင်းဘောင်းဘီထဲဝင်မှာစိုး၍ ဒေါက်ပိုင်းကို သားရေပင်နှင့် ပိတ်စည်းထားရ၏။

မဖဲဝါ အပမှီတတ်သောအရူးမကို လိုက်ရှာနေမိ၏။

ဒီအချိန်မှာပဲ ချုံစပ်အကွေ့မှာ မည်းမည်းကြီးနှစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းကုန်းကွကွဖြစ်နေ၏။ သရဲထင်ပြီး ကြက်သီးဖြန်းသွားမိ၏။ မည်းမည်းတစ်ကောင်က အုတ်ဂူတစ်ခုပေါ်သို့ တက်ရပ်လိုက်၏။ သရဲတစ္ဆေတွေ မြူးနေကြတာလားမသိ။ ကျန်တစ်ကောင်က မီးလုံး လောင်စာချိတ်ပြီး မီးရှို့ထားသော မီးလုံးအပေါ်စားကို မြန်မာစွန် ကြီးမှာချိတ်ပြီး အုတ်ဂူပေါ်တက်ကာ အချက်ပေး၏။ ဒီဘက်က ကောင့်လက်ထဲမှာ ရစ်ဘီးကြီးနဲ့ကိုး။

စွန်ကိုလွှတ်တင်လိုက်သည်နှင့် မီးလုံးကြီးထိုးတက်သွား၏။ လေတဖြူးဖြူးမို့ စွန်ကြိုးဆွဲရာ မီးလုံးကြီးက လိုက်ပါနေလေသည်။

လက်စသတ်တော့ သင်္ချိုင်းထဲမှာ မီးလုံးကြီးတွေ ကစားနေအောင် လုပ်နေသည့်တရားခံမှာ ဒင်းတို့ပဲဖြစ်မည်။ မောင်ဘုန်း အနားကပ်သွားပြီး မည်းမည်းကြီးတစ်ကောင်ကို ပရိတ်ရေနှင့် တောက်ကြည့်၏။ လကိုတိမ်ဝှက်ချိန်မို့ မှောင်နေပြန်ပြီ။ ရစ်ဘီး ကိုင်ပြီး မီးလုံးကစားနေသည့် မည်းမည်းကောင်ကြီးက ပရိတ်ရေ နှင့်တောက်တာကိုမဖြုံ။

သူ့စွန်ကို ဟိုဒေ့ဒီဝိုက်နဲ့ ကစားနေ၏။ တိမ်ညိုတွေထဲက နေ၊ လပြန်ထွက်၍ လင်းလာတော့မှ အဖြစ်မှန်ကို သိလိုက်ရတော့ ၏။

ဝတ်စုံနက်ဝတ်ပြီး ခေါင်းစွပ်ဆွယ်တာအနက်နှင့်လူဖြစ်နေ





၏။ အုတ်ဂူပေါ်ကနေ ခြေနှစ်ဖက်ဖမ်းချုပ်ပြီး ဆောင့်ဆွဲချလိုက် ၏။

"အား. . ."

"ဒုတ်!"

"ဘုတ်"

အုတ်ဂူနှင့် ခန္ဓာကိုယ်အပေါ်ပိုင်း ရိုက်မိပြီး၊ မေ့မျောသွား ၏။ နောက်မည်းမည်းတစ်ကောင်က. .

"ဘာဖြစ်တာလဲ စိုးဦး"

"ဒါဖြစ်တာကွာ"

မောင်ဘုန်းက အုတ်ဂူပဲ့က အုတ်ခဲအင်္ဂတေကပ်ထုကြီးနှင့် ချိုစောင်းကို ခွပ်ခနဲထုချလိုက်၏။

"အား" ခနဲအော်ပြီး လဲကျမေ့သွားပြန်လေပြီ။ စွန်ကြိုးကို ဖြတ်တောက်ပစ်လိုက်တော့ မီးလုံးတပ်စွန်က သင်္ချိုင်းတစ်ဖက်ရှိ လယ်ကွင်းထဲကို ပြတ်ကျသွားတော့၏။

ဒီကောင်တွေ ဘာရည်ရွယ်ချက်နဲ့ ဒါမျိုးလုပ်တမ်းကို သင်္ချိုင်း ထဲ လာကစားနေရတာလဲ။ သူ့အကြောင်းနဲ့သူတော့ရှိလိမ့်မည်။

ဇရပ်ဘက်မှ စကားသံသဲ့သဲ့လိုလို၊ ရယ်မောသံလိုလိုကြား လိုက်ရ၍ မောင်ဘုန်းလည်း ခြေသံလုံလုံနဲ့ ဇရပ်အနားကပ်သွား



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ဇရပ်ဘေးက ချုံအကွယ်မှာဝပ်ပြီး ဇရပ်ပေါ်ကို ချောင်း၍ ကြည့်လိုက်တော့ အပေါ်အနက်၊ အောက်အနက်ရောင် ဝတ်ဆင်ထားပြီး ဆံပင်ဖားလျားချထားသည့် ချောမောလှသည့်အမျိုးသမီးကို တွေ့လိုက်ရ၏။ အားသွင်းဘက်ထရီမီးလေး ထွန်းထား၍ တွေ့လိုက်ရခြင်းပင်။ ထိုအမျိုးသမီးကို အသေအချာကြည့်လိုက်တော့ မဖဲဝါ အပမှီခံရတတ်သည့်အရွှးမဖြစ်နေ၏။

အားပါးပါး. . . ဒီတစ်ခါတော့ သားနားပြီး ချောမောလှပနေ၏။ သချိုင်းထဲက ဇရပ်ပေါ်မှာ မကြောက်မရွံ့ဘာလာလုပ်နေပါလိမ့်။

မောင်ဘုန်းကြည့်နေတုန်းမှာ သူမရဲ့ဘေးဘက်မှာ ကျောပေးထိုင်ပြီး ခေါင်းစွပ်အနက်စွပ်ထားကာ၊ ဘောင်းဘီနက်နှင့် လူနှစ်ယောက် မတ်တပ်ရပ်နေတာကို တွေ့လိုက်ရပြန်၏။ စုစုပေါင်းသုံးယောက်။

"အသားအနှစ်တွေ. . . ဘယ်မှာလဲ၊ ဘယ်မှာဖွက်ထားသလဲ မိစ္ဆာမောင်နှံ။ နင်တို့မပြောရင် နင်တို့ဒုက္ခရောက်ပြီမှတ်။ ငါ့နောက်မှာ အင်အားမရှိဘဲနဲ့ နင်တို့လင်မယားကို ငါစိန်မခေါ်ဘူး။ အင်အားရှိလို့ စိန်ခေါ်ပြီးလာတွေ့တာ။ ငါက နင်တို့ရဲ့ဆရာပါ။ မဖဲဝါ





ဆိုတာ နာနာဘာဝတွေကို အုပ်စီးတယ်။ နင်တို့မိစ္ဆာမောင်နှံကိုလည်း ငါအုပ်စီးတယ်။ ငါ့အပေါ် သစ္စာမဲ့ပြီး အရင်လိုတစ်ခါလိုလုပ်ကြံမရဘူးမှတ်ထား။ ငါရသင့်တဲ့ အသားအနှစ်ဝေစုကို နင်တို့ဖြတ်လုပြီး ငါ့ကိုလုပ်ကြံလိုက်တာ ငါလုံးဝမကျေနပ်ဘူး။ ငါကျေနပ်စေချင်ရင် ဝေစုသုံးပုံမှာ ငါ့ကို နှစ်ပုံပေး။ မပေးလို့ကတော့ အကုန်ဒုက္ခရောက်အောင် ငါလုပ်ပစ်မယ်"

"နင်လုပ်ချင်တိုင်း လုပ်လို့ရမယ်ထင်သလား။ နင့်လိုမိန်းမမျိုးလောက်ကတော့ ငါလိုကောင်က အရည်ကျိုသောက်ပစ်လိုက်လို့ရတယ် နားလည်လား. . ."

"ဟုတ်တယ်. . . ငါတို့က မိစ္ဆာမောင်နှံဆိုရင် ငါတို့လိပ်ပြာကို နင်ရှုတ်လို့ဘယ်ရမှာလဲ။ နင် တော်တော်အသက်ပြင်းတယ်။ ဟိုတစ်ခါလုပ်ကြံတာ မသေဘူး။ နင့်ခေါင်းကို ငါကိုယ်တိုင်ရိုက်ပြီး မြေမြှုပ်ခဲ့တာတောင် မသေဘူး။ မြေကြီးယက်ဖောက်ပြီး အရူးမဘဝနဲ့ လျှောက်သွားနေတယ်။ နင့်ကို လူမြင်ကွင်းမှာ ထပ်လုပ်ကြံလို့မဖြစ်လို့ သချိုင်းထဲ လျှောက်သွားနေတာကို လိုက်ရှာတော့လည်း နင်က ဆေါးမ၊ ဖမ်းမမိဘူး။ ရူးနေတာပဲဆိုပြီး လွှတ်ပေးထားလိုက်မိတာ ငါတို့အမှားပဲ။ ဒီတစ်ခါတော့ နင်မလွတ်စေရဘူး"

မိစ္ဆာလင်မယားပြောလိုက်တဲ့စကားအဆုံးမှာ မဖဲဝါ အပမှီ



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့အရူးမလေးက တဟားဟားနဲ့ မိန်းမရွှင်အသံပေါက်အောင် ရယ်မောလိုက်တယ်။

မကြာဘူး။ ရယ်သံကို တိခနဲရပ်လိုက်ပြီး. . .

"ကားတစ်စီးနဲ့ ပွတ်တိုက်မိပြီး ကတ္တရာလမ်းပေါ် ခေါင်းနဲ့ ထိခိုက်လဲပြိုခဲ့လို့ ကားသမားက ဆေးရုံပို့ပေးခဲ့တယ်။ ဆေးရုံမှာ ငါအတိတ်မေ့နေတာ ပြန်သတိရခဲ့တယ်။ ငါကံပြန်ကောင်းလာတာ နင်တို့အတွက် ကံပြန်ဆိုးစေဖို့ပဲ။ ကြာပါတယ် ဘယ်မှာလဲ ရွှေချောင်းတွေ။ ငါ့ဘက်က တစ်ထစ်လျှော့ပေးမယ်။ ရွှေချောင်းတွေ သုံးပုံပုံလိုက်. . . တစ်ယောက်တစ်ပုံစီ ခွဲယူမယ်။ ဒီလိုမှမဟုတ်ရင် ရဲတိုင်လိုက်မယ်။ လူသတ်မှုနဲ့ နင်တို့လင်မယား အဖမ်းခံရမှာပဲ"

မိစ္ဆာယောကျ်ားက. . .

"တိုင်လေ. . . နင်တိုင်ရဲလို့လား။ နင်ပါ ကြံရာပါဖြစ်နေတာပဲဟာ"

မောင်ဘုန်း နားစွင့်ရင်း ထိုအသံကို ကြားဖူးသလိုလိုရှိမိ၏။

မဖဲဝါဝင်ပူးသောအရူးမက. . .

"နင်တို့လင်မယား လောဘကြီးလွန်းတယ်။ မတရားလုပ်လွန်းတယ်။ သူခိုးလက်က သူဝှက်လုပြီး ဖျက်ကျတာ၊ ကောက်ကျစ်ယုတ်မာတဲ့နေရာမှာ ကန်းကုန်တယ်"





"ဘာဖြစ်လဲ. . . ငါတို့ချမ်းသာဖို့ ဘနဖူးလည်း သိုက်တူးရမှာပဲ။ ငါတို့လင်မယား နင့်ကိုသတ်ပြီး ရွှေချောင်းတွေသယ်ပြီး လစ်ပြေးတော့မယ်။ နင် ရဲကိုလက်တို့ထားတာ ငါတို့ရိပ်မိတယ်။ ရဲက လူပျောက်မှုနဲ့လိုက်ရင်း လူသတ်မှုဖြစ်တယ်ဆိုတာကိုသိသွားလို့ ငါတို့နားမှာ လှည့်ပတ်စုံစမ်းနေတာ။ ဒီကြားထဲ မောင်ဘုန်းဆိုတဲ့ကောင်က ဝင်ရှုပ်နေတာနဲ့ ရွှေချောင်းတွေ စောစောရွှေ့ပြောင်းချင်တာ ပြောင်းမရဘူးဖြစ်နေတယ်",

"ဟင်! ရွှေချောင်းတွေက ဒီသချိုင်းထဲမှာ။ ဟုတ်လား ဖိုးညို"

"ဟုတ်တယ်. . . နင်က သေလူဆိုတော့ ဖွင့်ပြောပြလိုက်ပြီ။ ငါ့မိန်းမအဖေရဲ့အုတ်ဂူအောက်က မြေတိုက်ထဲမှာမြှုပ်ထားတယ်"

သေချာသွားပြီ။ ဖိုးညိုတို့လင်မယားဆိုတာ လုံးဝကိုသေချာသွားပါပြီ။

မဖဲဝါဝင်စီးတတ်သောသူမက. . .

"စိုင်းအောင်ကို ငါမျှားခေါ်လာတာ။ စိုင်းအောင်က ငါ့အလှကွန်ယက်မှာ မိနေတာ။ ငါက သေဆိုသေ၊ ရှင်ဆိုရှင်ပဲ။ စိုင်းအောင်က နယ်စပ်က မှောင်ခိုဂိုဏ်းကြီးပိုင်ဆိုင်တဲ့ ရွှေချောင်းအချောင်းတစ်ရာကို ခိုးထုတ်လာတာ၊ ငါနဲ့ထွက်ပြေးပြီးရှောင်တော့ ငါက နင်တို့တည်းခိုခန်းမှာ တည်းပြီးရှောင်လိုက်တယ်။ နင်တို့ဆီမှာ စင်



www.burmeseclassic.com

www.burmeseclassic.com



တင်တေးဂီတလုပ်တုန်းက ငါက သီချင်းဆိုဖူးတာကိုး။ နောက်တော့ နယ်စပ်ဘက် အလုပ်သစ်ရှာရင်း စိုင်းအောင်နဲ့တွေ့ခဲ့ရတယ်။ နင်တို့လင်မယားနဲ့ ငါက ခင်နေတော့ စိုင်းအောင်မှာ ရွှေချောင်းတွေ ပါလာတာသိတော့ မောင်ခိုဂိုဏ်းက စိုင်းအောင်နောက်ကို လိုက်နေမှာ။ စိုင်းအောင်ကို အပြတ်ရှင်းပြီး အစဖျောက်လိုက်ရင် ရွှေချောင်းတွေ ငါတို့ တစ်ပုံစီ ခွဲယူကြမယ်ဆိုပြီး စိုင်းအောင်ကို နင်တို့လင်မယား အဆိပ်ခတ်သတ်လိုက်တယ်လေ"

"အဲဒါဘာဖြစ်သလဲ။ သချိုင်းမှာ စိုင်းအောင်ကို သွားမြှုပ်တယ်။ နင့်ကိုပါ ငါ့မိန်းမက နောက်ကရိုက်ပြီး လုပ်ကြံလိုက်တယ်။ ရွှေစင်ဆိုတဲ့နင်က မြေမြှုပ်ခံရတာတောင် မသေဘူး။ မဖဲဝါပူးကပ်ပြီး ပြန်ထလာတာလိုလိုဘာလိုလိုနဲ့။ နင့်ကိုပြန်သတ်ဖို့ သချိုင်းထဲ လိုက်နေတော့ မောင်ဘုန်းက ကန့်လန့်ကန့်လန့်ဝင်ရှုပ်နေတာပဲ။ ဒီမြို့အနားက လူတွေရော၊ ဘေးရွာကလူတွေပါ ဒီသချိုင်းနားကို အကြောင်းမဲ့မကပ်ရဲအောင် ဒီသချိုင်းအခြောက်ကြမ်းတဲ့ပုံစံတွေ ငါတို့အမျိုးမျိုးလုပ်ပြခဲ့ရတယ်။ ငါတို့တပည့်တွေကို မီးလုံးတွေ၊ စုန်းတောက်စားသလိုမျိုး လုပ်နိုင်းတယ်။ သရဲမျက်နှာဖုံးစွပ်ပြီး ခြောက်လှန့်တယ်။ သုသာန်ကွေ့မှာ ကားတွေ စလစ်ဖြစ်ပြီးမှောက်အောင် ချောဆီတွေလောင်းတယ်။ ကားမှောက်ပြီးသေကြ၊ ခြောက်ကြလှန့်





ကြ။ ဒါမှ. . . သချိုင်းနားကို ဘယ်သူမှမကပ်တော့မှာပေါ့။ လူတွေ မကပ်ရဲကြတော့ပေမယ့် ခေါင်းမာတဲ့မောင်ဘုန်းက ရန်ကုန်ပြန်နိုင်းတာ မပြန်ဘူး၊ ဝင်ရှုပ်နေတယ်။ ဦးတောင်ကျော်ကို နှင်ခိုင်းတော့လည်း. . . ဒီအတိုင်းကြီးမနှင်ချင်ဘူး၊ မောင်ဘုန်းဘာသာ ကြောက်လန့်ပြီး ပြန်သွားအောင် သူတမင်ခြောက်ထုတ်ပါ့မယ်တဲ့"

လက်စသတ်တော့ ဖိုးညီက အကြံကြီးပြီး ဦးတောင်ကျော်ကို သူ့လူကိုယ်ဘက်သားဖြစ်အောင် သိမ်းသွင်းထားတာကိုး။

"ကြာပါတယ်ကွာ. . .၊ နင့်ကိုငါ မြန်မြန်သတ်တာပဲ အေးလိမ့်မယ်။ ကဲ. . . ငါလာပြီ"

ဖိုးညီက ခလုတ်နှိပ်ဓားကို 'ဖျောက်'ခနဲ ဖွင့်လိုက်၏။ ရွှေစင့်အနားကို စိုင်းအောင် ကပ်သွားစဉ် ဘွားခနဲ (၇)ပေလောက်ရှည်သည့် မျောက်ဝံခေါင်းနှင့်အမွေးရှည်ကောင်ကြီး ပေါ်လာပြီး ရွှေစင်ရှေ့က မားမားမတ်မတ်ရပ်လိုက်၏။

"ရွှေစင့်ကိုမထိနဲ့. . . မီးပွင့်သွားမယ်"

"ဩော် သစ္စာဖောက်စိန်ကြီး၊ ငါ့ဆိုင်က ဝိတ်တာကောင်။ မင်းကို ဒီသချိုင်းထဲမှာ ဒီပဲဘ်စုံကြီးနဲ့ခြောက်လှန့်ပြီး ရွှေစင်ကိုသုတ်သင်နိုင်းတာ၊ မင်းက မသုတ်သင်ဘဲ ရွှေစင်နဲ့တောင် ရင်းနှီးပြီ ရွှေစင့်လူဖြစ်သွားပြီလား. . . တောက်! "



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျွန်မရဲ့အားကိုးရာပဲ ဖိုးညီ"

မောင်ဘုန်းတစ်ယောက် အရုပ်ခေါင်းကြီးစွပ်ထားပြီး ဗွီဒီယို တိတ်ဖလင်တွေ ထပ်ချုပ်ထားသည့် ဝတ်စုံဝတ်ထားသည့်မျောက် ဝံခေါင်းနဲ့အကောင်ကြီးကို ချက်ချင်းမှတ်မိလိုက်၏။ ပယောဂကု ဆရာကိုခြောက်လှန့်ခဲ့တဲ့အထဲမှာ ပါခဲ့သည့်အကောင်ကြီးပင်။

ဒီအချိန်မှာပဲ လေတွေ ဝူးဝူးဝေါဝေါတိုက်ခတ်လာ၏။

"အီးဟီးဟီး. . . အူးဟူးဟူး. . . အားဟားဟား"

"ကြားလား. . . ရွှေစင်ဆိုတဲ့ ကျွန်မရဲ့မိတ်ဆွေတွေ ထွက် ပေါ်လာကြပြီလေ။ သူတို့ကတော့ မဖဲဝါနဲ့အဖော်အပေါင်းတွေပေါ့။ ဟင်း. . . ဟင်း. . . ဟင်း. . . သိပ်ကြောက်သွားပြီလား။ သနားပါ တယ်. . . ဖိုးညီတို့လင်မယားရယ်"

ဖိုးညီမိန်းမက လက်ခုပ်သုံးချက် တီးလိုက်၏။

"အောင်ဝင်းနဲ့ အေးမောင်ဇော်. . . လာခဲ့ကြစမ်း"

ပေါ်ထွက်မလာ။ စွန့်လွှတ်ခဲ့ကြသောဝိတ်တာနှစ်ဦးကိုခေါ် နေခြင်းဖြစ်၏။

အခြေအနေက ရှုပ်ထွေးနေလေပြီ။ မောင်ဘုန်း ဘာလုပ် ရမယ်မှန်းမသိဖြစ်နေစဉ်မှာ မောင်ဘုန်းဘေးက အရိပ်မည်းမည်း တွေဖြတ်သွား၏။ မြေကြီးပေါ်မှာ လမ်းလျှောက်သလိုမသွား။ မြေ





ပြင်ပေါ်မှာ ရှပ်တိုက်မျှောဲသွား၏။ ဇရပ်ထုတ်တန်းပေါ်မှာ ပျံတက် သွားပြီး စီတန်းရပ်နေကြ၏။

"ဝှီး. . . အီး. . . ဟီး. . . ဟီး. . . ဟီး"

"ဟိုး. . . အိုး. . . ဟိုး. . . အိုး. . . ခီး. . . ခီး. . . ခီး. . . ခီး"

အလယ်က အနက်ရောင်ဝတ်စုံရှည်၊ ဆံပင်ဖားလျားကြီး မှာ မဖဲဝါဖြစ်လိမ့်မည်ထင်၏။

ဖိုးညီတို့လင်မယား အကြောက်လွန်ပြီး တစ်ယောက်ကိုတစ် ယောက် ဖက်ပွေ့ထား၏။ သေစာရင်းထဲမှာ သူတို့လင်မယားပါနေ ၏။ ရွှေစင်က အရုပ်ကြီးကိုလက်နှင့်ပုတ်ပြီး. . .

"သူတို့နှစ်ယောက်ကို ရှင်ပဲ သုတ်သင်လိုက်ပါ။ ကျွန်မက ရှင့်လူဖြစ်သွားပြီ။ ရွှေချောင်းတွေရှိတဲ့နေရာလည်း သိနေပြီပဲ။ သေ လူဖြစ်သွားပြီ။ သေလူဖြစ်သွားတဲ့လင်မယားကို ငရဲပို့လိုက်ပါတော့။ ဟင်းဟင်းဟင်း. . ."

အရုပ်ကြီးက သူ့ကိုယ်ထဲဝှက်လာသည့် ကင်ဒိုဓားကြီးကိုဆွဲ ထုတ်လိုက်၏။ ဖိုးညီတို့ ဇရပ်အပေါက်ဝဘက်ကို ထွက်ပြေးဖို့ပြင် တော့ မည်းမည်းကြီးတစ်ကောင် အပေါက်ဝမှထွက်ပေါ်လာ၏။

ရွှေစင်က မထီမဲ့မြင်ဟန်ဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရှင်တို့လူပါ၊ ဓားကိုင်ကျော်စွာလေ၊ လူဟောင်းကြီးလေ။ ရှင်တို့ဆိုင်မှာ ကျွန်မ ကာရာအိုကေဆိုတုန်းကတည်းက. . . ကျွန်မကိုကြိတ်ပိုးနေတဲ့လူပေါ့။ ခုတော့ သူ့ကို ကျွန်မဘက်ပါအောင် စည်းရုံးလိုက်ပြီ။ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်လိုက်တာလေ၊ အချိန်တိုတိုအတွင်းမှာ ရှင့်လူတွေ ကျွန်မဘက်ပါကုန်တာ ကျွန်မရဲ့အရည်အချင်းပေါ့။ ရှင်တို့ ခံရမယ့်အချိန်ရောက်ပြီ။ ပြေးလည်း မလွတ်တော့ဘူးမှတ်လိုက်. . . ခစ်ခစ်ခစ်. . ."

ဇာတ်ရည် တဖြည်းဖြည်းလည်လာပြီ။ ဇရပ်ထုတ်တန်းမှာ လေထဲရပ်သလိုရပ်နေတဲ့ မဖဲဝါအဖွဲ့ကလည်း အခြေအနေကိုငြိမ် ကြည့်နေကြ၏။

ဖိုးညီတို့လင်မယားကို အရုပ်စွပ်ကြီးက ဓားနှင့်ပိုင်းဖို့အလုပ်မှာ၊ မောင်ဘုန်း ချုံထဲကနေ ခုန်ထွက်လိုက်ပြီး. . .

"ဟိတ်လူတွေ. . . ခဏနေဦး"

မောင်ဘုန်း ဇရပ်ပေါ်တက်လာတာကို တအံ့တသြနှင့်ဝိုင်း ကြည့်ကုန်ကြ၏။ မောင်ဘုန်းက ခပ်တည်တည်နှင့် ဖိုးညီတို့ရှေ့က ဝင်ရပ်လိုက်ပြီး. . .

"သူတို့နှစ်ယောက်ကို မသတ်ပါနဲ့။ သူတို့မှာ အပြစ်ရှိရင် တရားဥပဒေအတိုင်း စီရင်ပါလိမ့်မယ်။ လွှတ်ပေးလိုက်ပါ"





"ဩော်. . . ရှေ့ပ်ကောင်၊ ငါတို့ကြားထဲမှာ ပတ်လည်လိုက် ရှုပ်နေတဲ့ မောင်ဘုန်းဆိုတဲ့စာရေးဆရာ။ ခု. . . ဘာလဲ ဟီးရိုး လာလုပ်တာလား။ ရှုပ်ပါတယ်။ ဒီကောင့်ကိုပါ အပြတ်ရှင်းပစ် လိုက်"

အရုပ်ကြီးက ဓားနှင့်ပြေးပိုင်းဖို့အပြင်မှာ မောင်ဘုန်းက ချုံပုတ်ထဲက ကောက်လာသည့် လူလက်ဖျံရိုးကြီးနှင့် လှမ်းပေါက် လိုက်၏။

"ဘုတ်"

"ဟား. . . ဟား. . . ဟား"

အရုပ်ကြီးထဲကလူက ရယ်ပြီး၊ အားမာန်သွင်းကာ. . .

"ယား. . ."

"ဖိုးညီတို့နောက်ဆုတ်"

မောင်ဘုန်းက ဓားပိုင်းချက်ကို နောက်ဆုတ်ရှောင်လိုက်၏။ အပေါက်ဝက ဓားကိုင်ကျော်စွာက ဓားမြှောင်နှင့်ပြေးထိုးလာပြန် ၏။ မောင်ဘုန်းက ကန်းထရိုးရှူးနှင့် ဆောင့်ကန်လိုက်၏။

"ဖုန်း! "

"အား. . ."

"ချလွမ်း! "



www.burmeseclassic.com

www.burmeseclassic.com



ဓားလွတ်ကျသွား၏။ အရုပ်ကြီးက ဓားနှင့်ပိုင်းခုတ်ပြန်၏၊ မောင်ဘုန်းငုံ့ရှောင်လိုက်တော့ ဆံပင်ဖျားတချို့ ပြတ်ထွက်သွား၏။ မောင်ဘုန်းက အရုပ်ကြီးကို ဆောင့်တွန်းပြီး ကန်းထရီးရှူး ဒေါက်ချွန်နှင့် အရုပ်ကြီးရဲ့ဝမ်းဗိုက်ကိုစောင့်ကန်လိုက်၏။

"အွပ်"

အရုပ်ကြီးဗိုက်ကို လက်တစ်ဖက်နှင့်ဖိရင်း နောက်ဆုတ်သွား၏။ မောင်ဘုန်းက ဆက်တိုက်လိုက်ကန်လိုက်ရာ အရုပ်ခေါင်းရှည်ကြီးပြုတ်ထွက်သွားပြီး အထဲက လူခေါင်းပေါ်လာ၏။ ဒီကောင့်မှတံတောင်နှင့်ထောင်းပြီး တစ်ရေးသိပ်လိုက်ရ၏။

မောင်ဘုန်းက ကာရာတေးသင်တန်းတက်ပြီး ခါးပတ်နက်ရထားသူမို့ ပြန်လည်တိုက်ခိုက်နိုင်ခြင်းဖြစ်၏။

အားကိုင်ကျော်စွာက ဓားကိုပြန်ကောက်ပြီး လှမ်းပေါက်ဖို့အပြင်မှာ. . .

"ဟော့! တစ်ယောက်မှမလှုပ်နဲ့။ မင်းတို့ကို ဝိုင်းထားပြီးပြီ၊ လက်ထဲကဓားကိုချလိုက်စမ်း"

"ချလွှမ်း"

ဒုရဲအုပ်ဇော်မျိုးနောင်နှင့် ရဲသားလေးဦး ရောက်လာပြီး ဖမ်းဆီးလိုက်၏။ ရွှေစင်က ထွက်ပြေးဖို့အပြင်မှာ ဒုရဲအုပ်ကိုယ်တိုင်





သက်ထိပ်ခတ်လိုက်၏၊ ဖိုးညီတို့လင်မယားကိုပါ ဖမ်းဆီးလိုက်၏။

"မောင်ဘုန်းတို့ပြောဆိုနေတာတွေ ငါတို့အကုန်ကြားတယ်၊ သတ်ပုတ်ကုန်ကြတော့ အချိန်မီထွက်ဖမ်းမလို့ဟာ၊ သူတို့နောက်ကိုလိုက်နေတာကြာပြီ။ အဓိကလူသတ်တရားခံက ဖိုးညီတို့လင်မယားပေါ့. . .။ ရွှေစင်ကတော့ ကြံရာပါ။ ရွှေချောင်းတွေကိုပြန်ဖော်ပြီး သက်ဆိုင်ရာကိုအပ်ရမယ်"

"ရွှေချောင်းတွေက အုတ်ဂူထဲမှာ ဘယ်လိုမြှုပ်ထားတာလဲ"

မောင်ဘုန်းက နားမလည်လို့မေးလိုက်၏၊ ဒုရဲအုပ်က. . .

"စခန်းရောက်မှကြည့်ရှင်း. . . မောင်ဘုန်းကိုလည်း စခန်းရောက်မှပဲ ရှင်းပြတော့မယ်" တဲ့။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း ( ၂၃ )

ဇရပ်ထုတ်တန်းမှာ စက်သီးကြိုးနှင့်ဆွဲထားသော ကောက်ရိုးရုပ်ကို အဝတ်နက်ဆင်ပေးထားသည့် ဆံပင်တုစွပ်အရုပ်ကြီးတွေကို ရဲသားတစ်ယောက်က ဖြုတ်ချနေ၏။

"မဖဲဝါနဲ့အဖွဲ့သားတွေ အယောင်ဆောင်လုပ်ထားတဲ့အရုပ်တွေပဲ။ တော်တန်ရုံလူဆိုရင် လန့်သေသွားနိုင်တယ်"

ည (၁)နာရီထိုးကြီး ဇရပ်ပေါ်မှာ လာရောက်ရှင်းလင်းနေကြခြင်းဖြစ်၏။ စခန်းကို မောင်ဘုန်းလိုက်သွားပြီးမှ ပြန်ရောက်လာခြင်းပင်။ ဒီနေ့တစ်ရက်တာ ကုန်ဆုံးသွားလေပြီ။

အိပ်မက်ဆိုးထဲကလို ဘာမှဖြစ်မလာတော့။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း ( ၂၃ )

ဇရပ်ထုတ်တန်းမှာ စက်သီးကြိုးနှင့်ဆွဲထားသော ကောက်ရိုးရုပ်ကို အဝတ်နက်ဆင်ပေးထားသည့် ဆံပင်တုစွပ်အရုပ်ကြီးတွေကို ရဲသားတစ်ယောက်က ဖြုတ်ချနေ၏။

"မဖဲဝါနဲ့အဖွဲ့သားတွေ အယောင်ဆောင်လုပ်ထားတဲ့အရုပ်တွေပဲ။ တော်တန်ရုံလူဆိုရင် လန့်သေသွားနိုင်တယ်"

ည (၁)နာရီထိုးကြီး ဇရပ်ပေါ်မှာ လာရောက်ရှင်းလင်းနေကြခြင်းဖြစ်၏။ စခန်းကို မောင်ဘုန်းလိုက်သွားပြီးမှ ပြန်ရောက်လာခြင်းပင်။ ဒီနေ့တစ်ရက်တာ ကုန်ဆုံးသွားလေပြီ။

အိပ်မက်ဆိုးထဲကလို ဘာမှဖြစ်မလာတော့။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သဘောပေါက်ပါတယ်။ ရထားတွေ၊ ကားတွေ အန္တရာယ်ကင်းရှင်းအောင်သာ ဦးကျော်စောင့်ရှောက်နေရစ်ခဲ့ပါလေ။ အဲဒါ. . . ဦးကျော်ကို ကျွန်တော့်ရဲ့စေတနာပြစ်ဒဏ် ချမှတ်လိုက်တာပဲ"

ဦးတောင်ကျော်က ငေးငေးရီရီပြန်ကြည့်ပြီး ခေါင်းတဆတ်ဆတ်လုပ်ပြ၏။ ဂိတ်လမ်းပေါ်ရောက်လာသည့် တောင်ပေါ်သားအိတ်စပရက်ကားကို လက်ပြကာ တားဆီးလိုက်၏။ လူချောင်နေ၍ တင်ခေါ်လေသည်။

ငြိမ့်နေသောကားကြီးထဲကနေ သုသာန်ကွေ့ကို လှမ်းကြည့်လိုက်မိ၏။

မောင်ဘုန်း မျက်စိစုံမှိတ်ထားလိုက်၏။

ဖိုးညီတို့ဘီယာဆိုင်လေး ပိတ်ထားတာကို လှမ်းမကြည့်ဖြစ်တော့။

ကားက မြို့ကလေးကို ဖြတ်သန်းသွားနေ၏။

"ကျွီ"

ရုတ်တရက် ကားဘရိတ်ဆောင့်အုပ်လိုက်၏။ ကားရှေ့မှာ ရပ်ကနေသော (တစ်ခါက မောင်ဘုန်းဆီက ထမင်းလုစားပြီး နောက်ကအတင်းလိုက်ခဲ့သည့်) အရူးမကြီးဖြစ်နေ၏။





အရူးမကြီးက ကားဘေးကို ရောက်လာသောအခါ မောင်ဘုန်းကို စိမ်းစိမ်းစူးစူးကြီးစိုက်ကြည့်နေ၏။

"ဂရား"ခနဲအော်သံနက်ကြီးနှင့် မြဲခြောက်ပြလိုက်သောအခါ မောင်ဘုန်းလည်းလန့်ပြီး အားခနဲအော်ဟစ်လိုက်မိတော့၏။ သူမ ပါးစပ်ထဲမှာ လက်နှစ်သစ်ခန့်အရာကြီးကို ရုတ်တရက်တွေ့လိုက်ရသောကြောင့် လန့်ဖျပ်အော်မိသွားခြင်းဖြစ်လေသတည်း။

ဘုန်းမီးနေလ

BURMESE CLASSIC .com

www.burmeseclassic.com